
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

# SHALOM Magazine

2014-2015



# Wash one another's FEET

*John 13:14 , Mark 10:5*

# ဥယျာဉ်

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ ၂၀၁၄-၂၀၁၅ စာသင်နှစ်၏ ရှာလုမ်စာစောင်ကို ထုတ်ဝေနိုင်သည့်အတွက် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ ဝိုင်းဝန်းကူညီ ဖေးမသူတစ်ဦးစီ အား အထူး ကျေးဇူး တင်ရှိပါသည်။

ဘုရားသခင်၏အမှုတော်မြတ်ကို ဆောင်ရွက်ရာ၌ သခင်ခရစ်တော်ကို နမူနာယူ၍ ခိုင်မာ ပြတ်သားသည့် ခံယူချက် စိတ်သဘောထားများဖြင့် ဆောင်ရွက်ရပါမည်။ ခရစ်တော် ပြခဲ့သည့် နမူနာ များအနက် အရေးကြီးသည့်အရာတစ်ခုမှာ မိမိ တပည့်တော်များ၏ခြေကို ဆေးခြင်းဖြင့် အစေခံ ခေါင်းဆောင်၏ အနှစ်သာရကို ဖော်ပြခဲ့ခြင်း ဖြစ်သည်။ (ယောဟန် ၁၃း၁-၁၇)

အမှုတော်ဆောင်ခြင်းသည် ကိုယ်ကျိုးအတွက်မဟုတ်၊ မိမိကျရာနေရာ၌ ဘုရားသခင်၏ အသုံးတော်ခံမည် ဟူသည့် အစေခံတစ်ဦး၏ နှလုံးသားဖြင့် အသင့်ဖြစ်ခြင်း၊ မိမိကိုယ်တိုင် လက်တွေ့ ပါဝင်လုပ်ဆောင်ခြင်း ဖြစ်သည်။ ဤအချက်ကို ဦးတည်၍ ယခုစာသင်နှစ်အတွင်း မိမိတို့၏ အသက် တာကို ပြင်ဆင်ဆက်ကပ်နေသည့် ဓမ္မတက္ကသိုလ် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ နှင့် ဝန်ထမ်းများအတွက် သတိရဆုတောင်းပေးလျက်၊ လိုအပ်သည့် ကူညီပံ့ပိုးမှုများကိုလည်း ဆက်လက် ပြုလုပ်ပေးပါရန် မေတ္တာရပ်ခံပါသည်။

ဤရှာလုမ်စာစောင်အားဖြင့် မိတ်ဆွေတို့အပေါ် ဘုရားသခင် ကောင်းကြီးကြွယ်ဝစွာ သက်ရောက် တည်ရှိပါစေ။

ငါသည် သခင်ဖြစ်လျက်၊ အရှင်ဘုရားဖြစ်လျက်နှင့် သင်တို့၏ခြေကို ဆေးလျှင်၊ သင်တို့သည် အချင်းချင်းတို့၏ ခြေကို ဆေးကြရမည်။ (ယောဟန် ၁၃း၁၄)




ကျေးဇူးတင်လျက် ၊


ဘုန်းတော်ကြီးဒေါက်တာရမ္မေလစံမြတ်ရွှေ
ကျောင်းအုပ်ကြီး၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်



Rev. Dr. Samuel San Myat Shwe (B.Th, Ph.D)
Principle



Rev. Canon Dr. Mark Saw Maung Doe
B.A, B.D, M.Th, Ph.D



Sayagyi U Aung Hla Tun (lecturer)
E.Enn;(Met), M.E;(Met)



Rev. Dr. Andrew Zaw Lwin
B.A., M.Div, Th.m, D.Min



Rev. Dr. Simon Be Bin Htu (Lecturer)
B.Sc, M.Div, M.Th, D.Min



Rev. Salai David (Asst; Lecturer)
B.A, B.Th, M.C.A.S







Rev. Dr. Paul Myint Htet Htin Ya
B.A, M.Div, M.Th, D.Th



Rev. Alan Kyaw Myo Naing
B.A, B.Th, M.Div, D.Min(Candidate, Malaysia)



Rev. Aung Myo Tun
B.Th, B.A, M.A.C.S



Rev. Kyaw Nyunt
(M.Phil)



Rev. Smith Ngut Za Thawng (Lecturer)
B.Sc, B.R.E, M.Th. (F.D.CS)



Sayama Naw Sheba Movin
(B.A)




Sayama Saga Hlawng Tawang (Lecturer)
B.Sc, B.R.E, M.A.C.E



Sayama Mary Hnin Hnin Aye
B.Th, M.T.S (Virginia Theological Seminary),
M.Th (Trinity Heological College, Singapore)


Rev. Moses Kaser Htaw
(Assistant Lecturer)


Saya Aih Enoka (Assistant Lecturer)
B.Th, M.Div


Saya Saw Klay Saw


Saya Klo Htoo Wah


Saya Brang Aung


U Saw Myat Thinn (Keeper)


Nant Yi Yi Win (Cook)


Saw David (Gardener)


U John A One


Nant Thandar, Naw Martha, Nant Sun Paung
(Office Staff)


Naw Mercy See Sein Soe (Library Staff)
Saw John Hter Lwin (Librarian), Daw Wai Wai Myint (Asst. Librarian)






FIRST YEAR STUDENTS (2014-2015)


SECOND YEAR STUDENTS (2014-2015)



THIRD YEAR STUDENTS (2014-2015)



FINAL YEAR STUDENTS (2014-2015)







STUDENT COUNCIL (2014-2015)



SHALOM NAGAZINE COMITTE (2014-2015)



STUDENTS FROM TAUNGOO DIOCESE (2014-2015)



STUDENTS FROM HPA-AN DIOCESE (2014-2015)



STUDENTS FROM SITTWE DIOCESE (2014-2015)







Special Student Yangon



STUDENTS FROM MANDALAY DIOCESE (2014-2015)



STUDENTS FROM YANGON DIOCESE (2014-2015)



STUDENTS FROM MYITTKYINA DIOCESE (2014-2015)



# လှုပ်ရှားမှု မှတ်တမ်းပုံရိပ်များ









SHALOM Magazine


















လှုပ်ရှားမှု မှတ်တမ်းပုံရိပ်များ








SHALOM Magazine

# အယ်ဒီတာ့စကား

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ရှာလုမ်မဂ္ဂဇင်းမှာ ပါဝင်ဆက်ကပ် အသုံးတော်ခံခွင့် ရသည့်အတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ရှာလုမ်မဂ္ဂဇင်းဖြစ်မြောက်ရန်အတွက် အခက်အခဲရှိသော်လည်း ဘုရားသခင်၏ ကောင်းချီးပေးခြင်းနှင့် တာဝန်ရှိသူများတို့၏ ဝိုင်းဝန်းကူညီပေးမှုကြောင့် ရှာလုမ်မဂ္ဂဇင်းကို ထုတ်ဝေနိုင်ခဲ့ကြောင်း ကျေးဇူးတော် ချီးမွမ်းပါသည်။

လူတိုင်းသည် မိမိမလုပ်ချင်သောအရာများနှင့် မိမိစိတ်မဝင်စားသောအရာများကို ထမ်းဆောင်ရပါက ပျော်ရွှင်မှုနှင့် စိတ်ကျေနပ်မှု ရရှိနိုင်မည် မဟုတ်ပေ။ လုပ်ဆောင်သောအရာများအပေါ်တွင်လည်း အောင်မြင်သင့်သလောက် အောင်မြင်မှုရရှိနိုင်မည် မဟုတ်ကြောင်းကို ကျွန်တော် ယုံကြည်ပါသည်။ တစ်ဖက်မှာလည်း ဘုရားသခင်၏ခေါ်တော်မူခြင်းကို ခံရသောကြောင့် မိမိတို့၏ဆန္ဒအတိုင်း လိုက်၍ ဘုရားသခင်၏ အလိုတော်ကို ငြင်းဆန်လို့ရမည် မဟုတ်ပေ။ ဘုရားသခင်က မိမိအသုံးပြုလိုသောသူတို့သည် မရရအောင် နည်းလမ်းများကိုသုံးပြီး အသုံးပြုသွားမည် ဖြစ်ပါသည်။ ဘုရားသခင်၏ ခေါ်တော်မူခြင်းကို ခံရသောသူတို့သည် ဘုရားသခင်စေခိုင်းတော်မူသောအရာများကို လုပ်ဆောင်ခြင်းမရှိဘဲ ရှောင်ရှားနေပါက ထိုနောက်ဆက်တွဲရလဒ်သည် ကောင်းမည်မဟုတ်ပေ။ မိမိတစ်ကိုယ်တည်းသာမက တစ်ပါးသူတို့ပါ မိမိကြောင့် ဒုက္ခရောက်ရှိသွားနိုင်မည် ဖြစ်ပါသည်။ ခေါ်တော်မူခြင်းကို ခံရသောသူတို့သည် မိမိတို့၏ ဘဝအသက်တာကို အမြဲပင်ဆန်းစစ်၍ သုံးသပ်ရမည်ဖြစ်ပါသည်။ ဘုရားသခင်၏အလိုတော် (သို့) ခေါ်တော်မူရခြင်းအကြောင်းကို သိရှိမှ၊ နားလည်သဘောပေါက်မှသာလျှင် မိမိသည် မည်သည့်အရာများ လုပ်ဆောင်ရမည်ကို ရှင်းရှင်းလင်းလင်း သိမြင်လာနိုင်မည် ဖြစ်ပါသည်။ ဝမ်းမြောက်ပျော်ရွှင်စွာဖြင့် ထမ်းဆောင်သွားနိုင်မည် ဖြစ်ပါသည်။ ခေါင်းဆောင်တစ်ယောက်အနေဖြင့် တာဝန်ခန့်အပ်ထားခြင်း ခံရခြင်းသည် သူတစ်ပါးကို လက်ညှိုးထိုး၍ စေခိုင်းရန် မဖြစ်သင့်ပေ။ အတူတကွ လက်တွဲ၍ အလုပ်လုပ်ရမည် ဖြစ်သည်။ မိမိသည် မည်သူဖြစ်၍၊ မည်သည့်နေရာတွင် ရှိနေ၊ မည်သည့်အရာများလုပ်ဆောင်နေသည်ကို မိမိတို့ကိုယ်တိုင် သိရှိနားလည်ရမည် ဖြစ်သည်။ ဘွဲ့တော်ကြီးဖြစ်မှ အမှုတော်ဆောင်ရသည်ဟူသော ဆောင်ပုဒ်ကို၊ ရှေးယခင်က ဖော်ပြထားခြင်းမရှိခဲ့ပေ။ ယခုတွင်လည်း ရေးသားထားခြင်း မရှိပေ။ နောင်တွင်လည်း ရှိမည်မဟုတ်ပေ။ မိမိသည် အမှုတော်ဆောင်တစ်ပါးမဟုတ်သော်လည်း မိမိတို့ရှိနေသည့် နေရာတွင် အမှုတော်ဆောင်နိုင်ပါသည်။ အမှန်တကယ် အကူအညီလိုအပ်သောသူများနှင့် အခက်အခဲတွေကြုံနေရသော သူများကို ကူညီပေးခြင်းသည် အမှုတော်ဆောင်ခြင်း နည်းလမ်းတစ်ခုပင်ဖြစ်သည်။ သူတစ်ပါးအတွက် ငါဘာလုပ်ပေးနေပြီလဲ၊ ငါဘာလုပ်ပေးနိုင်သလဲ ဆိုသည့်မေးခွန်းကို စဉ်းစားစေချင်လိုပါသည်။ အကူအညီ လိုအပ်သောသူများကို မြင်အောင်ကြည့်ပါ၊ ကြည့်ဖြစ်အောင် ကြည့်ပါ လို့ တိုက်တွန်းလိုပါသည်။

ခေါ်တော်မူခြင်းခံရသောသူတို့၏ အသက်တာသည် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ နေရပါသော်လည်း ဘုရားသခင်သည် ထိုသူတို့ကို ပစ်ထားမည်မဟုတ်ပေ။ သစ္စာရှိစွာဖြင့် အမှုတော်ထမ်း ဆောင်ရန်လိုပါသည်။ မိမိသည် အမှုတော်ဆောင်တစ်ပါးမဟုတ်သော်လည်း အမှန်တကယ် အကူအညီ လိုအပ်သောသူများကို စိတ်စေတနာဖြင့် ကူညီမစပေးပါက၊ ဘုရားသခင်သည် သင်တို့အပေါ်တွင် လက်တိုသောဘုရားမဟုတ်ပေ။ ဘုရားသခင်သည် သင်တို့ကို စောင့်ရှောက်၍ အစဉ်အမြဲကောင်းချီးပေးပါမည့်အကြောင်းကို တိုက်တွန်း ခွန်အားပေးလိုပါသည်။

အားလုံးအပေါ်တွင် ဘုရားသခင်ထံမှလာသော ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ကောင်းကြီးအမျိုးမျိုးကို ရရှိ ပိုင်ဆိုင်နိုင်ကြပါစေကြောင်း . . . .။

စောကငါစိုး (တာဝန်ခံအယ်ဒီတာ)

# ကျေးဇူးတင်စကား

၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏
တစ်ခုတည်းသော ရှာလုမ်မဂ္ဂဇင်းကို တဖန်ပြည်လည် ထုတ်ဝေရခြင်းအတွက်
ရှေးဦးစွာ ဖဘုရားရှင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။

အလင်းတစ်စက်အဖြစ် ဘုရားသခင်၏ဇာတိ၊ ဘုန်းဂုဏ်တော်အား ထွန်းလင်းစေဖို့ရန်
ဆက်ကပ်ခြင်းအမျိုးမျိုး ရှိနေပေလိမ့်မည် ဖြစ်သည်။

ထိုအထဲမှ စာပေးရေးသားခြင်းနှင့်တကွ ဘုရားသခင်၏ ဂုဏ်တော်အား ပေါ်လွင်ထင်ရှားစေရန်
ရှာလုမ်မဂ္ဂဇင်းသည်လည်း ဆက်ကပ်လျှက်ရှိနေပါသည်။

ရှာလုမ်မဂ္ဂဇင်းဖြစ်မြောက်လာစေရေးအတွက် ကူညီပါဝင်ရေးသားကြသော
စာပေပညာရှင်များ၊ စာဖတ်ပရိတ်သတ်များ၊
မဂ္ဂဇင်းစာအုပ်ဒီဇိုင်းအား ဖန်တီးပေးသော သောမတ်(စ်)နေလင်း နှင့်
ခရစ်တော်၌လုပ်ဖော်ဆောင်ဖက်အားလုံးအား
အထူး ကျေးဇူးတင်ရှိပါသည်။

ခရစ်တော်ဟူသည့် ငြိမ်သက်ခြင်းအရှင် အကြောင်း
မဂ္ဂဇင်းစာမျက်နှာတွင် တွေ့မြင်ဖတ်ရှုသူတိုင်း
ခရစ်တော်ထံမှ
ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် ဝမ်းမြောက်ခြင်း
ခံစား ရရှိပါမည့်အကြောင်းလည်း တောင်းဆုပြုလျှက် . . ။

**စောခရစ္စတီဝင်း**
**(ရှာလုမ်မဂ္ဂဇင်း သဘာပတိ)**





# ရှာလုမ်မဂ္ဂဇင်းကော်မတီ
## ၂၀၁၄ - ၂၀၁၅

| | |
|---|---|
| နာယက | ■ ဘုန်းတော်ကြီးပါမောက္ခဒေါက်တာရှမွေလစံမြတ်ရွှေ |
| အကြံပေးနှင့် စာမူစိစစ်ရေး | ■ ဘုန်းတော်ကြီးစောမိုးဇက်ကစိုထော |
| | ■ ဆရာရှမွေလစောခလေးစော |
| | ■ ဆရာဘရန်အောင် |
| တာဝန်ခံစာတည်း | ■ စောကပေါ်စိုး |
| တွဲဖက်တာဝန်ခံစာတည်း | ■ စောဘုန်းကျော်လင်း |
| သဘာပတိ | ■ စောခရစ္စတီဝင်း |
| တွဲဖက်သဘာပတိ | ■ စောဖိုးကျော်မြ |
| စာတည်းအဖွဲ့ဝင်များ | ■ ဂျိမ်းစ်အောင်ထွန်းစိုး (ကချာ) |
| | ■ စောဖိုးကျော်မြ ၊ စရှိုင်းလုကာ(ဟာသ၊ ကာတွန်း) |
| | ■ မောင်ဉာဏ်စိုးထက် (သက်သေခံချက်) |
| | ■ မောင်ရန်အောင်၊ မမေယုခင် (အင်တာဗျူး) |
| | ■ စဘိုဘို ၊ စိုးလင်းအောင် (ဆောင်းပါး) |
| | ■ ဒေးဗစ်သောက်လီ ၊ ဒေးဗစ်ဝင်းမြင့်စိုး (ဝတ္ထု) |
| ဖြန့်ချိရေးအဖွဲ့ | ■ သောမစ်ဆိုင်းတူးဂျိုင် (မြစ်ကြီးနား) |
| | ■ မောင်အိုက်ဘူ(စစ်တွေ) |
| | ■ မောင်လင်းလင်းထက်၊ ကျော်ဘိုဘိုဟန်၊ နန့်ဒေင်လိုင်း (ရန်ကုန်) |
| | ■ စောခရစ္စတီဝင်း (ဘားအံ) |
| | ■ ဆေးငယ် (မန္တလေး) |
| | ■ စောပြည့်စုံ (တောင်ငူ) |
| ရှာလုမ်ဘဏ္ဍာထိန်း | ■ နော်မြစန္ဒာ |

ဘုန်းတော်ကြီးဒေါက်တာစံမြတ်ရွှေ (ကျောင်းအုပ်ကြီး) 001 ဥယျာဇဉ်

002 ဓါတ်ပုံစာမျက်နှာများ

စောကပေါ်စိုး 013 အယ်ဒီတာ့စကား

စောခရစ္စတီဝင်း 014 ကျေးဇူးတင်စကား

015 ရှာလုမ်မဂ္ဂဇင်းကော်မတီ ၂၀၁၄-၂၀၁၅

ဒေါ်ရှိုင်းနင်းမွန်း(သန့်ရှင်းသောကားတိုင်အသင်းတော်) 018 အဆိုအမိန့်များ စုစည်းမှု

ပေသီး 019 သွားပြီ (ကဗျာ)

စောဇစ်တာ 020 ရည်ရွယ်ချက် (ကဗျာ)

အဲလစ်ဇဘက် 021 မှ . . ချစ်နေသူသို့ (ကဗျာ)

အလယ်ကလူ ငမိုက်သား 022 ရင်နာခြင်း (ကဗျာ)

ကလော 023 နိဂုံး (ကဗျာ)

ဖိုးသုည 024 သခင်ရဲ့ စေရာလမ်း (ကဗျာ)

အ၊ လူ 025 အလင်းဖြစ်စေ (ကဗျာ)

အ၊ လူ 026 Good Friday (ကဗျာ)

စောဒီမဲ 027 ခံနိုင်ရည် (ကဗျာ)

ပေသီး 028 အစေခံ (ကဗျာ)

ဒေါ်စည်စည်လျာဘိုးကဲ 029 ငြိမ်းချမ်းသော ကမ္ဘာကို တည်ဆောက်ကြပါစို့ (စာညွှန့်)

032 ကာတွန်း

034 ရင်တွင်းစကား စာမျက်နှာများ

047 ဆရာ / မ၊ ကျောင်းသူ / သား၊ ဝန်ထမ်းအင်အား (၂၀၁၄-၁၅)

ဖိုးသုည 049 မျှဝေလိုက်ပါ ချစ်ခြင်းမေတ္တာ

အိုက်စိုး 051 ၂၀၁၃-၁၄၊ ပထမနှစ်၊ ကွင်းဆင်းလေ့လာသင်ယူခြင်း

ကြယ်စင် 053 သန့်ရှင်းမြင့်မြတ်သော နှလုံးသား (သက်သေခံချက်)

ပေသီး 059 ဖိနပ်တစ်ရံကဲ့သို့ အစေခံခြင်း

ဆဲဝင်းမွန်း 062 စားမြုံ့ပြန်ခြင်း

မေယုခင် 067 ၂၀၁၃-၁၄၊ ဒုတိယနှစ်၊ ကွင်းဆင်းလေ့လာသင်ယူခြင်း

ကိုဘောက်လီ 069 မိုးကောင်းကင်ထက် မြင့်သော

ဆမားဆိုင်းအောင် 074 မိဘမျက်ရည်ကြားမှ ဘုရားခေါ်သံ

ဉာဏ်ကြီး 077 ဂုဏ်ယူလိုက်ပါ အမေ

ရှာလုမ်မဂ္ဂဇင်း 078 ဒေါက်တာ L လွန်းဝါ နှင့် တွေ့ဆုံမေးမြန်းခန်း

ပါဒရီအက်စ်ထန်အုပ် 081 ထာဝရဘုရားသည် ငါ၏အလင်း

N Ba Seng Lawt 084 လောကမှာ အရေးကြီးဆုံးက ဘာလဲ

တောသားလေး 086 အဖြေက ရှင်းပါသည်

ဦးအောင်လှထွန်း 090 ခရစ်ယာန်အဖွဲ့အစည်းတိုင်းတွင် ရှိအပ်သော အချက်ကြီး(၂)ချက်

ဦးအောင်လှထွန်း 093 စိတ်နှလုံးသားနှင့် ခံယူတတ်ရန် (သက်သေခံချက်)

ဘိုးဘိုးအောင်လှိုင် 087 ၂၀၁၃-၁၄၊ တတိယနှစ်၊ ကွင်းဆင်းလေ့လာခြင်း

ဦးအောင်လှထွန်း 096 အချိန်ကို စီမံခန့်ခွဲသော ခရစ်ယာန်ဘဏ္ဍာစိုး

ဘုန်းတော်ကြီးဝင်စတန်အောင်မျိုးထွန်း 102 ယုံကြည်သည့်အတိုင်း လိုက်လျှောက်ခြင်းအသက်တာ

ရှာလုမ်မဂ္ဂဇင်း 102 ဘုန်းတော်ကြီးကင်နွန်စောဆန်းဒေးနှင့် တွေ့ဆုံမေးမြန်းခန်း

S.M Rose 109 God's Word that gives Light

Phyu Sin 113 Death is nothing but Happiness

116 ၂၀၁၃-၁၄၊ ဆုရ ကျောင်းသူ / သားများ ဓါတ်ပုံ



မျက်နှာဖုံးဒီဇိုင်း နှင့် အတွင်းစာမျက်နှာများအပြင်အဆင်

သောမတ်စ်နေလင်း (THE ARK MEDAI)

၀၉ ၄၃၁၅၁၉၁၄

# အဆိုအမိန့်များ

စုစည်းတင်ပြသူ
ဒေါ်ရှိုင်းနင်းမွှန်း (သန့်ရှင်းသောကားတိုင်အသင်းတော်)

၁ ■ ဘုရားသခင် ကိုယ်တိုင် မိန့်မြွက်နေတယ်ဆိုတဲ့ အချက်က သမ္မာကျမ်းစာရဲ့ အခိုင်မာဆုံးအချက် ဖြစ်ပါတယ်။ (ဂျွန်ကယ်လ်ဗင်)

၂ ■ အစက်အခဲပြဿနာများကို ယုံကြည်ခြင်း၏ အစာအဟာရအဖြစ် မှီဝဲပါ။ (ဂျော့ချ်မူးလာ)

၃ ■ ဆုတောင်းခြင်းမရှိသော ခရစ်ယာန်တစ်ယောက်ဖြစ်ခြင်းသည် အသက်ရှင်ခြင်းမရှိဘဲ အသက်ရှင်နေခြင်းနှင့် တူသည်။ (မာတင်လူသာ)

၄ ■ စစ်မှန်သောအစေခံများသည် မိမိတို့၏ရည်ရွယ်ချက်များ ပြည့်စုံရေးအတွက် ဘုရားသခင်ကို အသုံးမချကြပေ။ (ရစ်(ခ်)ဝါရင်)

၅ ■ ခရစ်ယာန်တိုင်း၌ ပျောက်ဆုံးဝိညာဉ်များအား ကယ်တင်နိုင်ရေး ရူပါရုံမရှိသမျှကာလပတ်လုံး ဤလောကကြီးသည် ပျောက်ဆုံးနေပါလိမ့်မည်။ (ဟင်နရီဒရမ်မန်)

၆ ■ ဆင်းရဲဒုက္ခကိုခံရန် ကြောက်သောသူသည် ဆင်းရဲဒုက္ခခံသော ယေရှု၏ လူမဖြစ်နိုင်ပေ။ (တာတူးလျံ)

၇ ■ ပေးကမ်းခြင်းသည် ဖြုန်းတီးခြင်းမဟုတ်။ မမြင်နိုင်သော ကောင်းချီးမင်္ဂလာရရှိရာ နည်းလမ်း ဖြစ်သည်။ ထို့ကြောင့် စွန့်ကြဲခြင်းသည် ဆိုက်မဲခြင်း မဟုတ်ပါ။ (ဂျင်မ်အဲလီရော့တ်)

၈ ■ အမှုတော်ဆောင်ရာတွင် ကြောက်စရာအကောင်းဆုံးမှာ ငွေကြေးမလုံလောက်ခြင်းမဟုတ်။ လုံလောက်လျှံပယ်ခြင်း ဖြစ်သည်။ (ဟတ်ဆင်တေလာ)

၉ ■ မကောင်းသောလုပ်ရပ်များကို ဝန်ခံနိုင်ခြင်းသည် ကောင်းသောလုပ်ရပ်များဖြစ်၏။ အစ ပထမ ဖြစ်ပါသည်။ (စိန့်ဩဂုတ်စတင်း)

၁၀ ■ ဘုရားသခင်အလိုတော်ကို ဦးစားပေးဆောင်ရွက်သူတိုင်း ပျော်ရွှင်ခြင်းမရှိဘူး ဟု ပြောတဲ့သူ တစ်ဦးမှ မတွေ့ဖူးပါ။ (ဝတ်(ချ်)မင်းနီး)

၁၁ ■ အောင်မြင်သောသူဖြစ်ရန် မကြိုးစားပါနှင့်။ သို့သော် တန်ဖိုးရှိသောသူတစ်ယောက်ဖြစ်ရန် ကြိုးစားပါ။ (အိုင်းစတိုင်း)

၁၂ ■ တိုးတက်ခြင်း၏အဓိက အစိတ်အပိုင်းသည် တိုးတက်လိုသောဆန္ဒဖြစ်၏။ (ဆီနီကာ)





အိုသူ သွားပြီး
ရွယ်တူ သွားပြီး
ငယ်သူ သွားပြီး
မသွားခင် ပြင်ဆင်
တဒင်္ဂဘဝတွင်
မသိချိန်တွင် သွားရမည် . . ။

သွားပြီ
(ပေသီး)

အပြုံးရယ် မာန်ဟုန်မြင့်
ရင်ကိုဖွင့် အားကိုရုံ
ထီးဖြူစေ ဖိနပ်ပါး
စေရာနိုင်း သွားမယ့်ယုံ . . ။

ဘယ်ဆီကို ရောက်ပါလိမ့်
ကြိုတွေးကာ မှိုင်မငေးပါဘူး
ဘယ်လမ်းကို လျှောက်ရလိမ့်
စဉ်းစားကာ ဟင်းစားရှာမနေပါဘူး . . ။

မီးစာကို ရင်းတာက နလုံးမှဖြင့်
ကျွမ်းလောင်ကာ ကမ်းကုန်အောင် တောက်မှာဗျ . . ။

ရှုံးလည်း ရှုံးစေတော့
မုန်းလည်း မုန်းစေတော့
ပြုံးလည်း ပြုံးစေတော့
ရွေးတဲ့ ဒီလမ်း
လှမ်းမယ့် ခြေလှမ်း
ရည်မှန်းချက် မှတ်တမ်း . . ။

**ရည်ရွယ်ချက်**
(တောဗစ်တာ)





ချစ်သူ . . တိတ်တခိုးချစ်ဖြင့်
ချစ်ခင်စွဲလန်း
ရှုးသွပ်တမ်းတ ကမ်းလင့်ချိန်ကို မျှော်မိတယ် . . ။

ချစ်သူ . . မျှော်လင့်ချစ်ခြင်း
မင်းရဲ့တုန့်ပြန် ချစ်လေညှင်းလေး
ဝေ့ဝဲလွင့်လာ ရင်ခုန်စွာနဲ့
ကမ်းလင့်လာချိန် . . ။

အို . . သခင့်အသက်သွေး၊ စတေးရင်းကာ
ညင်သာထွေးပိုက် ချစ်သည်းလွန်းသူ
ယုယစောင့်ရှောက် ငါ၏ သခင်
ချစ်လဲကြွေရတော့မည်လား . . ။

ချစ်သူ . . မင်းကို ချစ်တယ်
သို့သော်ငြားလည်း
ငါ၏ သခင်ထာဝရရှင်အား
ကျောနိုင်းရဲ့သူ မင်းရင်ခွင်အား
ငါသည် ကျောခိုင်းစွန့်တော့မည်

**မှ . . . ချစ်နေသူသို့**
(အဲလစ်ဇဘက်–နောက်ဆုံးနှစ်)

ကျည်ဆံ တွေကြား
လူးလားဆန်ခတ်
အဆွဲတွေ မချွတ်
အတ္တမာန် မရှိုး
ရှေ့ဆက်လို့တိုး . . ။

နင်တို့ သေလို့ ဘာမှ မဖြစ်
တို့ကလေးငယ် ချစ်စဖွယ်တွေ
အနာဂတ်ပျောက် အမှောင်လမ်းရောက်
စိတ်ရဲ့ဒဏ်ရာ အနာစွဲထင်
လမ်းလွဲတွေကို လိုက်လို့သွားမှာ
စိုးရိမ်မိရင်း ရင်မှာနာတယ်
ဘယ်အချိန်မှ မင်းတို့စစ်တွေ ပြီးဆုံးမှာလဲ . . ။

**ရင်နာခြင်း**
(အလယ်ကာလူ ငမိုက်သား)





မာယာများတဲ့ ဒီလောကထဲ
သွားနေရင်းနဲ့ လမ်းပျောက်ခဲ့
စမ်းတဝါးဝါး ရှာဖွေလဲ
ပျောက်နေဆဲဘဲ
ငါ့ပန်းတိုင် . . ။

မဆုံးနိုင်သေးတဲ့ ဘဝပင်လယ်ထဲ
အားကုန်လှော်ခတ် ဖြတ်ကူးဆဲ
မီးပြတိုက်ပျောက် ကမ်းလဲမှောက်
မျှော်လင့်ချက်မဲ့ပြီ
ဒီခရီး . . ။

သူမပါတဲ့ ဘဝထဲ
အဓိပ္ပါယ်လည်းမဲ့ ခွန်အားလည်းမဲ့
ခရီးလည်းမဆုံး အသက်သာရှူးမည်
လမ်းပြပါဦး ဒီငမိုက်သားကို
အော်ဟစ် တမ်းတ
သခင် . . သခင် . . သခင် ။

**နီဂိုး**
(ကလော)

သခင်ရဲ့ စေရာလမ်း
သိုးစုထဲသို့ မဟုတ်
ဝံပုလွေတွေရဲ့ လက်သို့
ခါးသီးတဲ့နေ့ရက်နဲ့ ကြမ်းတမ်းတဲ့လမ်းတွေထက်
ငါ ဆိုတဲ့ဟာကို စဝါချ
ပေးဆပ်ခြင်း၊ ဆက်ကပ်ခြင်း၊ အနစ်နာခံခြင်းတွေကို
အဖော်ပြုရင်း ဘိုးတွေလျှောက်တဲ့ဒီလမ်း
ငါတို့လည်းလျှောက် ဒီလမ်း
သခင့်ရဲ့စေရာလမ်း
ကဲလာ . . အားမလျှော့နဲ့ . . ဆက်လျှောက် . . ဆက်လျှောက် . . ။

## သခင်ရဲ့ စေရာလမ်း

(ဖိုးသုည)





လက်တလော စိုးရိမ်ကြောင့်ကြမှုတွေ
လမ်းပေါ်ထွက်ပြီး အော်နေသူတွေ
ဟိုဟိုဒီဒီ ပြောင်းရွှေ့နေရတဲ့ ဘဝလေးတွေ
ယမ်းငွေ့တွေကြား အသက်ရှုနေသူတွေ
တောင်ပေါ်မြေပြန့်နေ လူသားများ . . ။

လွတ်လပ်ခြင်းအသီးအပွင့်တွေ ရရှိစေသား
ငြိမ်းချမ်းခြင်းကို ခံစားရရှိစေသား
ခွင့်လွှတ်ခြင်းတရား ပွားများနိုင်စေသား
ချစ်ခြင်းမေတ္တာ ပွားနိုင်စေသား . . ။

အမုန်းတွေကို ရပ်ပစ်လိုက်လို့
အကြင်နာမေတ္တာတရားတွေနဲ့
လောက ကမ္ဘာကြီး လှပအေးချမ်းဖို့
ကိုယ်စီရှိနေတဲ့ နေရာတိုင်းမှာ
အလင်းရောင်လေးလို
ထွန်းလင်းနိုင်ကြပါစေကွယ် . . ။

## အလင်းဖြစ်စေ

(အလူ)

ပြင်းထန်စွာ ရိုက်နှက်ဒဏ်ရာ
သူ့ ကျောတစ်ပြင်လုံး ချင်းချင်းနီသွား
နာကျင်မှုကို ကြိတ်မှိတ်ခံကာ
လေးလွန်းတဲ့ ကားတိုင် သူလေထမ်းလို့
ချွေးနဲ့ သွေးတွေ
သခင်လျှောက်လှမ်းတဲ့ လမ်းမပေါ်မှာ
ဖိတ်ကျလွင့်စင် မြေပေါ်ခလေရှာပြီ . . ။

သူရဲ့လမ်းက
ကရာနီကုန်း လူသတ်အရပ်ဆီ
သခင့်ကိုခေါ်ဆောင်
မောပန်းနွမ်းလျ နလုံးကြေကွဲစွာ
ပြောမပြနိုင်တဲ့ နာကျင် ဝေဒနာနဲ့
ကားတိုင်ပေါ်မှာ အသေသတ်ခံရ
သွေးနဲ့ရေတွေ သခင့် နံဘေးမှ
တသွင်သွင်ယိုစီးဆင်းခဲ့ . . ။

အို . . . သခင့်ရဲ့အသွေးနဲ့
လူသားတွေ အပြစ်များကို
ဆေးကြောခဲ့လေရှာပြီကွယ် . . ။

GOOD FRIDAY
(အလှူ)





မင်းယုံကြည်နိုင်တယ်
သံသယစိတ် ကင်းခြင်းနဲ့ . . ။

မင်းပေးဆပ်နိုင်တယ်
တပ်မက်မှု ကင်းခြင်းနဲ့ . . ။

မင်းလျှောက်လှမ်းနိုင်တယ်
ယုံကြည်ခြင်း အပြည့်နဲ့ပေါ့ . . ။

တုံ့ပြန်သက်ရောက်မှုတိုင်းအတွက်
တန်ပြန်တွန်းလှန်မှုဆိုတာ ရှိတယ် . . ။

မင်းကိုယ်မင်း စဉ်းစား
ခံနိုင်ရည်ရှိရဲ့လား ဆိုတာ . . ။

မင်းစိတ်ရဲ့ဆုံးဖြတ်ချက်
လုပ်ဆောင်မှုအားလုံးအတွက်

ဒါပေမဲ့ . .
အတ္တမာနတော့ ကင်းပါစေ . . ။

ခံနိုင်ရည်
(စောဒီမဲ)

ငါသာဘုရင် ခြင်္သေ့လိုပင်
တာဝန်ကိုယ်စီ မထမ်းဆောင်နှင့် . . ။

ကိုယ့်ဘက်ကိုယ်ယက် လိပ်လို အမြဲလည်း
အမှုတော်မြတ်အတွက် မဆက်ကပ်နှင့် . . ။

ပူဇော်ခံရန်သိုးသူငယ်ပမာ ခရစ်တော်ကဲ့သို့
ပုံဆောင်ကာ စေစားခြင်းမလာ အစေခံခြင်းဖြင့်သာ
ပါဝင်ပါ . . ။

**အမေစံ**
(ပေသိး)





# ငြိမ်းချမ်းသော ကမ္ဘာကို တည်ဆောက်ကြပါစို့ . . ။

အမောင်တို့ အမိတို့ -

ခေတ်ကို ရွေ့လျားစေတာ မူဝါဒမဟုတ် လူတွေပါ။

ကျောက်ခေတ်တုန်းက သဘာဝအန္တရာယ်၊ တောရိုင်းတိရိစ္ဆာန်အန္တရာယ်တွေ၊ ကာကွယ်ဖို့ လူသားအချင်းချင်း စုစည်း၊ ညီညွတ်၊ သွေးစည်းစွာ နေထိုင်ခဲ့ကြတယ်။ လူတွေကြားမှာ လူမျိုးတို့၊ ဘာသာတို့၊ ဓလေ့ထုံးစံတို့ဆိုတဲ့ အကာအရံ တံတိုင်းကြီးတွေ မရှိခဲ့ဘူး။

နှစ်ကာလ ရှည်ကြာလာတော့ ယဉ်ကျေးမှု ခေတ်သစ်ရောက်လာချိန်ကျတော့ လူမျိုးတို့၊ နိုင်ငံတို့၊ ယုံကြည်ကိုးကွယ်တဲ့ဘာသာတို့၊ အသားအရောင်၊ ဓလေ့ထုံးစံ၊ အယူဝါဒတွေ ကွဲပြားကြတယ်။

ဒီတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေများလာတော့ အတ္တဆိုတဲ့ တစ်ကိုယ်ကောင်းစိတ်တွေ ပေါက်ဖွား လာတော့တယ်။ ဒီတော့ ဘာသာရေးစစ်ပွဲ၊ လူမျိုးရေးစစ်ပွဲ၊ နယ်မြေလုစစ်ပွဲ၊ စီးပွားရေးလက်ဝါးကြီးအုပ်စိုးချင်တဲ့စစ်ပွဲ စတဲ့ စစ်ပွဲတွေ အသွင်အမျိုးမျိုး၊ အဆင်အမျိုးမျိုးနဲ့ လောဘဇောနဲ့ နယ်မြေလုကြ၊ နယ်ချဲ့လာကြတော့တယ်။

ဒီနေ့ (၂၁)ရာစုတွင် ရောက်လာတော့ နယ်ချဲ့ဆိုတာ စစ်ရေးအရသာ နယ်ချဲ့လိုက်ရတာ မဟုတ်တော့ဘူး။ ယဉ်ကျေးမှုအရ နယ်ချဲ့နေရတာ ယနေ့လက်တွေ ဖြစ်နေတာ သတိထားမိရဲ့လား။ ဘာသာစကားအရရော၊ စားဝတ်နေရေးအရရော နယ်ချဲ့ခံနေရုံမက စိတ်ဓါတ်ရေးအရပါ ခံနေရပြီဆိုတာ မြင်ကြရဲ့လား။တို့များရဲ့ အဘိုးအဘွားခေတ်တုန်းက မြန်မာပြည်ဟာ ချမ်းသာလိုက်တာ အရှေ့တောင်အာရှရဲ့ ဆီအိုးကြီး၊ စပါးကျီကြီးလို့တောင် ကမ္ဘာက အသိအမှတ်ပြုခံခဲ့ရလောက်အောင် ငြိမ်းချမ်းခဲ့တယ်။

အမောင်တို့၊ အမိတို့ -

ပတ်ဝန်းကျင်ကို မြင်အောင် ကြည့်ကြစမ်းပါ။ အမှန်ကို မြင်မှ အမြင်မှန်မှာနော်။

နားကိုစွင့်ထား - မျက်စေ့ကို ဖွင့်ကြစမ်းပါ။ တို့တိုင်းပြည်ဟာ လူဦးရေအလွန်များပြားတဲ့ နိုင်ငံကြီးနှစ်နိုင်ငံကြားမှာ ရပ်တည်နေရတာ။ မင်းတို့ စိတ်ဓါတ်မခိုင်မာလို့ အိမ်ထောင်ရေးတို့၊ ပညာရေးတို့၊ ယဉ်ကျေးမှုတို့ အလွယ်စဉ်းစားရင် တိုင်းပြည်နဲ့လူမျိုးပါ ပျောက်မယ် မှတ်။

အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမခိုင်လို့ အလွဲသုံးစားလုပ်လို့၊ မျိုးချစ်စိတ်ဓါတ်မမှန်လို့ ယနေ့အထိ လူမျိုးရေး၊ ဘာသာရေးမီး ပဋိပက္ခတွေ မငြိမ်းသေးတာ သတိရှိကြစမ်းပါ။

- နိုင်ငံတစ်နိုင်ငံမှာ လူငယ်တွေ အလိမ်ခံနေရရင် တိုင်းပြည် ပျက်တတ်တယ်။
- လူငယ်တွေ စိတ်ဓါတ်ကျရင် တိုင်းပြည်အောက်တန်းကျ တတ်တယ်။
- လူငယ်တွေ ရည်မှန်းချက်မရှိရင် တိုင်းပြည်ရဲ့ အနာဂတ် ပျောက်တတ်တယ်။

မိဘဆရာများက " ယနေ့လူငယ်၊ နောင်ဝယ်လူကြီးလို့" ဆုံးမခဲ့တာလေ။ ဒါကြောင့် တိုင်းပြည်တစ်ပြည်၏ ကြွယ်ဝချမ်းသာမှုသည် လူငယ်ထု အပါအဝင် ပြည်သူများ၏ သိက္ခာ သမာဓိ၊ စွမ်းရည် သတ္တိနှင့် ခံယူချက် မှန်ကန်မှုပင် ဖြစ်တယ်လို့ လူကြီးတွေ ဆုံးမခဲ့တာလေ။

ရှေ့တစ်ခေါ်လည်း မျှော်ကြည့်ကြပါ။ နောက်တစ်လှမ်းလည်း ပြန်ကြည့်တတ်ပါစေ။

“အစဉ်သတိ” ဆိုတဲ့ ကင်းထောက်တစ်ဦးရဲ့ အသိနဲ့ အစဉ်သတိရှိနေမှ မင်းတို့ဘဝ မင်းတို့ ပတ်ဝန်းကျင်၊ မင်းတို့တိုင်းပြည် ရန်ငြိမ်းမှာ။

■ ခပ်ညံ့ညံ့ ခေါင်းဆောင်တို့ဟာ လူသားတွေရဲ့ ငိုကြွေးသံကို မကြားဘူး။

■ အိုးမဲ့၊ အိမ်မဲ့၊ နိုကိုးရာမဲ့ ပြည်သူတွေရဲ့ ပူဆွေးမှုကို မမြင်တတ်ဘူး။

■ စိတ်မသာ ငြီးတွားသူတွေရဲ့ ငိုရှိုက်သံကို လျစ်လျူရှု နေတတ်တယ်။

တော်ပြီး တတ်တဲ့ခေါင်းဆောင်၊ နှလုံးလှပြီးအသုံးကျတဲ့ ခေါင်းဆောင်၊ ဗြဟ္မာစိုရ်တရား (၄)ပါးနဲ့ ကျင့်သုံးတတ်တဲ့ ခေါင်းဆောင် ဖြစ်အောင် မင်းတို့ကြိုးစားရမယ်။

တရုတ်စကားပုံတစ်ခု ဖတ်ဖူးတယ်။

“အကြောက်တရားတစ်ခုနှင့် ဖိနှိပ်ချုပ်ထားရင် အနှစ် (၂၀)လောက် အုပ်ချုပ်လို့ရတယ်တဲ့”

“လူတွေကို စာမတတ်အောင် လုပ်ထားနိုင်ရင် အနှစ် (၅၀)လောက် အုပ်ချုပ်လို့ရတယ်တဲ့”

“လူတွေကို အကျင့်စာရိတ္တ မဏ္ဍိုင်တွေ ပျက်ပြားသွားအောင် လုပ်ထားနိုင်ရင် အနှစ် (၁၀၀)တောင် ကောင်းကောင်းကြီး အုပ်ချုပ်လို့ရတယ်” တဲ့ . . ။

အမောင်တို့၊ အမိတို့ -

■ အကြောက်တရား အုပ်ချုပ်မှာကိုလည်း မကြောက်နဲ့၊ သတ္တိ၊ ဗျတ္တိ၊ သတိ ဝီရိယနှင့် ခုခံနိုင်ပါစေ။

■ စာမတတ်အောင် လုပ်လို့မရအောင် စာဖတ်ပါ။ ဒီနေ့ ဘွဲ့ရပြီး မနက်ဖြန် စာမဖတ်ရင် သန်ဘက်ခါ စာမတတ်သူ ဖြစ်သွားမယ်တဲ့။ ဒါကြောင့် လူဖြစ်မရှုံးအောင် စာဖတ်ပါ။ နိုင်ငံရေး မျက်နှာစာကိုလည်း ဖတ်တတ်အောင် ကြိုးစားထား။

■ အကျင့်စာရိတ္တမဏ္ဍိုင်ကတော့ အရေးကြီးဆုံးဘဲ။

အမောင်တို့၊ အမိတို့ -

လူငယ်ဆိုတာ “ဘဝမုန်တိုင်းကို အခံရဆုံးအရွယ်၊ သွေးဆောင်ခြင်းကို အခံရဆုံးအရွယ်ဆိုတာ အစဉ်သတိရှိပါ။ မင်းတို့ ငွေမုန်တိုင်း၊ အချစ်မုန်တိုင်း၊ ယဉ်ကျေးမှုမုန်တိုင်းတွေ တိုက်နေပြီ။ အဲ့ဒါ သတိပြုမိရဲ့လား။

■ ခုခံတတ်စမ်းပါ။

■ ကာကွယ်တတ်စမ်းပါ။

■ တွန်းလှန်တတ်စမ်းပါ။

မင်းတို့တိုင်းပြည်နဲ့ မင်းတို့လူမျိုးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပြီး၊ တိုးတက်အောင် လုပ်ရမှာက မင်းတို့တာဝန်ဆိုတာ ခံယူပါ။

လူတို့ရဲ့ဂုဏ်သိက္ခာဆိုတာ -

ကိုယ်ကျင့်တရားရှိခြင်း၊ ကြောင်းကျိုးပညာရှိခြင်းနဲ့ အလှအပကို ခံစားဖန်တီးတတ်ခြင်းတွေ ဖြစ်တယ်။





မင်းတို့လည်း လူထဲက လူငယ်တွေလေ။

ဒီအရည်အချင်းတွေ ရှိတယ်။ ထုတ်သုံးပြီး တိုင်းပြည်နှင့် လူမျိုး၊ အသင်းတော်ကြီး အနီးပတ်ဝန်းကျင်ကို ကောင်းကျိုး ပြုစမ်းပါ။

ဒါမှ ကမ္ဘာကြီး ငြိမ်းချမ်းမှာ။

ဘဝအတွက် အကောင်းဆုံးပြင်ဆင်နိုင်ရန် အပြစ်မရှာဘဲ အဖြေမှန် ရှာကြရအောင်။

■ ■ စစ်မက်ဖြစ်ပွားခြင်း၊ ပဋိပက္ခဖြစ်ခြင်း၊ အငြင်းပွားခြင်း နယ်ကျူးခြင်းများ ရပ်တန့်ပြီး၊ မတူကွဲပြားခြင်းများကို လွန်မဆွဲဘဲ ဒွန်တွဲကာ သာတူညီမျှ သဘောမျှပြီး ခွင့်လွှတ်ကြရအောင်။

ပရောဖက်ဟေရှာယ၏ဟောကြားချက်အရ

“သူတို့၏ ဓါးလက်နက်များကို ထွန်သွားအဖြစ် အနေဖြင့်လည်းကောင်း၊ လှံများကို တံစဉ်အဖြစ်လည်းကောင်း၊ ထုလုပ်ကြလိမ့် မည်” ကို ယုံကြည်ကာ သမ္မာတရား အလင်းထွန်းတောက်ပြီး၊ ကျွန်ုပ်တို့ ပိုင်ဆိုင်နေသော ယနေ့ကမ္ဘာကြီးကို ငြိမ်းချမ်းစွာ အစဉ် ရှင်သန်နိုင်ဖို့ -

■ မတရားတဲ့ စစ်မှန်သမျှ ကင်းရှင်းရေး

■ လူသားအချင်းချင်း ချစ်ကြည်ရင်းနှီးရေး

■ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ အသားအရောင် မခွဲခြားဘဲ ချစ်ကြည်ရေး စတဲ့ ငြိမ်းချမ်းရေးတရား ကမ္ဘာတစ်ဝှမ်းမှာ နိုင်မြဲဖို့ တည်ဆောက်ကြပါစို့။


(မင်းတို့ရဲ့ ဘွားစည်) ဒေါ်စည်စည်လျာဘိုးကဲ


အမောင်တို့၊ အမိတို့ -
မင်းလိုချင်တဲ့ “ဘဝစီမံကိန်း” ကို ရေးဆွဲခွင့်ရတဲ့ အခြေအနေနဲ့ အချိန်အခါကို ပိုင်ဆိုင်နေပြီ။
ကိုယ့်တာဝန် - ကိုယ်ထမ်း
ကိုယ့်လမ်း - ကိုယ်လျှောက်
ပန်းတိုင်ရောက်ဘို့
အပြေးလည်း - သန်ရတယ်။
ပြေးလမ်းလည်း - မှန်ရမယ်။

ကိုယ့်သမိုင်းကို - ကိုယ်တိုင်ရေးရမှာ
ကိုယ့်သမိုင်း - မရှိုင်းစေနဲ့
သမိုင်းဆိုတာ ဖုံးထားလို့သာရတာ။ ဖျက်လို့ မရဘူး။
သတိထား။
မိဘ၊ ဆရာသမားဆိုတာ လမ်းညွှန်မယ်၊ ပံ့ပိုးမယ်၊ အထောက်အကူပေးမယ်။
ရွေးချယ်ရမှာက မင်းတာဝန်။

(မင်းတို့ရဲ့ ဘွားစည်)

# ကာတွန်း












# ကာတွန်း



# ရင်တွင်းစကား


**ပထမနှစ်** ၂၀၁၄-၂၀၁၅



အမည် ■ မောင်လင်းကိုကို
မွေးသက္ကရာဇ် ■ ၂၆.၅.၁၉၉၀
လူမျိုး ■ တရုတ် + ရှမ်း
ဘုန်းကြီးပိုင်နယ် ■ ဘီလူးမြို့ (ရှင်လုကာ)
သာသနာပိုင်နယ် ■ မြစ်ကြီးနား
ရင်တွင်းစကား ■ နောက်ဆုတ်မယ့်အစား ရှေ့ကိုတိုးမယ်။
အရှုံးပေးမယ့်အစား အပြင်းအထန်တိုက်ပစ်မယ်။



အမည် ■ မောင်တိမောသေဆိုင်းအောင်
မွေးသက္ကရာဇ် ■ ၂၇.၁၁.၁၉၉၄
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်မဿဲ (နမ္မတီး)
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား ■ ဤကျောင်းကို တက်ရောက်ခွင့်ရတဲ့အတွက် ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ဘုရားပေးသောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားပါမည်။



အမည် ■ မောင်ဆိုင်းတူးဂျိုင်
မွေးသက္ကရာဇ် ■ ၂၂.၃.၁၉၉၆
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ခရစ်တော်ဘုရင်မင်းဘွဲ့ခံ (ကသိဒြယ်)
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား ■ ကျွန်တော့်အသက်တာကို သွန်သင်လမ်းပြမှုပါ ဘုရား။



အမည် ■ ဒေးဗစ်ဆေးငမ်
မွေးသက္ကရာဇ် ■ ၄.၈.၁၉၈၅
လူမျိုး ■ ချင်း
ဘုန်းကြီးပိုင်နယ် ■ တမူးဘုန်းတော်ကြီးပိုင်နယ်
သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
ရင်တွင်းစကား ■ အပြစ်သား ကျွန်ုပ်အပေါ်တွင် ကိုယ်တော့်အလိုတော်သာလျှင် ခရစ်တော်အားဖြင့် ပြည့်စုံစေတော်မူပါ။







အမည် ■ ဆလိုင်းကျော်ဘိုဘိုဟန်
မွေးသက္ကရာဇ် ■ ၂၃.၄.၁၉၈၄
လူမျိုး ■ ချင်း (အရှို)
ဘုန်းကြီးပိုင်နယ် ■ ပြည် (ရှင်မာကု)
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား ■ ကျန်ရှိနေသောအသက်တာမှာ ဘုရားရှင်ရဲ့နိုင်ငံတော်နှင့် အသင်းတော်အတွက် အမှုတော်ဆောင်နိုင်ဖို့ရန်နှင့် စုံစမ်းနောက်ယှက်ခြင်းများကို ခံနိုင်ဖို့ရန် ဘုရားရှင် ခွန်အားကို ပေးသနားမှုပါ။



အမည် ■ ဆလိုင်းမျိုးဇော်ထွန်း
မွေးသက္ကရာဇ် ■ ၂၂.၇.၁၉၉၄
လူမျိုး ■ ချင်း (အရှို)
ဘုန်းကြီးပိုင်နယ် ■ ရှင်မာရီ ၊ ညောင်လုံတိုး
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား ■ ဘုရားသခင်ကြဲဖြန့်ပေးသော ယုံကြည်ခြင်းမျိုးစေ့ ကျွန်တော့်ရဲ့နှလုံးသားထဲ၌ အညှောက်ပေါက်နေပါပြီ။ ထိုယုံကြည်ခြင်း အပင်ပေါက် အမြစ်တွယ်ပြီး ကြီးထွားလာရန် မစတော်မူပါ ကိုယ်တော်။ အာမင်။




အမည် ■ မောင်အိုက်ဘူး
မွေးသက္ကရာဇ် ■ ၂၃.၅.၁၉၉၀
လူမျိုး ■ ချင်း
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလု
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား ■ မထိုက်တန်သော်လည်း ကိုယ်တော်၏အစေခံရန် ရွေးချယ်တော်မူသောကြောင့် ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကိုယ်တော်ပေးသော ဆုကျေးဇူးသည် တစ်ပါးသူအတွက် ဖြစ်စေတော်မူပါ။



အမည် ■ ဒေးဗစ်အောင်လင်းထွန်း
မွေးသက္ကရာဇ် ■ ၉.၁၂.၁၉၉၂
လူမျိုး ■ ချင်း
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေတရု ၊ ပိန္နဲတစ်ပင်
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား ■ အမှောင်လောကမှ အလင်းလောကသို့ လျှောက်လှမ်းနေစဉ် ဘုရားသခင်ရဲ့အလင်းအောက်မှာ စိုလှုံရင်း ကိုယ်တော်ရှင်ရဲ့ တပည့်တော်စစ်ဖြစ်ဖို့ အသုံးတော်ခံ ကြိုးစားရှာဖွေဆဲပေ။



အမည် ■ ဆလိုင်းသောမတ်စ်ကျော်ရဲ
မွေးသက္ကရာဇ် ■ ၂၈.၇.၁၉၉၅
လူမျိုး ■ ချင်း
ဘုန်းကြီးပိုင်နယ် ■ ရှင်မာကု ၊ ဝွဲမြောင်
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား ■ ကိုယ်တော် အလိုရှိသည့်အတိုင်း ပုံသွင်းတော်မူပါ။



အမည် ■ အိုက်ဇက်ဘောမ်ယိန်း
မွေးသက္ကရာဇ် ■ ၂.၁၂.၁၉၉၃
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ကသီဖြယ်
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား ■ အချိန်နာရီ နေ့ရက်များသည် တစ်ရက်ပြီးတစ်ရက် လည်ပတ်ကုန်ဆုံးနေပါတယ်။ မကြာခင် ဘုရားသခင်၏အမှုတော်မြတ်၌ အုတ်တစ်ချပ် သဲတစ်ပွင့်ဖြစ်ဖြစ် ပါဝင်ကြပါစို့။



အမည် ■ မရွယ်ရွယ်အောင်
မွေးသက္ကရာဇ် ■ ၂၇.၁၁.၁၉၉၅
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်အန္ဒြေ၊ တနိုင်း
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား ■ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။



အမည် ■ မောင်ဂွမ်ဆန်အောင်
မွေးသက္ကရာဇ် ■ ၃.၈.၁၉၉၄
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ကားတိုင်ရောင်ခြည် ၊ နမ္မား
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား ■ ဘုရားသခင်ရဲ့အမှုတော်အတွက် ရွေးချယ်ခံရတဲ့အတွက် ဘုရားကိုပဲ ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီး ခွန်အားပေးပါ။







အမည် ■ စောပြည့်စုံ
မွေးသက္ကရာဇ် ■ ၁၁.၂.၁၉၉၁
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ဂျော့ဂျက် ၊ သံတောင်ကြီး
သာသနာပိုင်နယ် ■ တောင်ငူသာသနာပိုင်နယ်
ရင်တွင်းစကား ■ ဘုရားသခင်ခေါ်တော်မူခြင်းခံရတဲ့ ကျွန်တော့်အတွက် တန်ဖိုးမရှိတဲ့သုညကနေ တန်ဖိုးရှိတဲ့သုညဖြစ်အောင် အမှုတော်မြတ်၌ စွမ်းစွမ်းတမံ ထမ်းရွက်သွားပါ့မယ်။ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်တော့်ကို အမြဲလမ်းပြဆဲပါ။



အမည် ■ မောင်ဇရန်စစ်ယလ်ထင်
မွေးသက္ကရာဇ် ■ ၃၀.၁၀.၁၉၉၃
လူမျိုး ■ ချင်း
ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား ■ သခင့်အလိုတော်အတိုင်း ဖြစ်စေပါ။



အမည် ■ စောသာစေး
မွေးသက္ကရာဇ် ■ ၂၆.၇.၁၉၈၂
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ကလော (ရှင်ကက်သရင်း)
သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
ရင်တွင်းစကား ■ သခင့်နိုင်ငံတော်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ဖြစ်လိုပါ၏။



အမည် ■ စောဖိလစ်ဘုန်းကျော်လင်း
မွေးသက္ကရာဇ် ■ ၃၁.၇.၁၉၈၀
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေတရု ၊ (ကသီဖြယ်)
သာသနာပိုင်နယ် ■ ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား ■ လူတိုင်းအပေါ် လေးစားစွာ ဆက်ဆံနိုင်သောသူ ဖြစ်ပါစေ။

## ဒုတိယနှစ်




အမည် ■ နော်ချယ်ီးလာ (ခ) နော်မြစန္ဒာ
မွေးသက္ကရာဇ် ■ ၁၃.၂.၁၉၉၀
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ကပ္ပလီ၊ ရှင်မာရိအသင်းတော်
သာသနာပိုင်နယ် ■ ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား ■ ခက်ခဲနေသည့်အချိန်ဖြစ်ပါစေ၊ ပျော်ရွှင်နေသည့်အချိန်ဖြစ်ပါစေ၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းကြပါစို့။
(၁ သက် ၅း၁၈ အရာရာ၌ကျေးဇူးတော်ကို ချီးမွမ်းကြလော့)



အမည် ■ မိုက်ကယ်ပြည့်ဖြိုးဟန်
မွေးသက္ကရာဇ် ■ ၁၂.၉.၁၉၉၁
လူမျိုး ■ ဗမာ
ဘုန်းကြီးပိုင်နယ် ■ ရှင်ပြန်ထမြောက်ခြင်းအသင်းတော် ၊ သန်လျင်
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား ■ ချစ်ဆွေတို့ စကားလုံးများအတိုင်း ဖြစ်တည်နိုင်ကြပါစေ၊ ကျွန်တော်ကတော့ [illegible] နေခဲ့ပါတယ်။ ကျေးဇူးတော်ကြောင့် ဒုတိယနှစ် ရောက်ခဲ့ပြီ။



အမည် ■ ပီတာဟင်ရာတင်ထန်
မွေးသက္ကရာဇ် ■ ၂၈.၈.၁၉၈၉
လူမျိုး ■ ချင်း (ရှူမီး)
ဘုန်းကြီးပိုင်နယ် ■ မောနွေလအသင်းတော် ၊ မိုဒွန်ဖိုင်
သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
ရင်တွင်းစကား ■ ကိုယ်တော်ရဲ့အမှုတော်ကို ထမ်းဆောင်ဖို့ ပြင်ဆင်နေသောအချိန်တွင် ကြောက်ရွံ့ခြင်းမရှိဘဲ ရဲရင့်ခြင်းအားဖြင့် စုံစမ်းနှောက်ယှက်ခြင်း အခက်အခဲ ပြဿနာ များကို ကျော်လွှားနိုင်ဖို့ ခွန်အားပေးသနားတော်မူပါ။



အမည် ■ ဒေးဗစ်ဝင်းမြင့်စိုး
မွေးသက္ကရာဇ် ■ ၁၇.၄.၁၉၈၃
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်မာရိ
သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
ရင်တွင်းစကား ■ NEVER BORN. NEVER DIED. I've been visiting this planet earth since 1983. Death is like sleep. He is my best friend.







အမည် ■ ပေါလုစိုးလင်းအောင် (ခ) အိုက်စိုး
မွေးသက္ကရာဇ် ■ ၂၅.၁.၁၉၉၃
လူမျိုး ■ ချင်း (ရှူမီး)
ဘုန်းကြီးပိုင်နယ် ■ ရှင်အန္ဒြေဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား ■ I'm trying hard for Christ.



အမည် ■ မောင်မုန်ဆွတ်ထိန်ဖုန်အောန်း
မွေးသက္ကရာဇ် ■ ၁၆.၉.၁၉၉၆
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ခရစ်တော်ဘုရင်မင်းဘွဲ့ခံကသီဒြယ်
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား ■ ကျွန်တော်တို့ဟာ အရာအားလုံးအပေါ်မှာ သင်ယူနေပါတယ်။ တခါတရံ အမှားတွေ ကျွန်တော်လုပ်မိပါတယ်။ စိတ်ဓါတ်ခွန်အားပေးတော်မူပါ ကိုယ်တော် . .။



အမည် ■ ယောသပ်ဒန်အောင်
မွေးသက္ကရာဇ် ■ ၂၀.၁၀.၁၉၉၄
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်အန္ဒြေအသင်းတော်၊ တနိုင်း
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား ■ ခဏတာဖြစ်ပျက်ပြောင်းလဲနေသောလောကတွင် အစဉ်တည်မြဲသော ဘုရားသခင်၏ နှုတ်ကပါတ်တော်ကိုသိရှိပြီး အမှုတော်ဆောင်ခွင့်ကို ပေးသနားသော ထာဝရဘုရားသခင်၏ကျေးဇူးတော်ကို အစဉ်အမြဲ ချီးမွမ်းလျက် ။



အမည် ■ မောင်နော်အောင်တီး
မွေးသက္ကရာဇ် ■ ၂၀.၁၁.၁၉၉၄
လူမျိုး ■ လီဆူ + ကချင်
ဘုန်းကြီးပိုင်နယ် ■ ခရစ်တော်ဘုရင်မင်းဘွဲ့ခံကသီဒြယ်
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား ■ The truth shall make you free.


## တတိယနှစ်



အမည် ■ မေရီဒေဝိလိုင်း
မွေးသက္ကရာဇ် ■ ၆.၁၁.၁၉၉၂
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလု ၊ ရေလဲကြီး
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား ■ ထိုဘုရားသည် မောသောသူတို့အား ခွန်အားကို ပေးတော်မူ၏။
နွမ်းနယ်သောသူတို့အား အစွမ်းသတ္တိကို ပေးတော်မူ၏။ (ဟေရှာယ ၄၀း၂၉)



အမည် ■ Hana မေယုခင်
မွေးသက္ကရာဇ် ■ ၅.၆.၁၉၉၄
လူမျိုး ■ ချင်း
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေတရု
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား ■ မိတ်ဆွေ သင့်ရဲ့ လုပ်ဆောင်သမျှ၊ ပြုမူသမျှ၊ ကြံစည်သမျှအတိုင်းကို
ဘုရားသခင် ကြည့်ရှုနေသည်။



အမည် ■ ဂျော့လင်းလင်းထက်
မွေးသက္ကရာဇ် ■ ၃၀.၆.၁၉၉၃
လူမျိုး ■ ရှမ်းတရုတ် + ကရင်
ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသောကားတိုင်၊ ကမာရွတ်
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား ■ I'm crazy ' ' One life, One dream, One Chance.



အမည် ■ စောပီတာမျိုးအောင်
မွေးသက္ကရာဇ် ■ ၃၀.၁.၁၉၉၂
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသောတြိနတိ ၊ ပဲခူး
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား ■ ကျေးဇူးတော်မှတစ်ပါး အခြားသောမင်္ဂလာ ကျွန်ုပ်၌မရှိပါ။







အမည် ■ စော D Yuda
မွေးသက္ကရာဇ် ■ ၈.၂.၁၉၉၀
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလုကသိဒြယ်
သာသနာပိုင်နယ် ■ တောင်ငူသာသနာပိုင်နယ်
ရင်တွင်းစကား ■ လျှောက်နေတဲ့လမ်းမှာ ကျွန်တော်နဲ့ ၊ သခင်နဲ့ ၊ အနာဂတ်နဲ့။




အမည် ■ မောင်ယောဟန်အင်ဘာဆိုင်းလော့
မွေးသက္ကရာဇ် ■ ၁၀.၁၁.၁၉၈၇
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလု၊ လိုင်ဇာ
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား ■ In everything do to others as you would have them do to you; Matthrew 7:12.
Therefore, we must be loving amicability.



အမည် ■ စောဖိုးကျော်မြ
မွေးသက္ကရာဇ် ■ ၁၉.၁.၁၉၉၀
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလုကသိဒြယ်
သာသနာပိုင်နယ် ■ တောင်ငူသာသနာပိုင်နယ်
ရင်တွင်းစကား ■ မျှော်လင့်ချက်တစ်စုံတစ်ရာအတွက်မဟုတ်ဘဲ ပေးဆပ်ခြင်းသက်သက်နဲ့သာ
သခင့်စေရာလမ်းကို ဆက်လျှောက်ကြရအောင်။



အမည် ■ ဉာဏ်စိုးထက်
မွေးသက္ကရာဇ် ■ ၁၄.၁.၁၉၉၂
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်မိက္ခေလ
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား ■ အပျံ့ သင်ခါစပါပဲ။




အမည် ■ ဒေးဗစ်တူးခေါင်
မွေးသက္ကရာဇ် ■ ၉.၁.၁၉၉၄
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ခရစ်တော်ဘုရင်မင်းဘွဲ့ခံကသီဒြယ်
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား ■ မတရားခံရတဲ့အချိန်မှာ တရားမျှတမှုရှိတဲ့ဘုရားသခင်ဆီ တိုးဝင်ချည်းကပ် ခွန်အားယူလိုက်ပါ။



အမည် ■ Samuel စောနေဒိုကပေါ်စိုး
မွေးသက္ကရာဇ် ■ ၁၆.၁.၁၉၉၃
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ထီးကဟော်၊ မောနွေလအသင်းတော်
သာသနာပိုင်နယ် ■ ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား ■ ပိုက်ဆံရှိရင် အရာရာတတ်စွမ်းနိုင်တယ် ဆိုတဲ့ခံယူချက်ထက် ဘုရားသခင်သာရှိရင် အရာရာတတ်စွမ်းနိုင်တဲ့ ဆိုတဲ့ခံယူချက်ကို ပိုပြီး နှစ်သက်မိပါတယ်။ သင်ကော။



အမည် ■ စောကပေါ်စိုး
မွေးသက္ကရာဇ် ■ ၁၅.၁၀.၁၉၉၄
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်အန္ဒြေအသင်းတော်၊ ကွမ်ဘီ
သာသနာပိုင်နယ် ■ ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား ■ The Lord is my Hope.



အမည် ■ မောင်နိုဝယ်မျိုးသူရ
မွေးသက္ကရာဇ် ■ ၃၀.၉.၁၉၉၄
လူမျိုး ■ ဗမာ
ဘုန်းကြီးပိုင်နယ် ■ ရွှေဘို
သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
ရင်တွင်းစကား ■ I'm bad person. But I must be good personbecause of Jesus Christ's Grace.







အမည် ■ ယောရှုအယ်လီမန်
မွေးသက္ကရာဇ် ■ ၁.၄.၁၉၉၀
လူမျိုး ■ ချင်း
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလု
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား ■ တစ်နေ့ကျရင် ပြန်တွေ့မယ်။



အမည် ■ စောနေမျိုးဇေး
မွေးသက္ကရာဇ် ■ ၁၉.၁၂.၁၉၉၀
လူမျိုး ■ ကရင်(ဘွဲ)
ဘုန်းကြီးပိုင်နယ် ■ ရှင်ဂျော့ဂျက် ၊ သံတောင်ကြီး
သာသနာပိုင်နယ် ■ တောင်ငူသာသနာပိုင်နယ်
ရင်တွင်းစကား ■ "Hey man, know thy- self."

## နောက်ဆုံးနှစ်



အမည် ■ မောင်ရှောလမုန်ဆန်းဦး
မွေးသက္ကရာဇ် ■ ၂.၆.၁၉၉၃
လူမျိုး ■ ချင်း (ခူမီး)
ဘုန်းကြီးပိုင်နယ် ■ ရှင်သတေဖန်အသင်းတော် ၊ မြင့်သောင်
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား ■ ငါ့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်တော်မူ၏။ ဖိလိပ္ပိ ၄း၁၃။



အမည် ■ ဒေးဗစ်ဘောက်လီ
မွေးသက္ကရာဇ် ■ ၁၆.၄.၁၉၈၈
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန် ၊ ဟိုပင်
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား ■ ရှေ့ဆက်ရမည့် ဘဝလမ်းခရီးတစ်လျှောက်တွင် ကိုယ်တော် ကျွန်တော်နှင့် အတူရှိတော်မူပါ။



အမည် ■ မဖွေးဖွေးဝင်း
မွေးသက္ကရာဇ် ■ ၁၆.၄.၁၉၈၈
လူမျိုး ■ ချင်း (ရှုမီး)
ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်အသင်းတော် ၊ ပလက်ဝ
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား ■ ထာဝရဘုရား၌ အစဉ်အမြဲ ခိုလှုံကြလော့။
ထာဝရဘုရားသည် နိစ္စထာဝရ ခိုလှုံရာဖြစ်တော်မူ၏။



အမည် ■ မောင်လှိုင်ဝင်း
မွေးသက္ကရာဇ် ■ ၆.၅.၁၉၉၀
လူမျိုး ■ ရခိုင်
ဘုန်းကြီးပိုင်နယ် ■ ရှင်လုကာအသင်းတော် ၊ မြေပုံမြို့
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား ■ အရာရာအတွက် ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။



အမည် ■ အိုက်အောင်လှိုင်
မွေးသက္ကရာဇ် ■ ၁၉.၇.၁၉၈၁
လူမျိုး ■ ချင်း (ရှုမီး)
ဘုန်းကြီးပိုင်နယ် ■ မောနွေလဘုန်းတော်ကြီးပိုင်နယ် ၊ တို့ကွင်းဝရွာ
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား ■ ဘုရားသခင်သည် ကျွန်တော်တို့ အားလုံးအပေါ် ကောင်းမြတ်တော်မူ၏။



အမည် ■ ဆမားရှုံဆုန်ဆိုင်းအောင်
မွေးသက္ကရာဇ် ■ ၂၈.၁၂.၁၉၈၈
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်အန္တြေအသင်းတော်၊ တနိုင်း
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား ■ စေလိုရာ စေ။







အမည် ■ စောခရစ္စတီးဝင်း
မွေးသက္ကရာဇ် ■ ၂.၆.၁၉၉၃
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်အသင်းတော်၊ လှိုင်းဘွဲ
သာသနာပိုင်နယ် ■ ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား ■ အဓိက ဘုရားသိစေဖို့ပါ။



အမည် ■ စဘိုဘို
မွေးသက္ကရာဇ် ■ ၁၁.၄.၁၉၈၈
လူမျိုး ■ ကရင်(ပိုး)
ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသူအပေါင်း ဘုန်းကြီးပိုင်နယ်၊ ဂရမ်း
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား ■ တရားမျှတခြင်းဖြင့် အသက်ရှင်ကြပါ။




အမည် ■ စကာလက်
မွေးသက္ကရာဇ် ■ ၅.၃.၁၉၈၄
လူမျိုး ■ ကရင် (ပိုး)
ဘုန်းကြီးပိုင်နယ် ■ ရှင်မိကွေလအသင်းတော်၊ ညောင်ဂူ
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား ■ စုံစမ်းခြင်းများကို ခံနိုင်ရည်ရှိသော ခွန်အားများကို ပေးပါ။



အမည် ■ စောရစ်ချက်ရန်အောင်
မွေးသက္ကရာဇ် ■ ၂၃.၁၂.၁၉၉၂
လူမျိုး ■ ကရင် + ဗမာ
ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသောတြိနတိကသိဒြယ်
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား ■ စိုက်ပျိုးချိန် ရှိသလို၊ ရိတ်သိမ်းချိန်လည်း ရှိမယ်။



အမည် ■ မပိုပိုမြင့်မောင်
မွေးသက္ကရာဇ် ■ ၂၁.၆.၁၉၈၄
လူမျိုး ■ ချင်း
ဘုန်းကြီးပိုင်နယ် ■ ရှင်လုကာအသင်းတော် ၊ မြေပုံမြို့
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား ■ ဘုရားသခင်ကို ယုံကြည်ပါ။ မိမိကိုယ်ကိုလည်း ယုံကြည်ပါ။



အမည် ■ ဂျိမ်းစ်အောင်ထွန်းစိုး
မွေးသက္ကရာဇ် ■ ၂၅.၃.၁၉၈၉
လူမျိုး ■ ချင်း + ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်အသင်းတော် ၊ ပလက်ဝ
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား ■ ကျွန်တော်၏တွေးတော ကြံစည်ခြင်းမှန်သမျှကို သူတစ်ပါးအတွက် ကောင်းသောအကျိုးပြုနိုင်ဖို့ ခွန်အားပေးတော်မူပါ ဘုရား။



အမည် ■ ရှိုင်းလုကာ
လူမျိုး ■ ၆.၁၀.၁၉၉၁
ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသောကားတိုင် ၊ ကမာရွတ်
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား ■ အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ရှိပါ၏။ အသုံးပြုမူပါ။



အမည် ■ အာဒံကျော်သူရ
မွေးသက္ကရာဇ် ■ ၂၈.၁၀.၁၉၇၆
လူမျိုး ■ ကရင် + ဗမာ
ဘုန်းကြီးပိုင်နယ် ■ ရှင်မိက္ခေလ ၊ ကြည့်မြင်တိုင်
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား ■ "Cast all your anxiety on Him, because he care for you" သင်တို့ကို သတိနှင့်ကြည့်ရှုတော်မူသောကြောင့် သင်တို့၌ စိုးရိမ်ခြင်းရှိသမျှကို ကိုယ်တော်၌ အပ်နှံကြလော့ (၁ပေ ၅း၇)။



အမည် ■ ခရစ္စတိုဖာကြည်လင်းစိုး
မွေးသက္ကရာဇ် ■ ၅.၁၀.၁၉၉၂
လူမျိုး ■ ကရင် (ပိုး)
ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်အသင်းတော် ၊ ကျောင်းတော်
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား ■ ဖားကောက်ဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ဒါကြောင့်လမ်းခရီးတစ်လျှောက်မှာ ငါးတွေ၊ သားတွေ တွေ့ရင်လည်း ကောက်မှာမဟုတ်ဘူး။ ဖားပဲဆက်ကောက်နေဆဲပါ။ ဘဝခရီးဆုံးထိတိုင် ဖားကောက်ခွင့်ပေးတော်မူပါ သခင်။





# ဆရာ/မ ၊ ကျောင်းသူ/သား၊ ဝန်ထမ်းအင်အား (၂၀၁၄-၂၀၁၅)

## အချိန်ပြည့်ဆရာ၊ ဆရာမများ

၁။ ဘုန်းတော်ကြီးပါမောက္ခဒေါက်တာစံမြတ်ရွှေ - ကျောင်းအုပ်ကြီး
၂။ ဘုန်းတော်ကြီးဒေါက်တာပေါလ်မြင့်ထက်ထင်ရ - သင်ကြားရေးတာဝန်ခံ
၃။ ဘုန်းတော်ကြီး အန္တြူးမန်းဇော်လွင် - ကထိက
၄။ ဆရာမဒေါ်ဆဂခေါန်တောင် - ကထိက
၅။ ဆရာမမေရီနှင်းနှင်းအေး - ကျောင်းသားရေးရာတာဝန်ခံ (လ၊ထ ကထိက)
၆။ ဘုန်းတော်ကြီးမိုးဇက်ကစိုထော - လက်ထောက်ကထိက
၇။ ဘုန်းတော်ကြီးစလိုင်းဒါဝိဒ် - လက်ထောက်ကထိက

## အချိန်ပိုင်းဆရာ၊ ဆရာမများ

၁။ Mrs. Bolster
၂။ ဘုန်းတော်ကြီး ပါမောက္ခကင်နွန်ဒေါက်တာမာကုစောမောင်ဒို
၃။ ဘုန်းတော်ကြီး ဒေါက်တာရှိမုန်ဘီဘင်ထူး
၄။ ဘုန်းတော်ကြီး အယ်လင်ကျော်မျိုးနိုင်
၅။ ဆရာမကြီးနော်ရှီဘာမူးဗင်း
၆။ ဘုန်းတော်ကြီးဝင်စတန်အောင်မျိုးထွန်း
၇။ ဆရာကြီးဒေါက်တာဦးအောင်လှထွန်း (အထွေထွေအကျိုးဆောင်အချိန်ပြည့်)
၈။ ဆရာဦးနောင်အောင် ၉။ ဆရာအိုက်ခနောကာ ၁၀။ ဆရာမြတ်ဇော်

## စာကြည့်တိုက်

၁။ ဘုန်းတော်ကြီးစောဂျွန်သက်လွင် - စာကြည့်တိုက်မှူး
၂။ ဆရာမဒေါ်ဝေဝေမြင့် - စာကြည့်တိုက်မှူး
၃။ နော်မားစီစည်းစိမ်စိုး - စာကြည့်တိုက်ဝန်ထမ်း

## အခြားဝန်ထမ်းများ

၁။ ဆရာမဒေါ်မာသ - ရုံးစာရေး
၂။ နန့်ရီရီဝင်း - ထမင်းချက်
၃။ ဦးစောမြတ်သင်း - ပြုပြင်ထိန်းသိမ်းရေးတာဝန်ခံ၊ အချိန်ပြည့်ယာဉ်မောင်း
၄။ နန့်သန္တာဝင်း - ရုံးအကူ၊ ယာယီဝန်ထမ်း
၅။ နန့်ဆန်းဖောင်ဘွား - စာရင်းကိုင်အကူ( ယာယီဝန်ထမ်း )
၆။ ကိုဒေးဗစ် - ဥယျာဉ်မှူး (ယာယီဝန်ထမ်း)

■■ ကျောင်းသား၊ ကျောင်းသူများစာရင်း (၂၀၁၄–၂၀၁၅)

| သာသနာပိုင်နယ် | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ရန်ကုန် | ၁၃ | ၁ | ၁၄ |
| မန္တလေး | ၅ | - | ၅ |
| တောင်ကြီး | ၄ | - | ၄ |
| စစ်တွေ | ၉ | ၃ | ၁၂ |
| ဘားအံ | ၄ | ၁ | ၅ |
| မြစ်ကြီးနား | ၁၂ | ၁ | ၁၃ |
| စုစုပေါင်း | ၄၇ | ၆ | ၅၃ |

■■ အတန်းလိုက် ကျောင်းသား၊ ကျောင်းသူများ စာရင်း

| အတန်း | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ပထမနှစ် | ၁၅ | ၁ | ၁၆ |
| ဒုတိယနှစ် | ၇ | ၁ | ၈ |
| တတိယနှစ် | ၁၂ | ၂ | ၁၄ |
| စတုတ္ထနှစ် | ၁၃ | ၂ | ၁၅ |
| စုစုပေါင်း | ၄၇ | ၆ | ၅၃ |

■■ စဉ်ဆက်မပြတ်ဓမ္မပညာသင်ကြားရေးအစီအစဉ်မှသင်တန်းသားများ (၂၀၁၄–၂၀၁၅)

၁။ ဘုန်းတော်ကြီးစစ်ကျော်၊ တောင်ကြီး
၂။ ဘုန်းတော်ကြီး အောင်လင်းထိန်၊ ရန်ကုန်
၃။ ဆရာမ မိုင်သန္တာမြင့် ၊ ရန်ကုန်
၄။ ဘုန်းတော်ကြီးစတေးဖာ၊ တောင်ကြီး
၅။ ဘုန်းတော်ကြီးဂျိုးဇက်ဇော်သူရ ၊ ရန်ကုန်
၆။ ဆရာမနော်ခရစ္စတီးတကူဖော ၊ တောင်ကြီး
၇။ ဆရာ စရှိုင်းနောင် ၊ ရန်ကုန်

■■ ဆရာ၊ ဆရာမများ အရည်အချင်းမြှင့်တင်ရေး အစီအစဉ်

၁။ ဘုန်းတော်ကြီး စောဂရယ်ဂရီဝေမူး (M.Th, Moore College, Sydney)
၂။ ဆရာမနော်မြတ်စုမွန် (M.Th, Lutheran Theological Seminary College, Hong Kong)
၃။ ဆရာရှမွေလစောခလေးစော - နည်းပြ (M.Div, M.I.T)
၄။ ဆရာစောကလိုထူးဝါး - နည်းပြ (M.Div, M.I.T)
၅။ ဆရာဘရန်အောင် - နည်းပြ (M.Div, M.I.T)
၆။ ဆရာမနော်လွင်သီတာမြင့် - နည်းပြ (M.T.S USA)








# မျှဝေလိုက်ပါ ချစ်ခြင်းမေတ္တာ

ပိုးသုည

ယနေ့ကမ္ဘာလောကကြီးကို ကြည့်လိုက်ပါ။ ငြိမ်းချမ်းမှုဆိုတာ ဘယ်မှာလဲ။ တရားမျှတမှု ဆိုတာလည်း ဘယ်မှာလဲ။ စာနာထောက်ထားမှုဆိုတာရော အဘိဓာန်ထဲမှာဘဲ ရှိနေတယ်လို့ ထင်ရလောက်အောင် နေရာအနှံ့ ဒုစရိုက် တွေနဲ့ပဲ ပြည့်နှက်လို့ နေပါတယ်။ အဆုံးမရှိတဲ့ စစ်မက်တွေကြောင့် အနာဂတ်တွေ ပျောက်ဆုံးနေရှာတဲ့ ဘဝများစွာလည်း လောကကြီးမှာ မထူးဆန်းစွာ မြင်တွေ့နေရတာပဲ မဟုတ်လား။ အာဏာနဲ့ ရာထူးအတွက်ကြောင့်လား။ လောဘသား (ခရိုနီ) တစ်စုရဲ့ လက်ဝါးအုပ် ခြယ်လှယ်မှုကြောင့်လား။ အချိန်တိုင်း သားကောင်ဘဝနဲ့ အောက်ခြေလူတန်းစားအတွက် ကမ်းလင့်မဲ့လက်တွေ စာနာမှုတွေနဲ့ နားထောင်ပေးမည့်နားတွေ ပျောက်ဆုံးနေပြီ မဟုတ်လား။ အနိုင်ထက်စီးနင်းမှုတွေနဲ့ ကြင်နာမှုတွေ အစုတော့ပျောက်ဆုံးလို့ နေကြပြီမဟုတ်လား . . .။

ဒါ့အပြင် တစ်ယူသန်တဲ့ အယူဝါဒတွေကြောင့် လူသားတွေရဲ့ဘဝတွေက စည်းခြား နေကြပြီ မဟုတ်လား။ ပဋိပက္ခတွေနဲ့ အမုန်းဇာတ်တွေ ပွားလာကြပြီလေ။ ဒီလိုအဖြစ်အပျက်တွေကြားထဲမှာ မျှော်လင့်ချက်မဲ့နေတဲ့ ဘဝပေါင်းများစွာ ကမ္ဘာမြေအနှံ့မှာ ပြန့်ကြဲလို့နေပါတယ်။ ဒီလိုသာ ဆက်သွားနေရင် လောကကြီးရဲ့ မနက်ဖြန်များစွာဟာ သွေးစွန်းနေအုံးမှာပဲ။ စည်းတွေ ခြားနေအုံးမှာပဲ။

ငါတို့တွေ မနက်ဖြန်များစွာကို ကျော်ဖြတ်ကြရအုံးမှာပါ။ လောကကြီးထဲ ငါတို့ရဲ့မနက်ဖြန်များစွာကို ဘယ်လို အရောင်ခြယ်ကြမလဲ။ ငါတို့တွေဆီမှာ ဘာတွေရှိနေလဲ။ လောကကြီးအတွက် ငါတို့တွေ ဘာလုပ်ပေးနိုင်မလဲ။ သေချာတာတစ်ခုကတော့ ချစ်တတ်အောင်ကြိုးစားရအောင်။

ငါတို့တွေ ကိုယ့်ဘဝကို ငြိမ်းချမ်းပျော်ရွှင်စွာ ဖြတ်သန်းချင်သလိုမျိုး သူတစ်ပါးတွေရဲ့ ဘဝတွေကိုလည်း ပြန်ငဲ့ကြည့်ရအောင်။ လိုနေသူတွေကိုလည်း ကူညီနိုင်ဖို့ ကြိုးစားရအောင်။ ငါတို့တွေ မှန်တယ်လို့ ခံယူတတ်သလိုမျိုး သူတစ်ပါးတွေရဲ့ ခံယူချက်တွေ အယူဝါဒတွေကိုလည်း လေးစားကြရအောင် . . . ။

တကယ်တော့ ငါတို့တွေဟာ ခရစ်တော်ရဲ့ အနှိုင်းမဲ့မေတ္တာများကို ခံစားနေရတဲ့သူတွေပါ။ ဒါကြောင့်သခင်ခရစ်တော်ရဲ့မေတ္တာကို မျှဝေဖို့ ကြိုးစားရအောင်။ လောကကြီးရဲ့ အဆိပ်သင့်နေတဲ့ နေ့စွဲတွေ၊ အမုန်းနေ့စွဲတွေကို ငြိမ်းစေရအောင်။ သခင်ဘုရားအလိုရှိနေတာလည်း ဒါပဲမဟုတ်လား။ ဒါ့အပြင် ငါတို့တွေဟာ လူသားချင်းအတူတူပဲဆိုတဲ့ အသိစိတ်နဲ့ ငါတို့တွေရဲ့ အနာဂတ်များစွာကို ဖန်တီးရင်း လှပစေဖို့၊ ငြိမ်းချမ်းစေဖို့ လျှောက်လှမ်းကြစို့ . . . ။

ဖိုးသုည

■ ■ ■ ■ ■ ■ ■

## ကြောက်လို့ပါ

ဟာသ

ကောင်မလေး ။ ။ မောင် ဘာလို့ ဖုန်းမဆက် ၊ မက်ဆေ့ချ် မပို့တာလဲ။ ညီမလေးရဲ့ အဖေနဲ့ အစ်ကိုတွေကို ကြောက်လို့လား။

ကောင်လေး ။ ။ ညီမလေးရဲ့ အဖေနဲ့ အစ်ကိုတွေကို မောင်မကြောက်ပါဘူး။ မောင်ကြောက်တာ “ Your balance is lower than 200 kyats, Please recharge soon” ဆိုတဲ့ Message ပဲ။

ကိုချစ်တီး (ဖိုးသုည)

■ ■ ■ ■ ■ ■ ■







၂ ၀ ၁ ၃ - ၂ ၀ ၁ ၄ ပ ညာ သ င် နှ စ်

# ပထမနှစ်ကျောင်းသူ၊ ကျောင်းသားများ၏

## ကွင်းဆင်းလေ့လာခြင်း ခရီးစဉ်

ဒါဂိုက်ဗိုး

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ကျွန်တော်တို့ ပထမနှစ် ကျောင်းသား/သူ များသည် နွေရာသီ လက်တွေ့ ကွင်းဆင်းလေ့လာခြင်းခရီးစဉ်ကို ကျောင်းအုပ်ကြီး၏ခွင့်ပြုချက်နှင့် ဆရာဦးအောင်လှထွန်း၏ စီစဉ်ပေးမှုဖြင့် သွားရောက်ခဲ့ပါသည်။ ထိုခရီးစဉ်အား ဆရာဘရန်အောင်၏ ဦးဆောင်မှုဖြင့် ရန်ကုန်သာသနာပိုင်နယ်၊ ပြည်ဒေသန္တရနယ်၊ ရှင်ပေါလုဘုန်းကြီးပိုင်နယ် ကြာအင်းနှင့် သန့်ရှင်းသောကားတိုင် အသင်းတော် တလုတ်ပင်သို့ လဝက်နီးပါး လက်တွေ့ လေ့လာ သင်ယူရန် သွားရောက်ခဲ့ပါတယ်။

ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်ခြင်းအနေဖြင့် တပတ်တစ်ခါ တွေ့ဆုံ၍ ဆုတောင်းခြင်း၊ ဆရာကြီးဦးအောင်လှထွန်းနှင့် တစ်လတစ်ကြိမ်တွေ့ဆုံ၍ သင်ကြားမှုခံယူခြင်း၊ ခရီးစဉ်အဖို့ ဘဏ္ဍာငွေရှာကြံခြင်း၊ အခါအားလျော်စွာ သီချင်းတိုက်ခြင်း စသည်တို့ဖြင့် ပြင်ဆင်ခဲ့ပါသည်။

ထိုခရီးစဉ်အား (၁၃.၃.၂၀၁၄) ရက်နေ့တွင် ကျောင်းတော်ကြီးမှ ထွက်ခွာပြီး (၃.၄.၂၀၁၄) ရက်နေ့တွင် ကျောင်းတော်ကြီးသို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ ခရီးစဉ်ကို ကားဖြင့်သော်လည်းကောင်း၊ ကုန်းကြောင်းဖြင့် တစ်ဖုန်၊ လှည်းဖြင့် တစ်သွယ်၊ ဆိုင်ကယ်ဖြင့် တစ်မျိုး၊ စသည်ဖြင့် ခရီးနှင်ခဲ့ရပါသည်။

ခရီးစဉ်တလျှောက်တွင် ကလေးသူငယ်များအား ဓမ္မပညာသင်ကြားခြင်း၊ အသင်းသားနေအိမ်သို့ သွားရောက် မိတ်သဟာရဖွဲ့ခြင်း၊ ဆုတောင်း ခွန်အားပေးခြင်း၊ ပြည်ဒေသန္တရနယ်လုံးဆိုင်ရာ ပြုလုပ်သော ဓမ္မပညာသင်တန်းတွင် ဒေသန္တရနယ် ဆရာ / မ များအား ကူညီပေးခြင်း စသည်တို့ ပြုလုပ်ခဲ့ပါသည်။ ထို့ ပြင် ကြာအင်းဘုန်းကြီးပိုင်နယ်၌ ဓမ္မပညာ သင်ကြားခြင်းတွင် အသုံးပြုရန် white board များလှူဒါန်းခြင်း၊ တလုတ်ပင် ဓမ္မပညာသင်ကြားခြင်း၌ အစားအသောက်အတွက် လှူဒါန်းခြင်း၊ မုန့်တံခါးများအတွက် လှူဒါန်းခြင်းနှင့် လိုအပ်သောဒေသ၌ ဆေးဝါးများလှူဒါန်းခြင်း စသည်တို့ ပြုလုပ်ခဲ့ပါသည်။

ဤခရီးစဉ်အား သွားရောက်လေ့လာရန် စီစဉ်ပေးခဲ့သည့် ကျောင်းအုပ်ကြီးနှင့်တကွ ကျောင်းတော်ကြီးမှ ဆရာ / မ များကိုလည်းကောင်း၊ ဤခရီးစဉ်တွင် ကျွန်တော်တို့အား လက်ခံကြိုဆိုကြသော ဘုန်းတော်ကြီးပီတာမြင့်ဖော်နှင့်အတူ ကြာအင်းအသင်းတော်မှ အသင်းသူ / သား များ အားလုံး အားလည်းကောင်း၊ ဘုန်းတော်ကြီးပေါလုကျော်မြင့်နှင့်အတူ တလုတ်ပင်အသင်းတော်မှ အသင်းသားများ အားလုံးအားလည်းကောင်း၊ ငွေကြေးဖြင့် ပါဝင်လှူဒါန်းကြသောသူများနှင့် ဆုတောင်းခြင်းဖြင့် ပါဝင် ကူညီပေးကြသော ခရစ်တော်၌ ညီအစ်ကို မောင်နှမအားလုံးတို့အား အထူးပင် ကျေးဇူးတင်ကြောင်းကို ဖော်ပြလိုပါသည်။

အိုက်စိုး



■ ■ ■ ■ ■ ■ ■







# စာတန်ရုံးခန်း

ကြယ်စင်

## အခန်း(၁)

ဒေသန္တရဆိုင်ရာ စာတန်မင်းကြီး၏ရုံးခန်းတွင် ဖြစ်ပေသည်။ စာတန်မင်းကြီးတစ်ယောက် အစီရင်ခံစာပေါင်းစုံနှင့် အလုပ်ရှုပ်နေသည်။ ထိုစဉ် ရုံးစေ ပြာတာ စာတန်ငယ်တစ်ဦး ရုံးခန်းထဲသို့ ဝင်ရောက်လာလျက် -

"အရှင် စာတန်မင်းကြီး၊ မူးယစ်ဆေးဆိုင်ရာ တာဝန်ခံ အစေား ဝင်ရောက်လာပါတယ်"

"အော် . . . အေး အေး . . . ဝင်ခိုင်းလိုက်"

အရပ်ပုပုရွဲ့ရွဲ့နှင့် စာတန်တစ်ယောက် အခန်းတွင်းသို့ တရွက်တစ်ရွက်ကိုင်လျက် ဝင်ရောက်လာသည်။ စာတန်မင်းကြီးမှ

"ပြော ဘာကိစ္စလဲ""

"အရှင်မင်းကြီး အသစ်တင်သွင်းလာတဲ့ အရက်အမျိုးအစားသစ်စာရင်းတွေနဲ့ အသစ်ဖွင့်လှစ်တဲ့ အရက်၊ ဘီယာ၊ ဆေး လိပ်၊ ကွမ်း ရောင်းချတဲ့ ဆိုင်စာရင်းတွေပါ"

"အော် . ဟုတ်လား . . . ပေးစမ်း . . . ငါစစ်ကြည့်မယ်"

"ဟင် . . စာရင်းတွေကလည်း ကပေါက်တိကပေါက်ချာပါလား"

"ခွင့်လွှတ်ပါအရှင်မင်းကြီး . . စာရင်းတွေရေးသားပြုစုရင်း . . တဘက်က အရက်၊ ဆေးလိပ်စတဲ့ မူးယစ်ဆေးဝါးတွေ စံချိန်မီ မမီ စမ်းသပ်ရင်း ကျွန်တော်မျိုးလည်း နဲနဲရေချိန်လွန်သွားလို့ပါ"

"ဟင် . . မင်းမှာလဲ ဆင်ခြေတွေချည်းဘဲ။ ကဲ ကဲ . . နောင် ဒါမျိုးမဖြစ်စေနဲ့၊ အလုပ်ခွင်မှာ လုပ်ငန်းသဘောပဲသောက် . . မင်းအလုပ်က ဘယ်လောက်ထိ အရေးကြီးတယ်ဆိုတာ သိတယ်မလား။ ၉၉%သော ယောကျ်ားတွေက မူးယစ်ဆေးဝါးနဲ့ ကင်းတာ မဟုတ်ဘူး၊ ဒီတော့ သူတို့တွေ စွဲမက်နေဖို့ က စံချိန်မီနေဖို့ အရေးကြီးတယ်"

"ဟုတ်ကဲ့ပါ အရှင်မင်းကြီး"

"ဒါနဲ့၊ မူးယစ်ဆေးဝါးသုံးစွဲတဲ့ အမျိုးသမီးဦးရေနဲ့ ကလေးဦးရေကိုလည်း စာရင်းကောက်။ ခရစ်ယာန်နဲ့ အခြားဆိုပြီး သတ်သတ်ခွဲ စာရင်းပြုစုထား"

"ဟုတ်ကဲ့ပါ၊ ကျွန်တော့်လက်ထောက် ဆွဲဆောင်ရေးဌာနက ပြောတာကတော့ ခရစ်ယာန်ဦးရေ သိပ်မတက်လာဘူးလို့ ကြားပါတယ်"

"အင်း . . ဒါဆိုရင် အထူးလုပ်ရုံ ဆွေးနွေးပွဲတွေလုပ်ပြီး သွေးဆောင်ဖျားယောင်းဖို့ နည်းဗျူဟာအသစ် ရှာဖွေဖို့ ပြင်ဆင်ပါ"

"ဟုတ်ကဲ့ပါ အရှင်မင်းကြီး၊ နောက်ထပ် ဘာမှာကြားစရာ ရှိသေးလဲ"

"အေး မရှိတော့ပါဘူး။ မင်းအလုပ်ကို အလေးအနက်ထား အထူးကြိုးစားလုပ်စေချင်တယ်၊ မင်းအလုပ်က ခရစ်ယာန်တွေရဲ့ဝိညာဉ်ကို ဖျက်ဆီးဖို့ တိုက်ရိုက်အကျိုးမသက်ရောက်စေပေမယ့်၊ သူတို့ရဲ့ ခန္ဓာနဲ့ ငါတို့ရဲ့ရန်သူ ခရစ်တော်ရဲ့ သာသနာမှာ ပါဝင်နိုင်စွမ်းကို ယုတ်လျော့သွားအောင် အဓိကထိုးနက်နေတဲ့အရာမို့ မမေ့လျော့စေချင်ဘူး။ သူတို့ကို ရှာလို့ရသမျှတွေ မင်းထုတ်ကုန်တွေနဲ့ လဲလှယ်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစား၊ ကြားလား"

"ကောင်းပါပြီ၊ အရှင်မင်းကြီး"

စာတန် မင်းကြီးလည်း ပြန်လည်ထွက်ခွါသွားသော မူးယစ်ဆေးဝါးဆိုင်ရာ တာဝန်ခံအား ကျေနပ်ပီတိဖြစ်သော မျက်နှာဖြင့် ကြည့်လျက် ခေါင်းတညိတ်ညိတ်နှင့် ကျန်ခဲ့သည်။

## အခန်း(၂)

ဒေသန္တရဆိုင်ရာ စာတန် မင်းကြီးသည် နယ်ပယ်ဒေသအသီးသီးမှ တင်ပြသည့် အစီရင်ခံစာများကို ခေါင်းမဖော်တမ်း ဖတ်ရှုနေသည့် သူ၏ ကိုယ်ရေးအတွင်းရေးမှူး စာတန်အား

" ကဲ ကဲ . . မင်းဒီအစီရင်ခံစာတွေချည်းဘဲ လိုမ်ဖတ်မနေနဲ့"

"ခင်ဗျာ"

"မင်းကို ငါပြောထားတယ်လေ၊ အလုပ်မစခင် ကျမ်းစာကို တစ်နာရီလောက် အချိန်ယူ ဖတ်ပါလို့"

"အရှင်မင်းကြီး၊ ကျွန်တော့်မှာ အရှင်မင်းကြီးကို အစီရင်ခံစာတွေ အချိန်မှီပို့နိုင်အောင် မနည်းဖတ်နေရတာ၊ ကျမ်းစာဖတ်ဖို့ အချိန်မပေးလိုပါဘူး"

"အင်း . . မင်း . . ဒါကြောင့် ရာထူးမတိုးတာပေါ့"

"ဘာလို့လဲ အရှင်မင်းကြီး"

"အရည်အချင်းရှိတဲ့ အတော်ဆုံး စာတန်တွေဆိုတာ ကျမ်းစာကိုလည်း ကျေကျေညက်ညက်ဖတ်ထားရတယ်၊ ခရစ်ယာန်အသင်းတော်သမိုင်းကိုလည်း သေသေချာချာလေ့လာထားရတယ်ကွ"

"ခင်ဗျာ . . . ဘာဖြစ်လို့လဲ"

"တို့ရဲ့အကြီးဆုံး မင်းကြီး လူစီဖာတောင် ခရစ်တော်ကို သွေးဆောင်ဖို့လုပ်တာ ကျမ်းစာနဲ့ပဲကွ၊ လက်ရှိအသင်းတော်တွေ အစိတ်စိတ် အမွှာမွှာကွဲပြားစေတာလည်း ကျမ်းစာကို အနက်ဖွင့် ကျင့်သုံးမှုကြောင့်လည်း တစ်စိတ်တစ်ဒေသ ပါတယ်"

"ဟုတ်လား"

"အဲ့ဒီ ကျမ်းစာထဲမှာ တို့တတွေကို ဘယ်လိုအနိုင်ယူနိုင်တယ်ဆိုတဲ့ နည်းဗျူဟာတွေပါတော့ တို့တတွေ ကြိုဖတ်ထားမှ တော်ကာ ကျမယ်။ ရန်သူရဲ့ တိုက်စစ် ဗျူဟာကို ကြို သိထားခြင်းဟာ





အောင်မြင်ဖို့ရန် တစ်ဝက်လောက် အခွင့်အရေးရှိတယ်ကွ"

"ဟုတ်ရဲ့လား အရှင်မင်းကြီး၊ ကျမ်းစာက အဲ့ဒီလောက် ကျွန်တော်တို့အတွက် အသုံးကျသလား။"

"ဟား ဟား ဟား . . . မင်းနယ်ကွာ၊ ကျမ်းစာကို ခရစ်ယာန်တွေ စေ့စေ့သာဖတ်ရင် တို့-တတွေ နေစရာနေရာတောင်ရှိမှာ မဟုတ်ဘူး၊ အခု ငါတို့က စေ့စေ့စပ်စပ် နေ့စဉ်ဖတ်နေလို့ ငါတို့ ဗျူဟာတွေ အောင်မြင်ပြီး၊ ခရစ်ယာန်တွေအပေါ် တိုက်ပွဲ အလီလီ အောင်မြင်မှုရလို့ အခုလို စာတန်မင်းကြီးဖြစ်နေတာကို ကြည့်။ အဲ့ဒါ နေ့စဉ်ကျမ်းစာဖတ်ခြင်းအကျိုးကွ၊ ငါဆို အခုထိ ကျမ်းစာကို နေ့စဉ်ဖတ်နေတုန်းကွ"

"ဒါဆိုရင် ကျွန်တော်လည်း ဒီနေ့ကစပြီး ကျမ်းစာကို မှန်မှန်ဖတ်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"ကောင်းတာပေါ့ကွာ"

ထိုစဉ် ရှေ့တန်းကွပ်ကဲရေးဌာနမှ တာဝန်ခံသည် ဒဏ်ရာဗလပွဖြင့် ရုံးခန်းထဲသို့ ဝင်ရောက်လာသည်။

"အရှင်မင်းကြီး . . အား . . ကျွတ်ကျွတ် . . ကယ်ပါဦး"

"ဒါက ဘယ်လိုဖြစ်ရတာလဲ။ ဒဏ်ရာ ဒဏ်ချက်တွေနဲ့ပါလား"

"မပြောချင်တော့ပါဘူး အရှင်မင်းကြီးရယ်၊ အသင်းတော်ကြီးတွေရဲ့ ဝန်းကျင်မှာ ချထားတဲ့ ရှေ့တန်းစစ်စခန်းတွေ စစ်ဆေးပြီး နှစ်ယောက်တစ်ပိုင်းလောက်သာရှိတဲ့ အသင်းတော်ငယ် တစ်ပါးရှိတဲ့ နယ်မြေက စခန်းငယ် တစ်ခုကို စစ်ဆေးဖို့ ရောက်နေတုန်းမှာဘဲ ရုတ်တရက် အဝေးပစ် လက်နက်ကြီးနဲ့ အပစ်ခံလိုက်ရတာ စခန်းလည်း ပျက်၊ ကျွန်တော်တို့လည်း ဒဏ်ရာဗရပွနဲ့ ဆုတ်ခွါရတော့တာပဲ"

"ဘာ . ဘယ်လို . . လက်နက်ကြီးနဲ့ အပစ်ခံရတယ်၊ နှစ်ယောက်တစ်ပိုင်းသာ ရှိတဲ့ အသင်းတော်ငယ်မှာ ဘယ်က လက်နက်ကြီး ရှိနေတာလဲ"

စာတန်မင်းကြီးမှ

"အေး ၊ ကျမ်းစာထဲမှာ ငါတို့ရဲ့ ရန်သူဖြစ်တဲ့ ခရစ်တော်က ဒီလိုဆိုထားတယ်၊ ငါတို့တွေကို နှိမ်နင်းနိုင်ဖို့ အစာရှောင်ခြင်း၊ ယုံကြည်လျက် ဆုတောင်းခြင်းလို့ ဆိုထားတယ်လေ။ ဟင်း . . ငါတို့ အကြောက်ဆုံးက အဲဒီ ယုံကြည်လျက် ဆုတောင်းခြင်း။ ခရစ်တော်ကလည်း ကတိပေးထားတယ်။ လူနှစ်ဦးသုံးဦး သဘောတူ ဆုတောင်းတဲ့ နေရာမှာ သူရှိနေမယ်။ ဒါမှမဟုတ် သန့်ရှင်းသောဝိညာဉ်တော်ဆိုတဲ့ မဟာတန်ခိုးရှိနေမယ်လို့ ဆိုထားတယ်"

"ဟို . . ဟိုလေဂေါင်အပါအဝင် နတ်ဆိုးအများအပြား အလဲအကွဲ ရှုံးနိမ့်ခဲ့ရတဲ့ အဖြစ်မျိုးလား"

"အေး . . ဟုတ်တယ် . . . တကယ်တော့ ခရစ်ယာန်လောကမှာ ဆုတောင်းခြင်းလက်နက်ကို ထိထိရောက်ရောက်အသုံး ချနိုင်တဲ့သူ ရှားတယ်။ အသင်းတော်ကြီးတွေရဲ့ ဆုတောင်းခြင်းမှာလည်း သဘောတူလျက် ဆုတောင်းခြင်းဆိုရရင် စိတ်နှလုံးတွေ ထပ်တူကျပြီး ဆုတောင်းခြင်းမရှိလေတော့ တို့-တတွေ သက်သာနေရတာ။ အိပ်ငိုက်သူက ငိုက်၊ တောင်တွေး မြောက်တွေးနဲ့ ဆုတောင်းခြင်းမှာ စိတ်အာရုံမစိုက်ကြလို့ ဆုတောင်းခြင်းရဲ့ တန်ခိုးဆိုတဲ့ အဝေးပစ် လက်နက်ကြီးဒဏ် တို့နယ်မြေမှာ မခံရတာ ကြာပြီကွဲ့."

"ဟုတ်ပါတယ် အရှင်မင်းကြီး၊ ဒီမွေ့ဆရာပေါက်စနဲ့ နှစ်ယောက်တစ်ပိုင်းအသင်းသားတွေ အတူ ဒူးထောက်ပြီး တတ်သရွေ့ မှတ်သရွေ့ ပိုင်းဝန်းဆုတောင်းလိုက်တဲ့ အသံက ကျွန်တော်တို့အတွက် အဏုမြူဗုံးထက် ဆယ်ဆပြင်းတဲ့ ဒဏ်ချက်တွေနဲ့ သူတို့နားက ကျွန်တော်တို့ ခြေကုပ်စခန်းလည်းပျက်၊ အဲ့ဒီနယ်မြေမှာ ဖြန့်ကျက်ထားတဲ့ ကျွန်တော်တို့ အမှောင်ထုတန်ခိုးလှိုင်းတွေလည်း အစွမ်းမဲ့သွားလို့ အခုတော့ တစ် ကနေ ပြန်စရတော့မယ် ထင်တယ်"

"အေး၊ ဒီလောက်လည်း စိတ်မပျက်ပါနဲ့ ကျမ်းစာထဲမှာပါတယ်၊ သန့်စင်နေတဲ့ သူတို့ရဲ့ နှလုံးသားအိမ်ကို တစ်ခေါက် သွားကြည့်။ ရှုတ်ကပါတ်

ကို ဗဟိုပြီးထား ခရစ်တော်ကို နှလုံးသားပလ္လင်မှာ အကြွင်းမဲ့ နန်းမတင်ထားသေးရင် ငါ့အတွက် မျှော်လင့်ချက်ရှိတယ်လို့ ဆိုထားတယ်။ သန်မာပြီး ဆိုးတဲ့ နတ်ဆိုး ခုနစ်ကောင်ကို ခေါ်ပြီး သူတို့ ဘဝထဲ ဝင်ပြီး ဝုန်းဒိုင်းကြဲပစ်လိုက်ကွာ၊ ဒါက ရှေးရိုးဆန်ပြီး ထိရောက်တဲ့ နည်းဗျူဟာပဲ။"

"ခရစ်ယာန်တွေက နည်းနည်းလောက် ဘုရားတရား ကြည်ညိုပြီးရင် သူတို့ဘုရားအတွက် အရမ်းပေးဆပ်လိုက်ရပြီ၊ လုပ်ဆောင် ပေးလိုက်ရပြီ ဆိုပြီး ကျေနပ်နေတတ်ကြတာ။ အဲ့ဒီပျော့ကွက်ကို နင်းပြီး အလစ်ချောင်းအင်အားကို (၇)ဆ တိုးပြီး အဲ့ဒီ နှစ်ယောက်တစ်ပိုင်းကို မိသားစုရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘယ်နယ်ပယ်မှ မကျန်စေနဲ့။ အလုံးအရင်းနဲ့ အလစ်မှာ အတင်းစစ်တိုက်ကွာ။"

## အခန်း (၃)

ဒေသန္တရနယ်ဆိုင်ရာ စာတန်မင်းကြီး ရုံးခန်းတွင် တံခါးပိတ်အစည်းအဝေးကြီးတစ်ရပ် ကျင်းပနေသည်။ အခန်းထဲတွင် ဆွေးနွေးသံများ တင်ပြသောအသံများ ဆူညံနေသည်။

စာတန်မင်းကြီးမှ

"ကဲ ကဲ တစ်ဦးချင်းစီ တာဝန်ယူထားတဲ့ တာဝန်တွေ ကဏ္ဍအသီးသီးကနေ ဗျူဟာအသီးသီး၌ ချည်းကပ်ပြီး ဆောင်ရွက်နေမှုတွေကို ဆွေးနွေးအပြီး ငါမင်းကြီးအနေနဲ့ အလေးအနက်ထားပြီး ဆက်ဆွေးနွေးဖို့ အရေးကြီးတဲ့ အကြောင်းအရာ တစ်ခုကို ပြောချင်ပါတယ်"

"အဲ့ဒါကတော့ တစ်ဖက်အသင်းကို ဘယ်တော့မှ တိုက်စစ်ဆင်ခွင့် မပေးနဲ့"

"ဟာ အရှင်မင်းကြီး ဘောလုံးပွဲနဲ့ မှားနေပြီနဲ့ တူတယ်"

"ဟား ဟား ဟား . . မမှားဘူး၊ အင်္ဂလီကန်အသင်းတော်ကို တိုက်စစ်မဆင်ဘဲ ခံစစ်ကစားပြီး ကျေနပ်နေစေတဲ့ ဗျူဟာ မှိုင်းသွင်းထားတာ နှစ်ပေါင်းဆယ်စုနှစ် တော်တော်များနေပြီး၊ ဒီဗျူဟာက အလုပ်ဖြစ်တယ်။ ရှိရင်းစွဲ အသင်းသားလေးတွေ မပျောက်အောင် ပွဲတော်လေးပေးပြီး ထိန်းနေဖို့ မှိုင်းသွင်းထားတာ ဘယ်လောက် အလုပ်ဖြစ်လဲ ဆိုတာ မင်းတို့ မတွေ့ဘူးလား။"

"ဘယ်လို - အရှင်မင်းကြီး"

"ဟာကွာ - - - သူတို့ဆီမှာတောင် အသင်းသား အင်အား အမှန်ရှိမလားတော့ မသိဘူး၊ ငါတို့မှာတော့ နှစ်စဉ်တင်ပြနေတဲ့ အစီရင်ခံစာမှာတော့ တိုးပွားမှုမရှိတဲ့ အသင်းသားအင်အားစာရင်း၊ အသင်းတော်အတွင်း နိုးကြားမှုဖြစ်စေတဲ့ ဧဝံဂေလိခေါင်းဆောင်နှင့် လုပ်ဆောင်မှု၊ စာရွက်ပေါ်မှာ ကျားရုပ်ဆွဲတမ်း ကစားသလို စီမံကိန်းရေးပြီး ကျေနပ်နေဖို့ သာသနာပိုင်တိုင်း တစ်ခေတ်မှာ စီမံကိန်း တစ်ခုနဲ့ အဆုံးသတ်မရှိတဲ့စီမံကိန်းတွေ၊ ဒီလူတွေ ဘောလုံးတော့ ကန်နေတယ်၊ ငါတို့ ဂိုးပါက်နား မပြော နဲ့၊ သူတို့ခံစစ်ဖုံထဲမှာဘဲ ငါတို့ကန်ချက်တွေကို ကာကွယ်ရင်း တဝဲလည်လည်ဖြစ်နေတာ။ အဲ့ဒါကြောင့် ဘောလုံးစကားနဲ့ တိုက်စစ်ဆင်ခွင့်မပေးနဲ့လို့ ပြောတာ"

"အော် ဒီလိုလားအရှင်မင်းကြီး၊ ရှင်းသွားပြီ ရှင်းသွားပြီ"

"အေး ဒီနေရာမှာ ကျမ်းစာကျောင်းမှာ တာဝန်ကျတဲ့စာတန်တွေက အရေးကြီးတယ်"

"သွန်သင်ညွှန်ပြပေးပါအုံး အရှင်မင်းကြီး"

"ကျမ်းစာကျောင်းတွေဆိုတာ အမှုတော်ဆောင်တွေကို မွေးထုတ်ပေးတဲ့ နေရာတွေကွ။ တစ်နည်းဆိုရရင်ကွာ၊ အသင်းတော်တစ်ပါးကို တစ်နေ့ကျရင် အုပ်ချုပ်စီမံတဲ့ခေါင်းဆောင် အသင်းသားတွေရဲ့ ဝိညာဉ်ရေးဖခင်လို့ ဆိုရမယ့်သူတွေကွ။

"ဒီတော့ အရှင်မင်းကြီးက"

"ဒီလိုကွာ။ ကျမ်းစာကျောင်းမှာ တက်နေတဲ့ ကျောင်းသား / သူ တစ်ဦးချင်းစီမှာ တာဝန်ကျတဲ့ စာတန်တစ်ဦးချင်းစီရဲ့ နည်းဗျူဟာ ကျေညက်မှုက အရေးပါတယ်၊ ပြီးတော့ ဘုံရည်ရွယ်ချက်ကလည်း အရေးကြီးတယ်။ ဘုံရည်ရွယ်ချက်ဆိုတာက ကျမ်းစာကျောင်းဆင်းတိုင်း တိုက်စစ်ဆင်တဲ့ ကစားသမား ဖြစ်မလာဘဲ၊ ခံစစ်သမားတွေ ဖြစ်နေဖို့။ ကုန်ကုန်ပြောရရင် ခံစစ်တောင် ကောင်းကောင်း မကစား





တတ်ကြဖို့ သူတို့ရဲ့ တစ်ယောက်ချင်းစီမှာ ကြည့်ရှုဖို့ တာဝန် ခန့်ထားခြင်းခံရတဲ့ စာတန်တွေမှာ အရေးကြီးတယ်။"

"ဒီတော့ ကျွန်တော်တို့တွေ ဘယ်လို လုပ်ရမလဲ အရှင်မင်းကြီး။"

စာတန် မင်းကြီးသည် သူ၏ ကိုယ်ရေးအရာရှိ အတွင်းရေးမှူးစာတန်အား "ကဲ မင်းကို ငါလေ့လာခိုင်းတဲ့ ခရစ်ယာန် အသင်းတော်သမိုင်းက ဒီနေရာမှာ အသုံးကျလာပြီကွ"

အတွင်းရေးမှူးစာတန်မှ

"အော် ဒီကောင်တွေကို နှိပ်စက်ညှင်းဆဲဖိနှိပ်တဲ့နည်းနဲ့ ဗျူဟာသုံးပြီး စည်းကမ်းတွေကို အတင်းနင်းကန်ကြပ်၊ ကျမ်းစာကျောင်းက ထွက်ပြေးချင်အောင် လုပ်မှာလား။"

"ထပ်သရီး" အသင်းတော်သမိုင်းကို သေချာဖတ်ပါဆို တော်တော်တုန်းတာဘဲ" အဲ့ဒီညှင်းဆဲနှိပ်စက်တဲ့ဗျူဟာက ရေတိုစီမံကိန်းမှာပဲ အသုံးဝင်တာ၊ ရေရှည်စီမံကိန်းမှ ကျဆုံးခဲ့ရတာ အသင်းတော်သမိုင်းက သက်သေဘဲ။ တို့တတွေ ဖိနှိပ်လိုက်လို့ အသင်းတော်တွင် နေရာအနှံ့ ပွားများ လာတာကို မေ့သွားပြီလား"

"ဒီလိုဆိုရင် ဘယ်လိုလုပ်ရမလဲ . . ။ အရှင်မင်းကြီး"

"အေး ခရစ်တော်မှာ မအောင်မြင်ခဲ့ပေမယ့်၊ အေဒီ ၅၀၀ နောက်ပိုင်း အောင်မြင်ခဲ့တဲ့ သက်သာအေးစေ ဆိုတဲ့ အပျော့ဆွဲ ဗျူဟာပေါ့ကွယ်"

"ဘာ - ဘယ်လို အပျော့ဆွဲဗျူဟာ"

"အေး . . ဟုတ်တယ် သူတို့ကို ကောင်းကောင်းမွန်မွန် ပျော်ပျော်ပါးပါးထား၊ လိုအပ်တဲ့ အစစအရာရာ လိုလေသေးမရှိ ထား ဗျူဟာကွာ - ကွန်စတင်တိုင်းဘုရင်လက်ထက်မှာ ခရစ်ယာန်တွေ ညှင်းပန်းမှုကနေထွက် ဘုရားကလည်း မျက်နှာသာပေးရော ဒီကောင်တွေ "သက်သာအေးစေ" ဗျူဟာအောက်မှာ ဘုရားနဲ့ဝေးသွားတာ၊ ကြာလာတော့ အသင်းတော်ကြီး နှစ်ခြမ်းသုံးခြမ်းကနေ အစိတ်စိတ်အမွှာမွှာကွဲ၊ သူတစ်လူငါထမင်းနဲ့ ဒီနေ့အထိ ရင်ကြားမစေ့နိုင်။ သူမှန်တယ် ငါမှန်တယ်နဲ့ ငြင်းခုန်ကြရင်း တစ်ချို့က မခေါ်နိုင် မပြောနိုင်၊ သာသနာတွင်းမှာတောင် တစ်ဦးနဲ့ တစ်ဦးကူညီဖို့ဆိုတာ ဝေးနေကြ။ သူတို့သခင်ပြောတဲ့ ညီအစ်ချင်းတောင် မချစ် နိုင်ဘဲနဲ့ ငါ့ကို ချစ်တယ်ဆိုတာ လိမ်နေတာ အဆင့် အထိရောက် ကုန်ကြပြီ။

"အဲ အခုကျမ်းစာကျောင်းမှာ သုံးဖို့ အပျော့ဆွဲဗျူဟာနဲ့ ဘာဆိုင်လို့တုန်း"

"ဒီလိုလေကွ။ ကျမ်းစာကျောင်းက သူတွေက ဆင်းရဲမယ်၊ ချို့တဲ့မယ် လိုအပ်ချက်တွေ ရှိနေကြမယ်ဆိုရင် သူတို့ဘုရားဆီ မရမချင်း ဒူးထောက်နေမှ ဆုတောင်းခြင်းတန်ခိုးကို သူတို့မြည်းစမ်းသိသွားရင် နောင်တစ်ချိန် သူတို့ အမှုတော်ဆောင် ဖြစ်လာရင် အဲ့ဒီလက်နက်ကြီးသုံးမှာကို ငါသေမတတ် ကြောက်တယ်ကွ။ ခရစ်တော်က တမန်တော်ကြီးတွေနဲ့ အဲ့ဒီ လက်နက်သုံးပြီး တို့စခန်းတွေကို ဖြိုခွင်းခဲ့တာ ငါအခုထိ ရင်နာလို့မဆုံးသေးဘူး ။"

"ဒီတော့ သူတို့ဆုတောင်းစရာ မလိုလောက်အောင် ငွေရေးကြေးရေး၊ အစားအသောက် အနေအထိုင် ဖန်တီးပေးထားပါ။ ကစားတာနဲ့ စားစရာ လိုလေသေးမရှိစေနဲ့။ ဖုန်းနဲ့ လက်ပ်တော့တွေကနေ ဖျော်ဖြေရေးအစုံ ရှာဖွေတတ်အောင် သင်ပေးထား။ အဲ့ဒီထဲမှာ သူတို့ ပျော်နေပါစေ။ သူတို့ဘာကြိုက်နေလဲ ဆိုတာကို နေ့စဉ်ရက်ဆက် စက္ကန့်မလပ် မျက်ခြေမပျက်ကြည့်။ အရည်လား၊ အဖတ်လား၊ မပြတ်စေနဲ့။ အလှအပကြိုက်သလား၊ ငွေကြိုက်သလား၊ ဂုဏ်မက်သလား၊ အဆင်သင့် လက်တကမ်းမှာ ရနိုင်ဖို့ ဖန်တီးပေးထား။ အဓိကတော့ကွာ စာသင်ချိန်နဲ့ ဘုရား ဆုတောင်းဝတ်တက်ချိန်တွေမှာ စိတ်အာရုံပျံ့လွင့်အောင်လုပ်"

"ဒီအတွက်တော့ စိတ်ချ၊ ကျွန်တော်တို့ အိပ်ငိုက်ဆေးမှုန့်နဲ့ ခဏခဏ သုံးရလွန်းလို့ ကျွန်တော်တို့ ကိုယ်တော်မှာတောင် တစ်ခါတစ်ခါ အဲ့ဒီ ဆေးမှုန့်တွေ ကုန်မတတ်ဘဲ။

"အေး ကောင်းတယ်၊ အဲ့ဒါက ရှေးရိုး နည်းတစ်ခုဘဲ အခုလည်းအသုံးဝင်ဆဲပေါ့။ ညာစုတောင် ပေါလုဟောပြောနေတုန်း အိပ်ငိုက်ပြီး ပြုတ်ကျတာ ပေါလု တရားပွဲတောင် ပျက်သွားသေးတယ်။"

"ငါပြောချင်တာက အဲ့ဒီထက် ဆန်းသစ်တဲ့နည်းကွ။ အဲ့ဒီအရာက လောကီအရာတွေကို စွဲလမ်းစေတဲ့စိတ်၊ ဘုရား သခင်ထက် လောကီအရာတွေကို ချစ်ပြီး၊ အဲ့ဒီတော့ အဲ့ဒီအကြောင်းကို အချိန်ဖြုန်းတွေးနေစေဖို့ကွ။လူဆိုတာ သူ့စိတ်နဲ့ စွဲတဲ့အရာအတွက် အချိန်အများဆုံးပေးတယ်ကွ။ ဥပမာကွာ၊ အရက်သမားတစ်ယောက် အရက်ဘယ်ကရမလဲ။ ဘယ်လိုလုပ်ရင် အရက်ရနိုင်မလဲ။ အခုချိန် အရက်သောက်ရရင် ဘယ်လောက် ကောင်းလိုက်မလဲ။ ဘယ်လို အကြောင်းပြချက်နဲ့ အရက်သောက်ရမလဲ ဆိုတာကို အမြဲ တွေးနေသလိုပေါ့ကွာ။ ကျမ်းစာကျောင်းက လူတွေကိုလည်း အရည်ကြိုက် တဲ့သူကို အရည်၊ အဖတ်ကြိုက်တဲ့သူတွေကို အဖတ်ပေါ့။ အင်တာနက်သမားကို အင်တာနက်၊ ဖုန်းနဲ့ တော်ကီပွားဖို့ကို ဖုန်းလေး အဆင်သင့်လုပ်ပေး။ ညနက်တဲ့အထိ အိပ်ရင်းပျက်ပြီး၊ မနက်ဘုရားကျောင်း မတက်နိုင်အောင်၊ ဒါမှမဟုတ် ဘုရားကျောင်းထဲ သွားအိပ်ငိုက်ဖို့၊ စာသင်ခန်းထဲအထိ အိပ်ငိုက် နေဖို့၊ ညပိုင်းဖျော်ဖြေရေးအစီအစဉ် အမျိုးမျိုးဖန်တီးပေးဖို့. ဖုန်းလက်တော့ပ်နဲ့ အင်တာနက် ကောင်းကောင်းဖန်တီးပေးထားတာမျိုးပေါ့ကွာ"

"အရှင်မင်းကြီး ဆိုလိုတာက၊ ကျမ်းစာမဖတ်၊ ဆုမတောင်းတဲ့ ကျောင်းသူ / သားတွေဖြစ်ဖို့ အလိုရှိတာလား။"

"ဟာကွာ။ အဲ့ဒီလောက်ထိတော့ မလုပ်နဲ့လေကွာ။ အဓိက သူတို့ရဲ့ ကိုယ်ပိုင်ဝိညာဉ်ရေး ရင့်ကျက်ဖို့၊ ကျမ်းစာကို အချိန်ပေးပြီး ဆင်ခြင်မှုမရှိအောင်၊ ကျမ်းစာတော့ တတ်သွားတယ်ကွာ၊ သူများကို ဟောမပြောစေဖို့၊ တော်ကီပွားရင်း သက်သက်နဲ့သာ ကိုယ်တိုင်အသက်ရှင်ခြင်းမရှိတဲ့ အမှု-တော်ဆောင်တွေဖြစ်ပြီး ဟောတတ်ပြောတတ်တာနဲ့ ကျေနပ်နေဖို့ကွာ"

"ဆုတောင်းတာလည်း လူတွေရှေ့မှာ စကားလှလှနဲ့ ဆုတောင်းတတ်တဲ့ သူတွေတော့ ဖြစ်စေပေါ့။ သူတို့အသက်တာရင့်ကျက်ဖို့အတွက် မနက်ည ပုံမှန်ဒူးမထောက်တတ်ရင် ရပြီကွာ၊ လူရှေ့မှာ မတ်တပ်မတ်တပ်၊ သူတို့ရဲ့ ဝိညာဉ်ရေး အသက်တာကတော့ လေးဖက်ထောက် ကလေးဘဝ ကနေ မတက်ဖို့အတွက် အိုင်ထိကို တလွဲသုံးဖို့ ဖျားယောင်းထား၊ ပျော်စရာမျိုးစုံဖန်တီးပေး၊ ကျမ်းစာသင်တာကလည်း ဘဝရှေ့ရေးအတွက် အာမခံချက် တစ်ခုခုရဖို့ ဆိုတဲ့ အတွေးတွေနဲ့ ထည့်ပေး။ ကြိုးစား ရိုးသားတဲ့ လူရှိနေရင်လည်း သိုးထိန်းဆိုတဲ့အတွေးနဲ့ မနိုင်-တနိုင်ခံစစ်မှာ ထိုင်နေတတ်ဖို့၊ တိုက်တွန်းစာနဲ့ စာသားအရေးကြီးဆုံး ဖြစ်အောင်လုပ်၊ နေ့စဉ် ဝတ်တက်ခြင်း၊ နေ့စဉ်စာသင်ခြင်းကနေ ကိုယ့်အတွက်သာ ဝိညာဉ်ရေးတည်ဆောက်မှု ရင့်ကျက်မှု မဖြစ်အောင် ဝိညာဉ်မျက်စိနဲ့ နားကို ပိတ်ထားတဲ့ဗျူဟာတွေ အမျိုးမျိုး ခင်းကျင်းရမယ်။

"ကောင်းပါပြီ အရှင်မင်းကြီး၊ သူတို့တွေ ဝါးလုံးခေါင်းထဲ လသာ။ နွားခြေရာခွက်ထဲက ဖားသူငယ်လို ပျော်နေစေရမယ်။"


"အေး ဟုတ်တယ်။ သင်္ဘောတစ်စင်းလုံး ညာသံပေးတဲ့လူတွေနဲ့ ဆူညံနေပစေ။ အဲ့ဒီ သင်္ဘော ရွှေ့ဖို့ လှေလှော်တက်ကလေးနဲ့ တစ်ဖက်နှစ်ယောက်လောက်က ရွှေ့မလားဆိုပြီး လက်ပစ်ကျမတတ် လှော်နေပါစေ။ ကျမ်းစာကျောင်းက ဆင်းလာသူတိုင်း အသံဘယ်လောက်ကျယ်ကျယ်၊ စကားလုံး လှလှနဲ့ တော်တတ်ပါစေ။ လှေတက်တော့ မကိုင်တတ်ကြစေနဲ့။

ကြယ်စင်

■ ■ ■ ■ ■ ■ ■







# ဖိနပ်တစ်ရံကဲ့သို့ အစေခံခြင်း

ပေသီး

ခရစ်တော်ယေရှု၏ အစေခံခြင်းမှာ "လူသားသည် သူတပါးကို စေစားခြင်းငှါမလာ၊ သူတပါး အစေကို ခံခြင်းငှါ၄င်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးချယ်ခြင်းငှါ၄င်း၊ ကြွလာသတည်း" ဟု မိန့်တော်မူ၏ (မာကု ၁၀:၄၅) တွင် ဖော်ပြထားပါသည်။ ခရစ်တော်ယေရှုသည် ခမည်းတော်၏အလိုကို နာခံခြင်းအားဖြင့် အစေခံခဲ့ပြီး မိမိ၏အသက်ကို ပေးလှူခြင်းဖြင့် လူတို့၏အစေကို ခံခဲ့ကြောင်း တွေ့ရပါသည်။ ယနေ့ခေတ် ဘုရားသခင်၏အမှုတော်ကို ထမ်းဆောင်နေသော အမှုတော်ဆောင်များအနေဖြင့် ခရစ်တော်ယေရှု၏ အစေခံခြင်းအသက်တာကို စံနမူနာထားပြီး ဘုရားသခင်နှင့် လူတို့၏အစေကို ခံရမည်ဖြစ်သည်။ သို့ရာတွင် အမှုတော်ဆောင်များ၏ အသက်တာသည်လည်း လောကအမြင်ဖြင့် ကြည့်မည်ဆိုလျှင် ရှေ့ရေးအတွက် ဘဝရဲ့ အာမခံချက်လက်မှတ် မရနိုင်ပေ။ သို့ရာတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တစ်လျှောက်လုံးရှိ အမှုတော်ဆောင်များ၏ ဘဝအသက်တာသည် ဘုရားသခင်ပေးသော ကောင်းကြီးများဖြင့် ပြည့်ဝနေကြောင်း တွေ့ရပါသည်။

ဖိနပ်တစ်ရံ၏ အစေခံခြင်းသဘောကို အမှုတော်ဆောင်များ၏ အစေခံခြင်းနှင့် နှိုင်းယှဉ်ပြီး ဖော်ပြလိုပါသည်။ ဖိနပ်တစ်ရံသည် လူတို့အတွက် မရှိမဖြစ်လိုအပ်သောအရာ ဖြစ်ပါသည်။ အကြောင်းမှာ မိမိတို့သွားလာရာတွင် ဆူးညှောက်ခလုတ်များ၊ အပူ အအေးဒဏ်များကို ကာကွယ်နိုင်ရန် အတွက် အသုံးပြုကြပါသည်။ ဖိနပ်ကို လိုအပ်လျှင် အသုံးပြုပြီး မလိုအပ်လျှင် ချန်ထားခဲ့ပါသည်။ လူတို့သည် လှပတင့်တယ်သော၊ အသစ်သော ဖိနပ်များကို လူများအလယ်တွင် ထည်ဝါစွာ ဝတ်ဆင်ကြပြီး ဟောင်းနွမ်းပျက်စီးသွားသော ဖိနပ်များကို ဘေးမဲ့အဖြစ် လွှတ်ပစ်ခြင်းသည် လူတို့၏ သဘော သဘာဝပင် ဖြစ်ပါသည်။

လူတို့အတွက် အစေခံရသော ဖိနပ်တစ်ရံ၏ ခံစားချက်ကို ကဗျာအားဖြင့် ဖော်ပြလိုပါသည်။

ရင်ဘတ်တွင်စုပ် ကျောမှာဝန်ထုပ်
စေလိုရာသွား သခင့်အလိုအား
မလွန်ဆန်ရဲ အစေခံလည်း
အချိန်တန်တော့ ပစ်ထားကြစမြဲ . . ။

လူတို့သွားရာ ခရီးလမ်းမှာလည်း ဆူးခင်းလမ်းရှိသလို ပန်းခင်းလမ်းလည်း ရှိနိုင်ပါသည်။ သို့ရာတွင် ကြမ်းတမ်းသော ခရီးသွားလာသောသူများအတွက် အစေခံရသော ဖိနပ်တစ်ရံအနေဖြင့် သူ့ရဲ့ ရင်ဘတ်ထဲတွင် ဒဏ်ရာ ဒဏ်ချက်များဖြင့် ပြည့်နေပြီး ဝန်ထုပ်ဝန်ပိုးများလည်း ကျောနှင့် မကွာ အစဉ်အမြဲ ထမ်းဆောင်နေရပါသည်။ ပန်းခင်းလမ်းတွင် အစေခံသော ဖိနပ်သည်လည်း ဟောင်းနွမ်းပျက်စီးသွားလျှင်လည်း ချောင်ထိုးထားခြင်းခံရမည် မဟုတ်ပေ။

ဖိနပ်တစ်ရံကို ကြည့်ခြင်းအားဖြင့် ဘုရားသခင်အတွက် အမှုတော်ဆောင်ခဲ့သော သခင်ယေရှု၊ တမန်တော်များ၊ ယုံကြည်သူခရစ်ယာန် အမှုတော်ဆောင် ခေါင်းဆောင်များ၏ အသက်တာကို ရှုမြင်နိုင်ပါသည်။ အသင်းတော်၏ သိုးထိန်းကြီးများမှာလည်း အသင်းတော်၏ လုပ်ငန်းများ၊ အသင်းသားများ၏ ဝိညာဉ်ရေးများ၊ လူမှုအသိုင်းအဝန်း နယ်ပယ်များတွင် ထမ်းဆောင်ရသော ဝန်ထမ်းများစွာ ရှိပါသည်။ သိုးထိန်းများသည် အသင်းတော်၏ တာဝန်ကို ထမ်းဆောင်သောအခါတွင် အခက်အခဲများစွာ ရှိနိုင်ပါသည်။ ခရစ်တော်နှင့် အသင်းတော်အတွက် အမှုတော် ပိုမိုထမ်းဆောင်ချင်လေလေ စာတန်မာရ်နတ်၏ စုံစမ်းခြင်းကို ပိုမို ခံရလေလေ ဖြစ်သည်။ စုံစမ်းခြင်းများထဲမှ အမှုတော်ဆောင်အချင်းချင်းများ၊ အမှုတော်ဆောင်များနှင့် အသင်းသားများအကြား၊ အသင်းသားများ အချင်းချင်းတို့၏ မတူညီသည့် ခံယူချက်များ ယုံကြည်မှုများသည် အမှုတော်ဆောင်ခြင်း အသက်တာများ၌ ကြုံရစမြဲ ဖြစ်ပါသည်။

အမှုတော်ဆောင်များ၏ အစေခံခြင်း အသက်တာတွင်လည်း အသင်းတော်ကိုကြည့်ရှုရသည့် တာဝန်နှင့် အသင်းသားများအား ဘုရားသခင်၏ အလိုတော်ကို နာခံတတ်ရန် လမ်းပြသွန်သင်ရသည့် လုပ်ဆောင်မှုများ ရှိပါသည်။ သို့ရာတွင် အမှုတော်ဆောင်များအနေဖြင့် အသင်းတော် ဝန်ထုပ်ကတစ်ဖက်၊ လူတို့၏ ပြစ်တင် ဝေဖန်မှုများကြောင့် ခံစားရသော နာကျင်ချက်များကို ရင်မှာဝယ် ပိုက်ထွေးလျှက် သခင့်ရဲ့အလိုတော်ကို ဝန်ခံခြင်းဖြင့် စေလိုရာစေသော အသက်တာဖြင့် အမှုတော်ဆောင်နေကြပါသည်။

ခရစ်တော်ယေရှုက "ငါသည် ကောင်းသော သိုးထိန်း ဖြစ်၏။ ကောင်းသောသိုးထိန်းသည် သိုးတို့အဖို့အလို့ငှါ မိမိအသက်ကို စွန့်တတ်၏" (ယော ၁၀း၁၁)တွင် ဖော်ပြထားပါသည်။ အမှုတော်ဆောင်များအနေဖြင့် မိမိအသက်တာစွန့်သည့်တိုင်အောင် အမှုတော်မြတ်ကို ထမ်းဆောင်ရမည် ဖြစ်ပါသည်။

အသင်းတော်နှင့် အသင်းသားများအတွက် အမှုတော်ထမ်းဆောင်နိုင်ချိန်တွင် အမှုတော်ဆောင်များသည် လှပတင့်တယ်သည့် ဖိနပ်တစ်ရံကဲ့သို့ အများသူငါ အလယ်တွင် ဂုဏ်ယူဝံ့ကြွားစွာဖြင့် ထင်ရှားနေပါသည်။ ပင်စင်ယူခြင်း၊ အနားယူသွားချိန်တွင် အသင်းသားများအတွက် ဟောင်းနွမ်းပျက်စီးသွားသည့် ဖိနပ်တစ်ရံကဲ့သို့ ဘေးတစ်နေရာတွင် ချန်ထားလျက် ရှိကြပါသည်။





သို့ရာတွင် မရှိသုံးဖိနပ်တစ်ရံကဲ့သို့ အသုံးမပြုသင့်ပေ။ အစေခံခြင်းသဘောကို ဆက်လက် ခံယူနေပါသည်။ အစေခံခြင်း၏ အနှစ်သာရသည် သူ၏နှလုံးသားထဲတွင် အစဉ်အမြဲ ရှင်သန်နေပါသည်။ ဖိနပ်တစ်ရံ၏ပုံစံကဲ့သို့ ပုံဆောင်နေပါသည်။ အဘယ်ကြောင့် ထိုကဲ့သို့သော ပြုမူမှုမျိုးကို လုပ်ဆောင်နေပါသနည်း။ အမှုတော်ဆောင်များသည် စစ်မှန်သည့် အစေခံခြင်းများအဖြစ် အသင်းသားများအပေါ်တွင် ပုံသက်သေကောင်း ပြသနိုင်မှု မရှိခြင်းကြောင့် ဖြစ်နိုင်ပါသည်။ သို့သော် အသင်းသားများအနေဖြင့်လည်း မိမိတို့ယုံကြည်သည့် ဘာသာတရားအပေါ် အသိအမှတ်ပြုခြင်း အားနည်းမှုကြောင့် ဖြစ်နိုင်ပါသည်။ သို့ရာတွင် ခရစ်တော်နှင့် အသင်းတော်အတွက် အစေခံခြင်းဆိုသည်မှာ သူတပါးကိုအစေခံခြင်းဖြစ်ပြီး၊ (မဿဲ ၂၅း၃၅-၄၀) သူတစ်ပါးကို အစေခံသောသူသည် ဘုရားသခင်၏ ကောင်းကြီးများ ခံစားရမည် ဖြစ်ပါသည် (မဿဲ ၂၀း၂၅-၂၈)။

ထို့ကြောင့် အမှုတော်ဆောင်များအနေဖြင့် မိမိတို့ပြန်လည်ရရှိမည့်အကျိုးအတွက် အမှုတော်ဆောင်နေခြင်း မဟုတ်ပေ။ ဖိနပ်တစ်ရံ၏ အစေခံခြင်းတွင် ထမ်းဆောင်ရသော လူတို့၏ ဝန်ထုပ်ဝန်ပိုးများဖြင့် ကြေမွသောနှလုံးသား ဒဏ်ရာဒဏ်ချက်များကို မျိုးသိပ်ရင်း ကိုယ်ကျိုး စွန့်ခဲ့ပါသည်။ ခရစ်တော်ယေရှုသည် ဘုရားသခင်၏ အလိုတော်ကိုနာခံရင်း လူတို့အတွက် အသက်စွန့်သည့်တိုင်အောင် အစေခံခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ အမှုတော်ဆောင်များသည် ယုံကြည်သူ ခရစ်ယာန်တိုင်း ဖြစ်နိုင်ပါသည်။ အမှုတော်ဆောင်များသည် လူသားထဲက လူသားပင်ဖြစ်ပါသည်။

ပေသီး

■ ■ ■ ■ ■ ■ ■

## မထင်ဘူး


*ဟာသ*

အသင်းတော်တစ်ခုတွင် သင်းအုပ်ဆရာသည် ဘုရားသခင်ဒုတိယအကြိမ် တဖန်ပြန်ကြွလာရန် နီးပြီဖြစ်ကြောင်းကို ဟောပြောလေ၏။ ထိုအခါ လူငယ်အသင်းဝင်ခါစ(ဖြစ်စ) ကောင်လေးတစ်ယောက်သည် မတ်တပ်ရပ်၍

" ဆရာ၊ ဘုရားသခင် ပထမအကြိမ်ကြွလာတုန်းက လူတွေ သူ့ကို ဒီလောက် ထိုးကြိတ် ရိုက်နှက် တံတွေးထွေး လုပ်ကြတာ ဒုတိယအကြိမ် သူလာရဲပါတော့မလား။

သင်းအုပ်ဆရာကလည်း ကြောက်လျှက် အတန်ငယ်စဉ်းစားကာ "ဒါလည်း - - ဟုတ်တာပဲ" ဟူ၏။

ကလောသား



# စားမြုံ့ပြန်ခြင်း

ဆဲဗင်းမွန်း

လူဖြစ်ပေမယ့် နွားတွေရဲ့အကျင့်တစ်ခုကို သဘောကျပါတယ်။ စားမြုံ့ပြန်တယ်ဆိုတာက နွားတွေ စားထားတဲ့ အစာတွေကို ပြန်ထုတ်ပြီး ဝါးတဲ့အကျင့်ပါ။ ရှာလုမ်က စာတစ်ပုဒ်ရေးပေးပါဆိုတော့ စားမြုံ့ပြန် ရတာပေါ့။ လုပ်သက်အားဖြင့် သုံးဆယ့်ကိုးနှစ် ရှိပါပြီ။ ဒါကြောင့် အချို့လည်း မှတ်မိ၊ အချို့လည်း မမှတ်ထားချင်တဲ့အပြင် အချို့ကတော့ လုံးလုံးမမှတ်မိတော့တဲ့ အရာတွေ ရှိပါတယ်။ ဒါပေမယ့် ဒီထဲက ကောက်နုတ်ပြီး စာတစ်ပုဒ် ရေးလိုက်ပါတယ်။ ဘယ်သူကိုမှ ထိခိုက်စေလိုတာ မဟုတ်ပါ။ ဒီလိုဖြစ်ခဲ့တာပါလို့ သာ သိမြင် ခံစားရတာကို တင်ပြပါရစေ။





ကျွန်ုပ်တို့ခေတ် အမှုတော် စဆောင်စဉ် ဘုန်းတော်ကြီးဆိုတာ လူထင်မကြီးပါ။ ဒါကြောင့် ကျမ်းစာကျောင်းမှာ လူသိပ်မရှိပါ။ ခေါ်တော်မူခြင်းခံ ရသူများသော်လည်း ရွေးကောက်ခံရသူ နည်းသည် လို့ သခင်ယေရှုပြောခဲ့သလိုဘဲ ကျမ်းစာကျောင်းပြီး အောင် မတက်နိုင်သူတွေ၊ ကျောင်းပြီးသော်လည်း သိက္ခာမရတဲ့သူတွေ ရှိပါတယ်။ ဒါကြောင့် သိက္ခာရ အချိန်ပြည့် အမှုတော်ဆောင်ဖြစ်သူ ၁၉၇၅ ခုနှစ် ဝန်းကျင်မှာ အလွန်နည်းပါတယ်။ အဲဒီအချိန်က မြစ်ဝကျွန်းပေါ်မှာ ဘုန်းကြီးပိုင်နယ်(၇)ခုဘဲ ရှိတယ်။

သင်းထောက်သိက္ခာရပြီး ၁၉၇၅၊ မေလမှ ၁၉၇၆၊ ဇွန်လထိ ရန်ကုန်မြို့က သီဖြယ်ကျောင်းမှာ တာဝန်ကျပါတယ်။ အဲ့ဒီတုံးက အင်္ဂလိပ်စာ သိပ်မ တတ်ပါဘူး။ တက္ကသိုလ်လည်း တက်ခွင့် မရပါဘူး။ (ခ)စာရင်းနဲ့ အောင်ထားလို့ပါ။ ဒါနဲ့ ဒသမတန်းကို စပြီး ပြန်ဖြေတယ်။ နေရာတကာ စာအုပ်ယူသွားပြီး ဖတ်တာ။ တောမှာရောက်တော့လည်း ဒီအတိုင်းဘဲ။ ဒသမတန်း စာမေးပွဲကို ပြန်ဖြေတာ ကျမ်းစာ ကျောင်းဆင်းပြီးမှ ငါးကြိမ်ပါ။ နောက်ဆုံးအကြိမ် တော့ အမှတ်ပေါင်း သုံးရာကျော်နဲ့ အောင်ခဲ့ပါတယ်။ အခုပြောချင်တာက ပညာရေးပါ။

အမှုတော်ဆောင် တစ်ယောက်ဘဝမှာ ပညာရေးက အရေးမကြီးဘူးလို့ယူဆတဲ့ သူတွေ များပါတယ်။ တိုတိုပြောရရင် ဒသမတန်း(က)နဲ့ ၁၉၉၈မှာ အောင်ပြီး စာပေးစာယူ (၄)နှစ်၊ BRE (၂)နှစ်၊ MACS (၃)နှစ် စသည်ဖြင့် ကိုယ့်ကိုကိုယ် ဖြည့်ဆည်းလာခဲ့ပါတယ်။ ပြီးတော့ လိုအပ်တဲ့အ တွက် အင်္ဂလိပ်စာကိုလည်း ကိုယ်ပိုင်သင်တန်းတွေ မှာ လေ့လာခဲ့တာ ယခုအချိန်အထိပါဘဲ။ ဒီလိုဖွင့်တဲ့ ဆရာများကလည်း စေတနာကောင်းကြလို့ အကျိုး ကျေးဇူးအများကြီး ရခဲ့ပါတယ်။

အများပြည်သူတွေသိစေချင်တဲ့ အချက်-ကတော့ ရှေးပညာရှိ စကားပုံအချို့ကို လက်ကိုင် ထားလို့သာ ဒီလိုမကြီးမငယ်နဲ့ စာသင်နိုင်ခဲ့တာပါ။ ပထမတစ်ချက်ကတော့ "ပညာလိုအိုသည်မရှိ" တဲ့။ နောက်တစ်ခုက "ပညာရှာ၊ ပမာသူဖုန်းစား" တဲ့။ အ သက်ကလည်း ကြီးလာ မပြောပလောက်တဲ့ ရာထူး

လိုလို အမှုတော်ဆောင်လည်းဖြစ်လာတော့ မာန လည်း ဝင်လာပါတယ်။ ဒါကြောင့် သာမန်လူတွေ-ကြား၊ လူငယ်တွေကြားမှာ ကိုယ့်မာနကို ဘေးချိတ် ပြီး ပညာကို သင်ယူရပါတယ်။ ကျွန်ုပ်၏ပညာရေး ခရီးတွင် ထိုစကားနှစ်ရပ်သည် အစဉ် ခွန်အားပေးခဲ့ ပါသည်။

စာသင်ခန်းတွေမှာသာမက နေ့စဉ် လုပ်ငန်း ဆောင်တာတွေမှာ တတ်စရာ သင်စရာ ရှိတဲ့အခါ ဒီလိုစိတ်မျိုး ထားရပါတယ်။ အခုခေတ်မှာ နည်း ပညာတွေ တိုးတက်လာတာကြောင့် အသုံးပြုဖို့လို အပ်တဲ့ ပညာများကိုသင်ယူမှသာ ထိရောက်စွာ အမှု တော်ဆောင်နိုင်ကြမှာပါ။ ကားမောင်း၊ ယာဉ်အမျိုး မျိုး မောင်းနှင်ခြင်း၊ စက်အမျိုးမျိုးကိုင်တွယ်ခြင်း၊ အီလက်ထရွန်းနစ်ပစ္စည်းများ အသုံးပြုခြင်း အစ ရှိသည်ပေါ့ဗျာ။ အကုန်လုံး တတ်စရာမလိုပေမယ့် မိမိနဲ့မိမိသက်ဆိုင်သူများ ဘေးအန္တရာယ်မရှိအောင် ဗဟုသုတ ရှိကြရပါတယ်။

တစ်ခါတုန်းက ပုသိမ်မှာ စာပေးစာယူ အနီး ကပ် သွားရပါတယ်။ အတန်းက လူပြည့်နေပြီ။ ဒါပေ မယ့် မြောင်းမြမှာ သိတဲ့ မိန်းကလေးတစ်ယောက်က ဆရာလာပါဆိုပြီး ခုံစွန်းမှာ နေရာပေးတယ်။ သူနဲ့ ကပ်ထိုင်ပြီး စာသင်ရတယ်။ တင်ပါးတစ်ခြမ်းစာ ကျော်ကျော်ဘဲ ထိုင်ရပေမယ့် သူ့ကိုအားနာနာနဲ့ စာသင် ခွင့်ရလိုက်တယ်။ မြောင်းမြနဲ့ ပုသိမ် အသင်း တော်ကြည့်ဖို့သွားတဲ့အခါ အဲဒီတုန်းကသဘောနဲ့ဘဲ သွားကြရတယ်။ သိတဲ့အတိုင်း သတ္တမနေ့ ဥပုသ်အ သင်း၊ နှစ်ခြင်းအသင်းတော်၊ ကက်သလစ် အသင်း တော်တွေဟာ မြောင်းမြမှာအင်အားတောင့်တင်းတဲ့ အသင်းတော်ကြီးတွေပါ။ မွေ့တက္ကသိုလ်၊ စာသင် ကျောင်း၊ ကျမ်းစာကျောင်းတွေ မွေ့ဆရာ သင်တန်း ကျောင်းတွေ ရှိကြပါတယ်။လမ်းခရီးမှာ မကြာခဏ အဲဒီအသင်းတော်မှ ဆရာများ၊ ခေါင်းဆောင်များ၊ သင်တန်းသားများနှင့် တွေ့ဆုံရပါတယ်။ တစ်ခါတစ် လေလည်း သူတို့ ကိုယ့်ကိုအမှုတော်ဆောင်မှန်း မသိ ဘူး။ ကိုယ်လည်း နှိမ့်ချစွာနဲ့ဘဲ သူတို့ကို လေးလေး စားစားဆက်ဆံလို့ ခရီးသာဆုံးသွားတယ်။ သူတို့ ကိုယ်က မပြောရင် မသိကြပါဘူး။ ကား၊ ရထား၊

အလုပ်ကိုလည်း သိက္ခာရမှ အသင်းတော်အချိန်ပြည့်မှ မဟုတ်ဘူး။ အဆင်ပြေသလို လုပ်နိုင်တယ်။ ဆင်ဖြူတော်မှီပြီး ကြံစုပ်တယ်လို့ပြောရင် ကြံစုတ်တာ ဗိုက်မပြည့်ပါဘူး။ ကြံခိုးပြီးရောင်းမှ ဗိုက်ဝမှာပါ။ ဘုရားသခင်အမှုဆောင်တဲ့အခါမှာ ဘုရားသခင်ကလည်း ကျွေးမွေးပါတယ်။

ကျွန်တော့်အတွက်တော့ “နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာ ရှာကြလော့၊ နောက်မှ ထိုအရာများကို ပေးမည်။” ဆိုတဲ့စကားမှာ “လိုသောအရာများကို ပေးမယ်” ဆိုတာ အတိအကျ ပါဘဲ။ ဒါပေမယ့် ကျွန်တော်က နိုင်ငံတော်နဲ့ဖြောင့်မတ်ခြင်းကို အရင်ရှာခဲ့တာ မဟုတ်ပါဘူး။ ဆင်ဖြူတော်မှီပြီး ကြံစုပ်ခဲ့တာပါ။ အဲ့ဒီလိုလူကို ဘုရားသခင်က အသုံးပြုခဲ့ပါတယ်။ ကျွန်တော့်ဆီမှ ၉၉%က မကောင်းတာ ဖြ-စ်ပြီး ၁%ကဘဲ ကောင်းတာတောင် ဘုရားသခင်က အသုံးပြုတယ်လို့ ယူဆပါတယ်။

နောက်သုံးနှစ်ဆို အနားယူရမှာပါ။ နေစရာအိမ်လည်း မရှိပါဘူး။ အစ်မတို့၊ တူ၊ တူမတို့တော့ အိမ်ရှိလိုက်၊ ရောင်းလိုက်နဲ့ ကိုယ်လည်း သူတို့ကိုကြည့်ပြီး အိပ်မက် မက်လိုက်နဲ့ပေါ့။ ဒါပေမယ့် မစိုးရိမ်ပါဘူး။ အခု အသက်အရွယ်အထိ ကိုယ်တိုင်ခံစားခဲ့ရတဲ့ ကျေးဇူးတော်တွေဟာ ရေတွက်ကြည့်တာနဲ့ ပူပန်မှုလျော့ချလို့ ရပါတယ်။ ဆုတော့ တောင်းထားပါတယ်။ အနားယူတဲ့အခါ အေးအေးချမ်းချမ်းနေထိုင်ဖို့ နေရာနဲ့ မသေခင်ကိုယ်တတ်တာလေးတွေနဲ့ ဝေမျှနိုင်ဖို့ ဆုတောင်းခြင်းပါ။ ကိုယ်သိတာ တတ်တာလေးတွေက ကိုယ့်ထက်တတ်တဲ့လူတွေအတွက် အသုံးဝင်ချင်မှဝင်ပေမယ့် ကိုယ့်လောက်မတတ်သေးတဲ့ သူတွေအတွက်တော့ တန်ဖိုးမသေးပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကိုယ့်ကိုသင်ကြားပေးခဲ့တဲ့ ကျေးဇူးရှင်ဆရာသမားတွေက တန်ဖိုးရှိတဲ့လူတွေ ဖြစ်လို့ပါဘဲ။

ဆဲဗင်းမွန်း

■ ■ ■ ■ ■ ■ ■


**သွေးလှူဒါန်းခြင်း**

သတင်း

၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်၊
မေလမှ အောက်တိုဘာလအတွင်း
သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ် ကျောင်း သားများမှ
လိုအပ်နေသော လူနာများအတွက် သွေး (၁၀)ပုလင်း လှူဒါန်းနိုင်ခဲ့ပါသည်။







၂၀၁၃- ၂၀၁၄ ပညာသင်နှစ်

## ဒုတိယနှစ် ကျောင်းသူ၊ ကျောင်းသားများ၏

# ကွင်းဆင်းလေ့လာခြင်း

မေယုခင်

ရှေးဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မတို့ ဒုတိယနှစ် ကျောင်းသား/သူများသည် နွေရာသီ ကွင်းဆင်းလေ့လာခြင်းခရီးစဉ်ကို တောင်ငူသာသနာပိုင်နယ်၊ ကွမ်းအုံကျောက်ကြီး ဘုန်းကြီးပိုင်နယ်သို့ သွားရောက်ခဲ့ပါသည်။ ကျွန်မတို့သည် ခရီးစဉ် မသွားရောက်မီ ကျောင်းတော်ကြီး၌ ရှိနေစဉ် ခရီးစဉ်အတွက် အပတ်စဉ် ဆွေးနွေး၊ ဆုတောင်း၊ ပြင်ဆင်ခြင်းနှင့်အတူ မိမိတို့ သင်ကြားရမည့် သင်ခန်းစာအတွက် တာဝန်ခွဲဝေခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် အကများ သီချင်းများကိုပါ ကျင့်သွားခဲ့ပါသည်။

ဆရာဟယ်လရီမင်းမင်း၏ ဦးဆောင်မှုဖြင့် ကျောင်းတော်ကြီးမှ (၁၂.၃.၁၄) နံနက် (၈း၃၀)နာရီတွင် စတင်ထွက်ခွါပြီး၊ (၂၂.၄.၂၀၁၄) ည (၉း၃၀)နာရီတွင် တောင်ငူမှ ပြန်လည်ထွက်ခွာခဲ့ပြီး (၂၃.၄.၁၄)တွင် နံနက် (၆း၀၀)နာရီတွင် ကျောင်းသို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။

ကျွန်မတို့ အုပ်စုသည် (၁၂.၃.၁၄) ည (၈း၀၀)နာရီ တွင် ကွမ်းအုံကျောက်ကြီးဘုန်းကြီးပိုင်နယ် ကျွန်းတောကုန်း ကျေးရွာသို့ ရောက်ရှိခဲ့ပါသည်။ ရွာသူ / သားများသည် နွေးထွေး ပျူငှာစွာ ကြိုဆို ညှော့်ခံခဲ့ ပါသည်။ ကျွန်းတောကုန်းကျေးရွာတွင် (၃)ပတ်တာ သင်တန်းကို ပြုလုပ်ပေးခဲ့ပါသည်။ လူငယ်များအတွက် ဂီတသင်တန်းနှင့်အတူ ကွန်ပျူတာသင်တန်းများကိုပါ ပြုလုပ်ပေးခဲ့ပါသည်။ ဘုရားကျောင်း ဆောက်ရန် အတွက် လိုအပ်သော သဲနှင့်ကျောက်စရစ်များကို သယ်ကူခြင်းဖြင့် လုပ်အားပေးခဲ့ပါသည်။ ထို့အပြင် ရေကန်ဒိုကျေးရွာ၊ မန်းကျည်းတောကျေးရွာ၊ ရွာသစ်စသည့်ရွာများကိုလည်း အိမ်လှည့်ဆုတောင်းခြင်း၊ မိတ်သဟာရဖွဲ့ခြင်းများကိုလည်း ပြုလုပ်ခဲ့ပါသည်။ ညောင်ပင်တောင်ရွာတွင်လည်း (၂)ပတ်တာခန့် ဓမ္မပညာ သင်တန်းများ ပြုလုပ်ပေးခဲ့ပါသည်။ ရွာမတွင် ဘုန်းကြီးပိုင်နယ်၏ စီမံကိန်းဖြစ်သည့် ငါးကန် တူးဖေါ်ရေး တွင်လည်း ပါဝင်ကာ လုပ်အားပေးခဲ့ပါသည်။

ဘုန်းကြီးပိုင်နယ် (၄)နယ် စုပေါင်းအီစတာပွဲကို ထီးဒေးဘုန်းကြီးပိုင်နယ်သို့ သွားရောက် ပါဝင်ခဲ့ပါ သည်။ ခရီးစဉ်တွင် အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရသော်လည်း ဘုရားသခင်၏လမ်းပြပို့ ဆောင်မှု ကြောင့် ကောင်းမွန်ချောမောစွာ ထီးဒေးဘုန်းကြီးပိုင်နယ်သို့ သွားရောက်နိုင်ခဲ့ပါသည်။ (၂၁.၄.၁၄)တွင် ကားဖြင့် တောင်ငူသို့ ပြန်လည်ထွက်ခွာလာ ခဲ့ပါသည်။

ဤခရီးစဉ်တွင် ကျွန်မအတွက် အတွေ့အကြုံရရှိသကဲ့သို့ အဖွဲ့သားအချင်းချင်း စည်းလုံးမှုလည်း ပိုမို ရရှိခဲ့ပါသည်။ ဒေသခံအသင်းသားများ စိတ်ရင်းဖြူစင်မှုနှင့် လက်ခံကြိုဆိုမှုကို ရရှိခဲ့သည့်အတွက်လည်း များစွာဝမ်းသာအားရ မိပါသည်။ ကျွန်မတို့ ဒုတိယနှစ် ကျောင်းသူ / သားများသည် ခရီးစဉ်တစ်လျှောက်လုံး တွင် အမှုတော်ဆောင်ရန် ဘဝအသက်တာအတွက် မမေ့နိုင်အတွေ့အကြုံများ၊ သင်ခန်းစာများ ရရှိခဲ့ပါ သည်။ ခရီးစဉ်တစ်လျှောက်လုံးတွင် ဘုရားသခင်၏ လမ်းပြပို့ဆောင်မှုဖြင့် အရာရာကို ကျော်လွှား နိုင်ခဲ့ပါသည်။

မေယုခင်

■ ■ ■ ■ ■ ■ ■

## သတိထားနေကြ

ဟာသ

စာတန်ဂိုဏ်း၏အစည်းအဝေးတစ်ခုတွင် ခေါင်းဆောင်ကြီးက "ငါတို့တွေ ဒီနေ့ကစပြီး အပြစ်တွေ လုပ်ရင် ငါတို့ကြောင့်လို့ အမြဲပြောတဲ့ ခရစ်ယာန်တွေရှိတဲ့ ဘုရားကျောင်းတွေဆီကို မသွားတော့ဘူး၊ အဲ့ဒီအစား ဘီယာဆိုင်၊ နိုက်ကလပ်၊ ပန်းခြံတွေကိုပဲ သွားတော့မယ်" လို့ ပြောလိုက်သောအခါ ငယ်သားများက ဝါးကနဲ ထောက်ခံအားပေးကြပါ သည်။ ထိုစဉ် ခေါင်းဆောင်ကြီးက ဆက်၍ပြောလိုက်သည် မှာ "မင်းတို့တွေ သိပ်မပျော်ကြနဲ့အုံး သတိထားနေကြ။ အဲ့ဒီ နေရာတွေမှာ ခရစ်ယာန်တွေ ပိုလို့တောင် များသေးတယ်" ဟူ၍တည်း။

ဖိုးသုည







ကိုဘေဂက်လီ

# မိုးကောင်းကင်ထက်မြင့်သော

ကျွန်တော့်မွေးရာ ဇာတိမြို့ဖြစ်သည့် ဟိုပင်မြို့လေးကို မပြန်ဖြစ်သည်မှာ နှစ်အတော်ပင်ကြာခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် အိမ်ပြန်လာသည့် ကျွန်တော့်ခြေလှမ်းတွေက လေးလံနေသည်။ လေညှင်းတွေက ကျွန်တော့်ရင်ကို တိုးဝှေ့တိုက်ခိုက်လိုက်တော့ ရင်တစ်ခုလုံးအေးခနဲ ဖြစ်သွားသည်။ သူဌေးဖြစ်ချင်သည့် ရည်ရွယ်နှင့် ငွေနောက်လိုက်ခဲ့တာ ဆယ်တန်း အောင်ကတည်းက ဖြစ်သည်။ အမေတစ်ခုသားတစ်ခုမို့ အမေပင်ပန်းတာကို မကြည့်ရက်တာကြောင့် အမေတားနေသည့်ကြားက ဖားကန့်ကို ကျောက်တူးဖို့ ထွက်လာခဲ့မိတဲ့ အချိန်မှစပြီး မျှော်လင့်ချက်များ ကင်းမဲ့ရုံမက သူဌေးဖြစ်ရမည်ဟု ကြွေးကြော်ထားသည့်

ရည်ရွယ်ချက်လည်း ပျောက်ဆုံးသွားခဲ့ပြီး အားလုံးဆုံးရှုံးခြင်းများရဲ့ နောက်ဆုံးနားခိုရာ အမေ့အိမ်
တစ်ခုတည်းသာ ဖြစ်သည်။ ဆုံးရှုံးမှုများကို ထွေးပိုက်ရင်း အမေ့အိမ်ကို ပြန်လာခဲ့ရတော့သည်။
တွေးရင်းနှင့် . . .
"ဒေါက် . . ဒေါက် . . ဒေါက်"
"သားရေ . . ထတော့လေ၊ ကျူရှင်သွားရအုံးမှာ မဟုတ်လား"
အမေ့အသံက မနက်တိုင်း ကျွန်တော့်ရဲ့ ပုံမှန်နှိုးစက်ဖြစ်သည်။
"အမေကလည်းဗျာ . . အစောကြီးရှိသေးတယ်၊ ကျူရှင်က ခုနစ်နာရီမှလေ"
"သားရယ် စာလေးဘာလေးလည်းကျက်ဦးမှပေါ့၊ ဆယ်တန်းဆိုတာ ဒီလိုနေလို့မရဘူးလေ၊
အဆောင်မှာနေပါဆိုပြီး ထားပေးတော့လည်း မနေနိုင်ဘူး၊ သားကို ဆယ်တန်းအောင်ဖို့
အမေဘယ်လိုလုပ်ပေးရမှာလဲ"
အမေတစ်ယောက်တည်း ပြစ်တောက်ပြစ်တောက်ပြောပြီး မီးဖိုဆောင်ထဲသို့ ဝင်သွားခဲ့လေသည်။
ကျွန်တော်လည်း စောင်ထဲတွင် ဆက်ကွေးနေလိုက်သည်။
အမေကျွန်တော့်ကို ဟိုပင်မြို့ရဲ့ အောင်ချက်အကောင်းဆုံး စာကျက်ဝိုင်းမှာ ထားပေးသည်။
စည်းကမ်းအလွန်တင်းကြပ်လွန်းသောကြောင့် ကျွန်တော် လစ်ပြေးခဲ့ခြင်း ဖြစ်သည်။

## အခန်း(၂)

"ဒေးဗစ်ရာ၊ တစ်နာရီတောင် ထိုးနေပြီ ဘာလို့ ဒီလောက်နောက်ကျရတာလဲ"
"ငါ့အမေ မရောက်သေးလို့ ထွက်လာလို့ မရဘူးဖြစ်နေတာ"
"ကဲ . . စကားများမနေကြနဲ့၊ ငါဂီတာစတီးပြီနော် ဆိုကြတော့"
ကျွန်တော်တို့အဖွဲ့ မကောင်းကင်ဆိုတဲ့ကောင်မလေးအိမ်ရှေ့မှာ ညတိုင်းလိုလိုဂစ်တာတီးဖြစ်သည်။
မကောင်းကင်သည် ကျွန်တော်တို့လိုပင် ဆယ်တန်းကျောင်းသူလေးဖြစ်သည်။
မိဘများက ပိုက်ဆံချမ်းသာသောကြောင့်အိမ်မှာ ဆရာခေါ်သင်သည်။
ကျွန်တော်တို့ သီချင်းတစ်ပုဒ် နှစ်ပုဒ် ဆိုပြီးသည်နှင့် ရဲ လေးငါးယောက်ရောက်လာပြီး ကျွန်တော်တို့ကို
ဖမ်းခေါ်သွားကြသည်။
"ငါ့ညီတို့ကို မဖမ်းချင်ပါဘူး၊ ဒါပေမယ့် ခု ညီလေးတို့ဂီတာတီးပြီး သီချင်းဆိုနေတဲ့
အိမ်ရှင်မိုးကောင်းကင်က ဖုန်းဆက်ပြီးတိုင်လို့ ခေါ်လာရတာပါ။ ညီလေးတို့ မိဘတွေဆီကို အကိုတို့
အကြောင်းကြားပြီးပြီ။ အာမခံလာရွေးဖို့လည်း ပြောထားတယ်"
ရဲအရာရှိက ပြောရင်းဖြင့် ကျွန်တော်တို့ဘက်လှည့်လာပြီး
"ဒါနဲ့ ဒေးဗစ်ကဘယ်သူလဲ"
"ကျွန်တော်ပါ"
"အေးမင်းကိုတော့ မင်းအမေခဏနေလာရွေးမယ်တဲ့။ ကျန်တဲ့ညီလေးတို့ရဲ့မိဘများက
မှတ်လောက်အောင်ထားပေးပါလို့ ပြောကြတယ်"
ကျွန်တော့်သူငယ်ချင်းများ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြိုင်တူအော်လိုက်ကြသည်။
"သားလူပေါင်းမှားပြီ . . မေမေရေ . . ဒီညတော့အချုပ်ခန်းမှာ အိပ်ရတော့မှာလား၊
အဖေနဲ့အမေတို့ရေ . . သားအဖြစ်ကို လာကြည့်ကြပါအုံး"
သူငယ်ချင်းဇော်ပိုင် ညဉ်းညူလိုက်ခြင်း ဖြစ်သည်။ အားလုံးမျက်နှာ ငိုမဲ့မဲ့ ဖြစ်နေကြသည်။
သူတို့ကိုကြည့်ပြီးကျွန်တော်စိတ်မကောင်း ဖြစ်ရသည်။ ကျွန်တော်အတွက် ဘာမဆိုရှေ့ကရပ်တည်ပေးတဲ့





အမေရှိနေသည်။
အမေသည် သားအမိနှစ်ယောက် စားဝတ်နေရေးနှင့် ကျွန်တော့်ကျောင်းစရိတ်အတွက်
စက်ချုပ်ခြင်း၊ ကြက်မွေးခြင်း၊ ဝက်မွေးခြင်းတို့ဖြင့် ပင်ပန်းစွာ အလုပ်လုပ်ရရှာသည်။
အချိန်ပြည့်နီးပါးဖြစ်နေသည့် ကျွန်တော့်ပြဿနာများကို မညည်းမညူ လိုက်ရှင်းပေးသည်။
အခုလည်း အမေ၏ အာမခံချက်ဖြင့် လွတ်လာပြန်ပါသည်။

## အခန်း(၃)

"++ ကလင်း++ကလင်း++ ကလင်း++"
ကျောင်းဆင်းခေါင်းလောင်းထိုးသည်နှင့် ကျွန်တော်တို့သူငယ်ချင်းတစ်စု ကျောင်းဂိတ်ပေါက်သို့
အမြန်ရောက် အောင်ပြေးနေကြဖြစ်သည်။
အကြောင်းမှာ မကောင်းကင်လေးကို ကျောင်းဆင်းတိုင်း လိုက်စခြင်းဖြစ်သည်။
"ဒေးဗစ် . . မင်း မကောင်းကင်ကို ကြမ်းကြမ်းတမ်းတမ်းတော့ မစပါနဲ့ဟာ"
ကျွန်တော့်သူငယ်ချင်းများ၏ စကားကို နားမထောင်ဘဲ ခဲလုံးတစ်လုံးကောက်ယူပြီး
မကောင်းကင်ကို လှမ်းပေါက်လိုက်သည်။ ခေါင်းကို ခဲလုံးထိသွားတော့
မကောင်းကင်ကျွန်တော့်တို့ဘက် လှည့်လာသည်။ ကျွန်တော်လည်း ဘာပြောရမှန်းမသိသောကြောင့်
ဖြူဖြူကျော့်သိန်းသီချင်းကို ကောက်ဆိုလိုက်မိသည်။
"စိတ်မဆိုးနဲ့နော်.. ခွင့်လွှတ်ပါကွယ်.. ကိုယ်ရိုင်းနေရင်..."
ကျွန်တော့်သီချင်းကြောင့် သူမှ အရှက်နှင့်ဒေါသရောပြီး ဖြူဝင်းသောမျက်နှာလေး နီရဲသွားလေသည်။
"ကျောင်းအုပ်ဆရာမကြီးနဲ့ တိုင်ပြောမယ်"
တစ်ခွန်းတည်းပြောပြီး လှည့်ထွက်သွားသည်။ မကောင်းကင်သည် အလွန်လှသောမိန်းကလေးဖြစ်သည်။
သို့သော်လည်း သူမွှေးသမီးပီပီ မာနကြီးသည်။
မနက်ဖြန်လည်း ကျောင်းအုပ်ဆရာမကြီးဆီ အမေ့ကို ခေါ်သွားရအုံးမည်။

## အခန်း(၄)

"ဒီမှာ . . . ဒီမှာ"
နေ့လယ်မုန့်စားဆင်းချိန် ရေခဲချောင်းဝယ်စားနေခိုက်တွင်
အနောက်မှခေါ်သံကြောင့် လှည့်ကြည့်မိလိုက်ရာ မကောင်းကင်ဖြစ်နေသည်။
"ကျွန်တော့်နာမည် ဒီမှာ မဟုတ်ဘူး၊ ဒေးဗစ်လို့ ခေါ်တယ်"
"ရှင့်နာမည်ကို ကျွန်မစိတ်မဝင်စားဘူး။ ရှင် မနေ့ကကျွန်မဆိုင်ကယ်ကို လေလျှော့သွားတယ်။
ပြီးတော့ ကျွန်မ ဆွမ်းတော်တင်ထားတဲ့ မုန့်တွေကို ကျွန်မဝတ်ပြုမပြီးသေးခင်မှာ ယူစားသွားတယ်။
ရှင်ကျွန်မကို နောက်ယှက်တာများနေပြီ။ ရှင့်ကို ကျွန်မ လုံးဝမကျေနပ်ဘူး"
မကျေနပ်ချက်များပြောပြီး လှည့်ထွက်သွားသော မကောင်းကင်၏ကျောပြင်ကိုကြည့်ပြီး
ကျွန်တော် ပြုံးလိုက်မိသည်။
ဟိုပင်မြို့၏မနက်ပိုင်းဈေးတွင် ဈေးရောင်းဈေးဝယ်များနှင့် စည်ကားနေသည်။
ဒေါ်လုဆန်လည်း သားတော်မောင် ကျူရှင်ဖိုးနှင့် မုန့်ဖိုးအတွက် ကြက်လာရောင်းနေသည်။
"အမ..အမ"
ခေါ်သံကြောင့် ဒေါ်လုဆန် လှည့်ကြည့်လိုက်သည်။ ဒေါသမျက်နှာနှင့်

အမျိုးသမီးတစ်ယောက်ဖြစ်နေသည်။
"အစ်မသားကို အစ်မထိန်းပေးပါ။ အစ်မသား ကျွန်မသမီးကို စတာတရားလွန်လာပြီ။
ဒီထက်ပိုပြီး ကျွန်မတို့ သည်းခံမှာ မဟုတ်ဘူး။ ကိုယ့်အဆင့်အတန်းမှ ကိုယ်အားမနာ"
ဘာအတွက်ပြောနေမှန်းမသိသော်လည်း ဒေါ်လုဆန်သည် လူကြားထဲတွင်အပြောခံလိုက်ရခြင်းကြောင့်
ရှက်ကာ မျက်နှာနီရဲပြီး လဲကျသွားတော့သည်။ အနီးအနားက အသိတွေက ဆေးခန်းပို့ပေးလိုက်ကြသည်။

......................

ဒေါ်လုဆန်ဆေးခန်းမှပြန်လာတော့ သားအလိမ္မာတုံးလေး စာမကျက်ဘဲ ဂီတာတီးပြီး
သီချင်းဆိုသံကြားလိုက်ပြန်တော့ ခေါင်းပိုမူးသလို ခံစားရသည်။
နာကျင်မှုကိုထိန်းချုပ်ပြီး . .
"ဒေးဗစ် အခုချက်ခြင်း ဂီတာယူပြီး ထွက်လာခဲ့စမ်း"
အမေ ဈေးကပြန်လာတိုင်း စကားချိုချိုသာသာနှင့် ခေါ်နေကြဖြစ်သည်။
ဒီမနက် အမေဘာဖြစ်လာလဲ မသိ။ အမေ့လေသံက အေးစက်မာကျောနေသည်။
ကျွန်တော်ဂီတာယူပြီး ထွက်လာခဲ့သည်။ အမေ ကျွန်တော့်လက်ထဲမှဂစ်တာကိုယူပြီး ရိုက်ခွဲလိုက်သည်။
"ဟား . . အမေ ဘာဖြစ်လို့ဂစ်တာလေးကို ရိုက်ခွဲလိုက်တာလဲ။
သွားပါပြီ သားဂစ်တာလေး"
ကျွန်တော် ကွဲသွားသောဂစ်တာအပိုင်းအစများကို လိုက်ကောက်ပြီး အမေ့ကို
အံ့ဩစွာမော့ကြည့်လိုက်မိသည်။ ကျွန်တော်ကို စိုက်ကြည့်နေသည့် အမေ့မျက်နှာလေး နွမ်းနေရှာသည်။
"ငါ့ကိုဘာမှလာမမေးနဲ့၊ အခုချက်ချင်းအခန်းထဲဝင် စာကျက်တော့
ဒီနှစ်ဆယ်တန်းမအောင်ရင် မင်းနဲ့ငါ သေခန်းပြတ်ဘဲ""
ထိုမနက်မှစပြီး အမေသည် ကျွန်တော့်ကို တစ်ချိန်လုံး စောင့်ကြည့်နေတော့သည်။
ကျူရှင်အသွားအပြန်၊ ကျောင်းအသွားအပြန် အမေအကြိုအပို့ လုပ်ပေးသည်။
ကျူရှင်နှင့်ကျောင်းကလွဲပြီး အပြင်ထွက်ခွင့်မရှိ။ အခန်းတွင်သာ စာကျက်နေစေသည်။
စာကျက်သောအချိန်တွင်လည်း အမေ စောင့်ကြည့်နေသည်။ အမေ ပြောပြသော မေကောင်းကင်၏
မိခင်ပြောစကားများသည် ကျွန်တော့်စိတ်ထဲတွင် စွဲနေလေသည်။

အခန်း(၅)

"မေမေရေ . . မေမေ . . သား စာမေးပွဲအောင်တယ်"
ကျွန်တော် အောင်စာရင်းကြည့်ပြီး ပြန်လာတော့ အမေမီးဖိုဆောင်မှ ထွက်လာသည်။ ကျွန်တော် အမေ့ကို
ပြေးဖက်လိုက်သည်။ ဝမ်းသာလွန်းသောကြောင့် ထင်ပါသည်။ အမေမျက်ရည်များ ကျနေရှာသည်။
"ကဲ၊ သားဘာလိုချင်လဲပြော။ အမေဝယ်ပေးမယ်"
"သား၊ သူဌေးဖြစ်ချင်တယ်၊ မေမေ"
အမေ နားမလည်သည့်အကြည့်ဖြင့် ကြည့်နေသည်။
ကျွန်တော့်နားထဲတွင် မေကောင်းကင်၏မိခင် ပြောသွားသောစကားများ ပဲ့တင်ထပ်နေသည်။
ဒီလိုနှင့် ကျွန်တော်ပိုက်ဆံရှာဖို့
ကျောက်စိမ်းမော်ဖြစ်သည့် ဖားကန့်သို့ ထွက်လာခဲ့သည်။
ရောက်ခါစတွင် မိမိရည်ရွယ်ချက်နှင့် မိမိမို့ ပျော်နေသည်။ နောက်ပိုင်းတွင်မှ လောက၏အကြောင်းကို
တဖြည်းဖြည်းနှင့် သိလာခဲ့တော့သည်။





"ဟေ့ကောင် ဒေးဗစ် . . ထစမ်း . . ကျင်းထဲကို ဆင်းရမယ် မသိဘူးလား၊ ကျက်သရေမရှိ။
နေဖင်ထိုးအိပ်နေရအောင် မင်းမိဘအိမ် မဟုတ်ဘူးကွ။
အလုပ်က လက်ကြောမတင်းဘူး။ ပိုက်ဆံတော့ လိုချင်တယ်။ မြန်မြန်ထစမ်း"
ကျွန်တော်ချမ်းသောကြောင့် စောင်ခေါင်းမြီးခြုံထားသည့်ကြားမှ ကျင်းပိုင်ရှင်သူဌေးကို ကြည့်လိုက်သည်။
အရက်ဖောနေသည့်မျက်နှာက ဒေါသကြောင့် အဆီပြန်နေသည်။
"သူဌေး . . ကျွန်တော်ဖျားနေလို့ပါ"
"ဘာ.၊ နေမကောင်းဖြစ်ပြန်ပြီလား၊ ဒါဆိုရင်တော့ မင်းအိမ်ပြန်ဖို့လုပ်တော့။ အလုပ်မလုပ်နိုင်တဲ့သူကို
ထမင်းတော့ အလကားကျွေးမထားနိုင်ဘူး။"
ကျင်းပိုင်ရှင်သူဌေး အော်ငေါက်ပြီး ထွက်သွားသည်။ ကျွန်တော်ဖျားကြောင့် အလွန်ချမ်းနေသည်။
ဒီလိုအချိန် အမေ့ကို အလွန်တမ်းတမိသည်။ ကျွန်တော် ကျောက်စိမ်းမော်ကို ထွက်မလာမီ
မျက်ရည်ကျပြီးပြောသော အမေ့အသံကို ကြားယောင်မိသည်။
"သားရယ်၊ ဖားကန့်ကို မသွားပါနဲ့လား၊ အမေ မချမ်းသာရင်လည်းနေပါစေ။ အမေ့အနားမှာဘဲနေပါနော်၊
အမေနဲ့ ဝေးတဲ့နေရာမှာ အမေ့သားလေး ဒုက္ခရောက်မှာ အမေ မလိုလားဘူး"
အမေ့အကြောင်းစဉ်းစားပြီး ပို ငိုချင်လာသည်။ မျက်ရည်များက တားဆီးမရအောင် စီးကျလာသည်။
နာကြည်းချက်လေးတခုကြောင့် အမေ့စကားကို နားမထောင်မိလို့ ဒုက္ခရောက်ရသည်ကို နောင်တရမိသည်။
အဖျားကျသွားလျှင် အမေ့ဆီကို ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

အခန်း(၆)

"အိုး . . အမေ့သားလေး ပြန်လာပြီ"
အမေ ကျွန်တော်ပြန်လာတာကို အိမ်ရှေ့ဝရံတာမှ လှမ်းမြင်က ပြေးဆင်းလာသည်။
ကျွန်တော် ထွက်သွားပြီးကတည်းက ကျွန်တော်ပြန်လာမည်ကို အမေနေ့တိုင်းမျှော်နေမည်ဆိုတာကို
ကျွန်တော်သိသည်။
ကျွန်တော်ကျောပိုးအိတ်ကိုပစ်ချပြီး အမေ့ကို ပြေးဖက်လိုက်သည်။
"သားမှားပါတယ်မေမေ၊ မေ့မေ့ရင်ခွင်ထက် ပျော်ရွှင်နွေးထွေးတဲ့နေရာ မရှိဘူးဆိုတာ သားသိပါပြီ"
အမေ့ရင်ခွင်ထဲ ဝင်နေပြီး ငိုချလိုက်မိသည်။
အမေ့ရင်ခွင်လောက် နွေးထွေးလုံခြုံသည့်နေရာ ဘယ်မှာ ရှာလို့တွေ့နိုင်ပါ့မလဲ။

အခန်း(၇)

"ဟေ့ကောင်၊ ဒေးဗစ် ဘာတွေတွေးနေတာလဲ၊ မင်းအလှည့်ရောက်ပြီလေ"
"အော် . . အေး . . အေး"
ကျွန်တော် သန့်ရှင်းသောကားတိုင် မွေတက္ကသိုလ်မှ ဘွဲ့လက်မှတ်ကိုယူပြီး ပြန်ဆင်းလာတော့
အမေ ပြုံးပြီး ကြိုနေသည်။

ကိုဘောက်လီ



ဆဲဗင်းမွန်း

# မိဘမျက်ရည်ကြားမှ ဘုရားခေါ်သံ

ဆရာဆိုင်းအောင်

ရှေးဦးစွာ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ကျွန်တော်သည် သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသားတစ်ယောက်ဖြစ်၍ ကျွန်တော်၏နာမည်မှာ ဆရာဆိုင်းအောင်ဖြစ်ပြီး မွေးဖွားရာဇာတိမှာ ကချင်ပြည်နယ်၊ တနိုင်းမြို့မှာ ဖြစ်ပါသည်။ ဓမ္မတက္ကသိုလ် မရောက်ရှိမီ ရှင်သန်နေထိုင်ခဲ့သော ကျွန်တော်၏ ဘဝအသက်တာ အစိတ်အပိုင်းတစ်ခုကို သက်သေခံ ဝေမျှလိုပါသည်။

ကျွန်တော်သည် မိသားစုတွင် အကြီးဆုံးသော သားဦးဖြစ်ပြီး၊ ညီလေးတစ်ယောက်နှင့် ညီမလေးတစ်ယောက် ရှိပါသည်။ မိဘများမှာ အမှုတော်ဆောင်ဖြစ်ပြီး၊ ဘုရားသခင်၏ အမှုတော်ကို ထမ်းဆောင်ဖြစ်သည့်အတိုင်း သားဦးဖြစ်သော ကျွန်တော့်ကို နားမထောင်ဘဲ မိဘအပေါ်တွင် မသိတတ်ခြင်းများစွာ ရှိခဲ့ပါသည်။ သို့သော်လည်း ကျွန်တော့်အနေဖြင့် မိဘစကားကို ဘဝတွင်မေ့မရသော အဖြစ်အပျက်ကို သက်သေခံ ဝေမျှလိုပါသည်။ ကျွန်တော်၏ မသိတတ်ခြင်းများစွာမှ မူးယစ်ဆေးဝါးပေါများသော နေရာဖြစ်သည့်နည်းတူ၊ ပညာရေးမှာ အလွန်နိမ့်ကျသောကြောင့် ကျွန်တော်နေထိုင်သောမြို့တွင် မိဘများသည် ကျွန်တော် (၁၀)တန်းရောက်သည့်အချိန်တွင် ပညာတတ်ဖြစ်စေလိုသည့် ဆန္ဒကြောင့် ကျွန်တော်၏ တော်တို့မြို့နှင့် ဝေးကွာသော မိုးညှင်းမြို့တွင် ငွေကြေးများစွာအကုန်ခံ၍ ဘော်ဒါဆောင်တွင် ထားပြီး ပညာသင်စေခဲ့ပါသည်။

ကျွန်တော် ဘော်ဒါဆောင်တွင်နေစဉ်ကာလတစ်လျှောက်လုံး စာကိုစိတ်မဝင်စားဘဲ သူငယ်ချင်းများ စာကိုကျက်မှတ် သင်ယူနေသည့်အချိန်တွင် အိပ်လိုက်စားလိုက်ဖြင့် ဆရာ/မ များ၏စကားကို နားမထောင်ဘဲ နေထိုင်ခဲ့သောကြောင့် ဆရာ/မ များ၏ တုတ်စာကို မကြာခဏ မြည်းစားရပါသည်။ မိုးညှင်းမြို့ အ.ထ.က (၂)တွင် ကျောင်းစတက်သည့်အချိန်တွင် သူငယ်ချင်းများစွာနဲ့ ခင်မင်ရင်းနှီးခွင့်ရခဲ့ပြီး ထိုအထဲတွင် မကောင်းသည့်သူငယ်ချင်းများလည်း ပါဝင်ခဲ့ပါသည်။



SHALOM Magazine

ကျွန်တော်သည် သူငယ်ချင်းများ လုပ်သည့် အရာများတွင်ပါဝင်ခဲ့ပြီး ကိုယ်တိုင်လည်း သူတို့နည်းတူ လုပ်တတ်ခဲ့ပါသည်။ အရက်ကို စတင်သောက်သုံးခဲ့ပြီး မိဘဆီမှ ပိုက်ဆံကို လိမ်တောင်းခဲ့သည်မှာ အကြိမ်ပေါင်း မနည်းပေ။ အဖေနှင့် အမေကို ဖုန်းဆက်ပြီး "သား စာကြိုးစားနေပါတယ်" ဟု ဆိုသည့် စကားအားဖြင့် အချိုသတ် လိမ်ညာပြောဆိုခဲ့ပါသည်။

အမှန်မှာ ကျွန်တော်သည် ဘော်ဒါဆောင်၏ ကျပ်တည်းသောစည်းကမ်းကို ခံနိုင်ရည်မရှိဘဲ လှောင်အိမ်ထဲတွင် ထည့်ထားသည့် ငှက်တစ်ကောင်လို ခံစားရပြီး အဆောင်မှ နှစ်တစ်ဝက်တွင် သူငယ်ချင်းများနှင့်အတူ ထွက်ပြေးခဲ့ပါသည်။ မိုးညှင်းမှ နမ်းမားအထိ မီးရထားသံလမ်းတစ်လျှောက် ဖိနပ်မပါဘဲ ထွက်ပြေးခဲ့ပြီး မြစ်ကြီးနားကို သွားသည့် ဆီရထားကို ခိုးစီးခဲ့ပါသည်။ ထိုမှတစ်ဆင့် တနိုင်းမြို့သို့ ဆက်သွားရာ အိမ်ကို မိုးချုပ်တွင် ရောက်ခဲ့ပါသည်။ နောက်နေ့မနက် အဖေနှင့်အမေက ကျွန်တော့်ကို "ဘာကြောင့် အဆောင်က ပြေးတာလဲ" ဟု မေးမြန်းသောအခါတွင် ကျွန်တော်က "ဆီး ချိုရောဂါရှိလို့ ပြန်လာတာပါ" ဟု လိမ်ညာမှုဖြင့် ပြန်ဖြေခဲ့ပါသည်။ အမှန်တွင် ကျွန်တော့်မှာ ဘာရောဂါမှ မရှိပေ။ အဖေနှင့်အမေသည် ကျွန်တော့်ကို ဆေးခန်းသွားပြပြီး ဘာရောဂါမှမရှိဘဲ လိမ်ညာမှန်းသိသောအခါ အလွန်ပင် စိတ်ဆင်းရဲကြပါသည်။ ကျွန်တော့်ကို ချော့မော့ပြီး ပြန်လည်၍ မိုးညှင်းဘော်ဒါဆောင်သို့ ပို့ခဲ့ပါသည်။ အဆောင်သို့ ပြန်ရောက်သောအခါတွင် ဆရာ/မ များက ကျွန်တော့်ကို အထူး ဂရုစိုက်ကြပါသည်။

ကျွန်တော် (၁၀)တန်းစာမေးပွဲဖြေပြီး အိမ်ကိုပြန်ရောက်သောအခါ မိသားစုက ပျော်ရွှင်စွာဖြင့် ဆီးကြိုကြပါသည်။ အဖေနှင့်အမေက "စာမေးပွဲ ဖြေနိုင်သလား" ဟု မေးသောအခါတွင် ကျွန်တော်က "ကောင်းမွန်စွာ ဖြေနိုင်ကြောင်း ဒီနှစ်အောင်ပြီ" ဟု ပြန်ဖြေခဲ့ပါသည်။ (၁၀)တန်း အောင်စာရင်းထွက်သောအခါတွင် ကျွန်တော် စာမေးပွဲကျပါသည်။ အဖေနှင့် အမေသည် ကျွန်တော် စာမေးပွဲ ကျသောကြောင့် အလွန်စိတ်ဆင်းရဲကြပါသည်။ အောင်စာရင်းထွက်သည့် နေ့မှာလည်း တနင်္ဂနွေနေ့ဖြစ်ပြီး ကျွန်တော်၏ အဖေမှာ ဘုန်းတော်ကြီးဖြစ်သောကြောင့် ဘုရားကျောင်းတွင် တရားဒေသနာ ဟောကြားသည့်အခါတွင် မည်မျှမျက်နှာပူပြီး အရှက်ရမည်ကို ကျွန်တော် မစဉ်းစားမိခဲ့ပေ။ အမေလည်း စိတ်မကောင်းခြင်း များစွာဖြင့်ငိုပြီး အခန်းထဲမှ တစ်ပါတ်လောက် အပြင်မထွက်ခဲ့ပေ။ အဖေနှင့် အမေ မျက်ရည်နဲ့ စိတ်မကောင်းဖြစ်နေသည့်အချိန်တွင် ကျွန်တော့်မှာ သူငယ်ချင်းများနဲ့ ပျော်ခဲ့ပါသည်။ ကျွန်တော့်ကို မိဘများက မိုးညှင်းမြို့ ဘော်ဒါဆောင်မှာ ပြန်ပြီးကျောင်းထားသော်လည်း (၁၀) တန်း ဒုတိယနှစ်၊ တတိယနှစ်ထိ စာမကြိုးစားဘဲ ပျော်ရွှင်စွာဖြင့် ဘဝကို ဖြုန်းခဲ့ပါသည်။ ကျွန်တော် စာမေးပွဲကျတိုင်းလည်း အဖေသည် အလွန် စိတ်ဆင်းရဲပြီး မျက်နှာငယ်စွာဖြင့် စာမေးပွဲ အောင်စာရင်း ထွက်သည့် တနင်္ဂနွေနေ့တိုင်း တရားဟောပါသည်။ အမေမှာလည်း အခန်းထဲမှ အပြင်မထွက်ဘဲ ငိုရပါသည်။ အဖေသည် ကျွန်တော့်ကို ကြည့်ချင်စိတ် မရှိလောက်အောင် စိတ်ပျက်နေပါသည်။ ကျွန်တော်စာမေးပွဲကျသော နှစ်တိုင်း စာမေးပွဲ အောင်စာရင်း ထွက်သည့်နေ့မှာ တနင်္ဂနွေနေ့ ဖြစ်ပါသည်။

ကျွန်တော်သည် မိဘကို နာကျင်မှု အမျိုးမျိုး ပေးခဲ့ပါသည်။ ဘာကြောင့် မိဘကို "သနားကြင်နာစိတ်တွေမရှိတာလဲ" ဟု မိမိကိုယ်တိုင် သုံးသပ်မိပါသည်။ မိမိကိုယ်ကို ပြန်လည်သုံးသပ်မိချိန်မှာ ကျွန်တော်သည် မိဘကို စိတ်ဆင်းရဲအောင် လုပ်ခြင်းက ဘုရားကို ပြစ်မှားသလိုခံစားမိပြီး အလွန်ပင် ကြေကွဲ လန့်ခဲ့ပါသည်။ ထို့နောက် နောင်တရ တရားကို ရင်ဝယ်ပိုက်ပြီး ဘုရားသခင်ထံ ဆုတောင်း၍ (၁၀)တန်းနောက်ဆုံးနှစ်ကို အကောင်းဆုံး ကြိုးစားခဲ့ပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် နောက်ဆုံးနှစ်တွင် (၁၀)တန်းကို အောင်မြင်ခဲ့ပါသည်။ ကျွန်တော် (၁၀)တန်းကျချိန်တွင် အမေ၏ ညှိုးငယ်သော မျက်နှာမှာ ကျွန်တော့်အတွက် စိတ်မကောင်းဖြစ်ရသော်လည်း (၁၀)တန်း အောင်သောအခါ အမေ၏ အပြုံးလေး တစ်ပွင့်က ကျွန်တော့်ကို ခွန်

အားများ ဖြစ်စေခဲ့ပါသည်။ ကျွန်တော် နောက်ဆုံးနှစ် ဆယ်တန်းအောင်သည့်နေ့မှာ စနေနေ့ ဖြစ်ပါသည်။ ကျွန်တော့် မိဘအပေါ် မသိတတ်ခြင်းများစွာ ရှိခဲ့ပါသည်။ ကျွန်တော်ကြောင့် မိဘများမည်မျှထိ မျက်နှာငယ်ရခြင်းကို မပြောတတ်နိုင်အောင်ပါဘဲ။ ကျွန်တော့်အဖေမှာ အသင်းတော်ကို ကြည့်ရှုရသော ဘုန်းတော်ကြီးဖြစ်ပြီး၊ အမေလည်း မိခင်အဖွဲ့အစည်းကို ဦးဆောင်နေသူများရှေ့မှာ ကျွန်တော့်ကြောင့် မျက်နှာငယ်ခဲ့ရသော်လည်း ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကျွန်တော်တို့ညီအစ်ကို မောင်နှမများအားလုံး ဘွဲ့ရပညာတတ်များ ဖြစ်ကြပါသည်။

မိဘများ၏ ဘုရားသခင်အပေါ်တွင် ကြိုးစားအားထုတ်ပြီး ဆက်ကပ်မှုကြောင့် ဘုရားသခင်၏ ကောင်းကြီးကို ကျွန်တော်တို့သားသမီးများ ခံစားရပါသည်။ ကျွန်တော်သည် မိဘနှစ်ပါး၏ စကားကို နားထောင်ပြီး အဖေနှင့်အမေဖြစ်စေချင်သည့်အတိုင်း ကျမ်းစာကျောင်းကို တက်ရောက်ခဲ့ပါသည်။ အခုချိန်တွင် ကျွန်တော်သည် နောက်ဆုံးနှစ် ရောက်ပါပြီ။ ကျွန်တော်ဖြစ်စေချင်တဲ့အရာတစ်ခုက၊ ဖြစ်နေတာက တစ်ခုဖြစ်သော်လည်း ကျွန်တော် ကျေနပ်ပါသည်။ မိဘများ၏ကျေးဇူးကို ပြန်ပေးဆပ်ခွင့်ရလို့ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။


ချစ်သောသူငယ်ချင်းများနှင့် ညီအစ်ကိုမောင်နှမများ အနေဖြင့်လည်း မိဘကို မသိတတ်ခြင်းဖြင့် ဘုရားကို မပြစ်မှားမိစေရန်၊ ကြုံတွေ့ခဲ့ရသော အခက်အခဲများကြားမှ ဘုရားသခင်ကို ကိုးစားသောအခါတွင် အောင်မြင်ခြင်းရရှိကြောင်းကို အနည်းငယ် ဝေမျှ သက်သေခံလိုပါသည်။ မိဘအပေါ်တွင် နားလည်သောသား၊ သမီးကောင်းများ ဖြစ်စေရန်အလို့ငှာ တောင်းဆုပြုရင်း အားလုံးအပေါ်တွင် ဘုရားသခင် ကောင်းကြီးပေးပါစေ။ အာမင်။

ဆမားရှုန်ဆုံဆိုင်းအောင် (နောက်ဆုံးနှစ်ကျောင်းသား)

■ ■ ■ ■ ■ ■ ■







# ဂုဏ်ယူလိုက်ပါ အမေ

ဉာဏ်ကြီး

ပျော်ရွှင်မှုတွေ ပျောက်ဆုံးနေတာ ကြာခဲ့ပါပြီ။ နာကြည်းချက်တွေ ခံစားရင်း တစ်ကိုယ်ရေ အဖော်မဲ့ ကသမဲ့ ဘဝမှာ နေပျော်သေပျော် ဖြစ်နေပါပြီ။ အမှန်တော့ ကျွန်တော်ဟာ လူတစ်ယောက်လို့ ခေါ်ရလောက်အောင် လူသားတစ်ယောက်မှာရှိသင့်တဲ့ အရည်အသွေး၊ အရည်အချင်း မရှိဘူးလေ။ ဒီအကြောင်းအရာတွေကိုပြောမိတိုင်း ဒီလောကကြီးထဲက အမေ့ကို ခေါ်ထုတ်သွားတဲ့သူ (ဝါ)ဒီလောကကြီးထဲက အမေ့ကို မောင်းထုတ်လိုက်တဲ့သူကို တွေ့ချင်နေမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေယူနေရတဲ့တာဝန်ကို သူ့ကို ပေးချင်လို့ပဲ။

တကယ်တော့ ကျွန်တော်က မွေးရာပါ မသန်စွမ်းသူလေ။ ဒီတော့ ကျွန်တော့်ရဲ့အသက်ရှင်မှုက တစ်ယောက်ယောက်ကို မှီခိုအားထားရခြင်းပဲ။ တစ်ယောက်ယောက်ဆိုပေမယ့် အဲဒီတစ်ယောက်က အမေကလွဲလို့ အခြားမရှိပါဘူး။ ကျွန်တော်တို့က အမေတစ်ခု သားတစ်ခုလေ။ အမျိုးတွေကလည်း ကျွန်တော့်လိုလူကို ဘယ်အမျိုးတော်ချင်ပါ့မလဲ။ သူတို့ကိုလည်း အပြစ်တင်လို့ ဘယ်ရမှာလဲ။ အပြစ်တင်စရာလူဆိုလို့ ကျွန်တော့်အတွက် နတ္တိပါပဲ။ အမေကတော့ ကျွန်တော်အသက်ရှင်ရခြင်းရဲ့ အရော ပါပဲ။

ကျွန်တော်တို့သားအမိမှာ အခြေခံလူတန်းစားများဖြစ်နေတော့ အမေ့ခင်ဗျာ သားအမိ နှစ်ယောက်ရဲ့ဝမ်းရေးအတွက် ရုန်းကန်နေရသေးတယ်။ မျက်နှာသာပေးမယ့်သူ မရှိလေတော့ "လူ့အောက်ကျို့လို့ လူပိမသေဘူး" ဆိုတဲ့ အမေ့ရဲ့လက်သုံးစကားအတိုင်း သူနေဝင်ချိန်အထိ ကျင့်သုံးသွားတယ်လေ။ ဒီကြားထဲ ကျွန်တော်က အလိုက်မသိတတ်တော့ လိုချင်တဲ့အရာများကို အမေ့ကို နားပူနားဆာ လုပ်သေးတယ်။ အမေဟာ အပြုံးမပျက် ကျွန်တော်လိုအပ်ရာများကို အမြဲဖြည့်ပေးခဲ့တယ်။ ဒီလိုနဲ့ ကံကြမ္မာရဲ့မျက်နှာသာ မပေးမှုကြောင့် ကျွန်တော်တို့သားအမိ ခွဲခွာခြင်းခံခဲ့ရတယ်။ အမေက သေခြင်းတရားကို ပိုက်ထွေးပြီး အသက်ရှင်ခြင်းတရားနဲ့ ကျွန်တော့်ကို ထားခဲ့တယ်။

တစ်ဦးတစ်ယောက်ရဲ့ အကူအညီမရှိဘဲ ကျွန်တော်ဘယ်လိုအသက်ရှင်ရမလဲ။ ကျွန်တော်အသက်ရှင်ဖို့အတွက်ကော ကျွန်တော်ဘာလုပ်တတ်လဲ။ ကျွန်တော်မေးခွန်းတွေနဲ့ဘဲ အသက်ရှင်တော့မှာလား ကိုယ့်ကိုယ်ကိုပြန်မေးရင်း စဉ်းစားနေမိတယ်။ နောက်ဆုံးတော့ နိုင်မာတဲ့ ဆုံးဖြတ်ချက်တစ်ခု ချမှတ်နိုင်ခဲ့တယ်။ အမေပြောပြဖူးတဲ့ ပုံပြင်ထဲက ကုဋေရှစ်ဆယ်သူဌေးသားကဲ့သို့ နယ်လှည့်ပြီး ဝမ်းရေးအတွက် ရုန်းကန်ရပါတော့တယ်။ ကံကောင်းထောက်မစွာဖြင့် ကျွန်တော့်ကို ရိုက်နှက်မယ့်သူ မရှိခဲ့ဘူးလေ။ အမေကော သားအတွက် ဂုဏ်ယူနိုင်ပါ့မလား။ အမေ့ကိုသတိရရင်း . . .။

ဉာဏ်ကြီး



L LUN WAH

တွေ့ဆုံမေးမြန်းခန်း

# Dr. L တေးသံရှင် လွန်းဝါ

အချစ်မျက်ဝန်း သီချင်းနဲ့ ပရိသတ်ရင်ဘတ်ကို လှုပ်ခါသွားစေတဲ့ လူတစ်ယောက်။ ဒါ့အပြင် အင်္ဂလိကန်အသင်းသား တစ်ယောက်ဖြစ်တဲ့အပြင် ဓမ္မတေးခွေ အတော်များများမှာ ပါဝင်သီဆိုလော့ရှိပြီး ကိုယ်တိုင်ကိုယ်ကျလည်း သီချင်းများကို ဖန်တီးတဲ့သူ တစ်ယောက်လည်း ဖြစ်ပါတယ်။ အတိုင်းအတာ တစ်ခုအထိ အပြင်မှာကော ခရစ်ယာန်အသိုင်းအဝိုင်းအတွင်းမှာ အောင်မြင်ခဲ့သူလည်း ဖြစ်ပါတယ်။ ကိုလုံးလုံးလို့ ချစ်စနိုးနာမည်နဲ့ တေးသံရှင် L လွန်းဝါ နှင့် တွေ့ဆုံခိုက် ကျွန်တော်တို့ ရှာလုမ်ပိုင်းတော် သားများမှ အနည်းငယ် မေးမြန်းထားပါတယ်။

ပထမဦးဆုံးအနေနဲ့ အစ်ကိုက ဂီတအနုပညာရပ်ဝန်းမှာ အောင်မြင်မှု အတိုင်းအတာတစ်ခုအထိ ရောက်သွားပြီးမှ ခဏ ပျောက်သွားတယ်ပေါ့နော်။ ဘာကြောင့် ခဏရပ်ထားတယ်ဆိုတာကို ပြောပြစေလိုပါတယ်။

အစ်ကို အခွေထွက်တာက ၂၀၀၃ ဩဂုတ်ပေါ့။ ပြီးတော့ ၂၀၀၈ မှာ စပြီးတော့ နားတယ်၊ ဆေးကျောင်း ပြန်တက်တယ်။ ၂၀၁၂-မှာ ပြီးတယ်။ လေးနှစ် ပြန်တက်တာပေါ့။ 3d MB, Part One, Part Two, House ပြန်တက်တယ်၊ ၂၀၁၃ မှာ ဘွဲ့ရတာပေါ့။

အဲ့ဒါဆို ကိုလုံးလုံးက ပညာရေးဘက်မှာ ဦးစားပေးနေလို့ နားထားတာပေါ့။

ပညာရေးကို ဦးစားပေးတာလည်း ပါပါတယ်။ နောက်ပြီးတော့ စိတ်ထဲမှာလည်း အနုပညာစိတ် နည်းနည်း နည်းသွားတာလည်း ပါတယ်။ အဓိက ကတော့ အောင်မြင်နေတဲ့အချိန်မှာ တက္ကသိုလ် ပြန်တက်ရတဲ့အခါကျတော့ ကျောင်းတော့ပြီးသွားတယ်။ ဒီအထဲကို ပြန်ဝင်တဲ့အချိန်က ၂၀၁၄ မှ ပြန်ဝင်နိုင်တယ်။ ကျောင်းပြီးတော့ ၂၀၁၂၊ ၁၃ ကတည်းက။ ဒါပေမယ့် ၁၄ ကျမှ ပြန်ဝင်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြန်ပြင်ဆင်ရတဲ့အချိန်တွေလည်း ရှိတယ်လေ။ အဲ့ဒါကြောင့် ခဏကြာ တာပေါ့။





ကိုလုံးလုံး ဒီလို အနုပညာအလုပ်တွေကနေ ခဏနားပြီး ကျောင်းပြန်တက်တဲ့အခါ အခက်အခဲလေးတွေ ရှိသလား။

ကျောင်းပြန်တက်တာကျတော့ ကလေးတွေက သူတို့အဖေကိုမေးမယ် ကျောင်းပြီးပြီလားပေါ့။ အဲ့ဒီအခါ ကိုယ်က မပြီးသေးဘူးလေ။ ပိုဆိုးတာက တစ်ခြားကျောင်းတွေ တက်နေတဲ့အဆိုတော်တွေ မင်းသား မင်းသမီးတွေ ကျောင်းပြီးလား မပြီးလားဆိုတာကို လူတွေ သိပ်စိတ်မဝင်စားဘူး၊ ဆေးကျောင်းတက်တဲ့ သူတွေကျတော့ ကျောင်းမပြီးရင် သူများတွေက ပိုပြောချင်တယ်။ ပိုနှိပ်ကွပ်ချင်တယ် (ရယ်လျက်)။ အဲ့ဒါနဲ့ ပြန်တက်မှ ဖြစ်မယ်ဆိုပြီး ပြန်တက်တာ။ ပြန်တက်တဲ့အခါကျတော့ စာတွေဘာတွေ မကျက်နိုင်ဘူးပေါ့။ ဒီဘက်မှာက ၂၀၁၃ ကတည်းကဆိုတော့ အဆင်မပြေဘူး။ နောက်ပြီးတော့ ပထမဦးဆုံးစဖြေရမယ့် စာမေးပွဲတွေက ဆေးကျောင်းဥပဒေအရ Supply တစ်ဘာသာထိတာနဲ့ ကျောင်းထွက်ရမှာ။ ဘာဖြစ်လို့လဲ ဆိုတော့ ရှေ့မှာက နှစ်ခါကျထားလို့။ အဲ့ဒီအချိန်မှာ ပြန်တက်တာဆိုတော့ အောင်သွားတဲ့အချိန်မှာ မျက်ရည်ပါ ကျတယ်။ တော်တော်တော့ ခက်ခဲတယ်။ ကျူရှင်သဘောမျိုး သွားသင်ရတဲ့ အခါမျိုးဆိုရင် လည်း ကိုယ့်ထက်ခြောက်နှစ်လောက်ငယ်တဲ့ ကလေးတွေနဲ့ တက်ရတဲ့အခါ အဆိုတော်လည်း ဖြစ်တဲ့အခါ ကျတော့ နည်းနည်းတော့ တိုင်ပတ်တာပေါ့။

အဲ့လိုမျိုး အခြေအနေလည်းရှိတယ်။ မိသားစုကိုလည်း အချိန်ပေးရတဲ့အခါမှာ အစ်ကိုအနေနဲ့ ဘုရားနဲ့ဘယ်လို ခွန်အားယူဖြစ်လဲ။

အဲ့ဒီအချိန်တွေမှာ လာမယ့် ဒီဇင်ဘာ၊ ဇန်နဝါရီ တစ်ခုခုမှာ ထွက်ဖြစ်မယ့် အခွေထဲက သီချင်းတွေ အကုန် နားထောင်ဖြစ်တယ်။ သီချင်းတွေလည်း ရေးဖြစ်တယ်။ ပြီးတော့ စိတ်ညစ်တာတွေ တော်တော်များ တဲ့ အခါကျတော့ ဘုရားနဲ့ ပိုပြီးနီးဖြစ်တယ်လေ။ အဲ့ဒီအချိန်မှာ ရေးဖြစ်တာတွေ အကုန်လုံး လာမယ့် ဒီဇင်ဘာကျရင် ထွက်မယ်။

အစ်ကိုက အရင်တုန်းက အသင်းတော်ထဲမှာ တက်တက်ကြွကြွနဲ့ ပါခဲ့တယ်လေ။ အခုနောက်ပိုင်းလည်း အစ်ကို့အနေနဲ့ အကူအညီတောင်းရင် တောင်းသလို ကူညီပေးတယ်ပေါ့နော်။ နောက်ပိုင်းကျရင်ကော အသင်းတော်နဲ့ ပတ်သက်ပြီး ဘယ်လိုပုံစံမျိုးနဲ့ ပိုပြီး ပါဝင်ဖြစ်မလဲပေါ့နော်။

အစ်ကိုတို့က ရှေ့ကနေ မျက်စိပိတ် နားပိတ်ပြီးပြေးလာတာ တော်တော်ကြာနေပြီ။ ဘာမှမသိဘဲနဲ့ လုပ်ကွာဆို ပြီးတော့ပေါ့နော်၊ အခုနောက်ပိုင်းကတော့ အဲ့ဒီလိုပြေးမယ့်လူတွေကို အနောက်ကနေ တွန်းအားပေးနေတဲ့ နေရာမှာ နေချင် တယ်။ အသက်အရွယ်ကြောင့်လည်း ထင်ပါတယ် (ရယ်လျက်)။

နောက်တစ်ခုအနေနဲ့ အစ်ကိုတို့ဆိုရင် အသင်းတော်အများကြီးမှာ ပါဝင်ဖူးတဲ့အခါကျတော့ အခုကျွန်တော်တို့ လူငယ်တွေကို ဘယ်လိုမြင်လဲပေါ့။ ကွာခြားချက်တွေ ရှိသလားပေါ့နော်။

ပထမကတော့ ကွာခြားမှုရှိတယ်လို့ မြင်တယ်။ တို့လူငယ်တွေက တက်ကြွမှု နေးတယ်။ ရဲရင့်မှု အားနည်းတယ်ပေါ့နော်။ အခုကျတော့ အဲ့လိုမဟုတ်ဘူးပဲ။ တီးတဲ့လူက တီးတယ်၊ ဆိုတဲ့လူက ဆိုတယ်။ ရေးတဲ့သူကလည်း ရေးတယ်ပေါ့။ အားလုံးက ပိုပြီး Modernized ဖြစ်လာတယ်ပေါ့နော်။ ဒါပေမယ့် နည်းနည်းလိုသေးတယ်ပေါ့နော်။ အရင်တုန်းကထက် စာရင်တော့ အများကြီး တိုးတက်လာတယ်။ အစ်ကို့-အနေနဲ့ကျတော့ ပိုပြီး ဖြစ်စေချင်တယ်။ ပိုပြီးတော့ တောက်ပစေချင်တယ်ပေါ့နော်။ အဲ့ဒီလို လူမျိုးတွေကိုလည်း ကူချင်တယ်။ အခြားသူတွေလည်း လုပ်နေကြတာပဲ။ ဘာမှမကွာဘူး။ အစ်ကိုတို့က အခုမှ စတာမို့လို့ အရှိန်နည်းနည်း နှေးနေသေးတာ။

Ⓒ အစ်ကို့ရဲ့ မိသားစုနဲ့လည်း မိတ်ဆက်ပေးပါအုံး။
Ⓐ အစ်ကို့ အမျိုးသမီးက ဒေါက်တာခိုင်စိုးအောင် လို့ ခေါ်တယ်။ သမီးအကြီးလေးက အသက်ခြောက်နှစ်ရှိပြီ။ Horizon International School မှာ Grade one တက်နေတယ်၊ မိုင်းမိုင် လို့ ခေါ်တယ်။ သမီးအငယ်လေးကတော့ လုလု ပေါ့။ အခုမှ (၂) နှစ်နဲ့ လေးလပေါ့။

Ⓒ အစ်ကို အနေနဲ့ ရှာလုမ်စာဖတ်ပရိတ်သတ်ကြီးကို ဘာတွေများ စကားလက်ဆောင် ပါးပေးချင်လဲ။
Ⓐ လတ်တလောကတော့ ထွက်ထားတဲ့အခွေတစ်ခွေရှိတယ်။ My Music Dictionary လို့ ခေါ်တယ်။ အဲ့ဒီအခွေကတော့ Tribute to my Teacher ပေါ့။ အစ်ကို့ရဲ့ဆရာ ထူးအိမ်သင်အတွက် ထွက်ထားတဲ့အခွေပေါ့။ ထွက်လို့ရတဲ့ငွေတွေအားလုံးကို သူတို့မိသားစုကို ကန်တော့မှာပေါ့။ အခွေတော့ အများကြီးမရောင်းရသေးဘူး။ ဒါပေမယ့် သိန်း(၃၀)တော့ သွားပေးထားတယ်။ နဂိုကတည်းကလည်း ပေါက်ပါ စေလို့ မဟုတ်ဘူး။ သူသင်ပေးထားတဲ့ Cord Lessons လေးတွေကို ချပြတာပေါ့။ ကျန်တာတော့ သိပ်မရှိဘူး။ အခုလာမယ့် New Year မှာ တစ်ကိုယ်တော် မွေ့တေးထွက်ဖို့ ရှိတယ်။ (၁၄)ပုဒ် ပါမယ်။ အဓိက ကတော့ ပဌနာတော် သီချင်းပါမယ်။ အင်္ဂလိကန်အတွက် စည်းရုံးရေးဆင်းတာ မဟုတ်ပေမယ့် အယူအဆတွေကို ရေးထားတာပေါ့။ ဥပမာ - အသုဘ သီချင်းဆိုရင်လည်း ကိုယ်တို့အယူအဆတွေ ဘယ်လိုရှိတယ်။ အချိန်တန်ရင် ဘုရားရှေ့မှာ ပြန်တွေ့ရမယ်။ အစက်အခဲရှိရင်လည်း ရောင်ထွက်သွားဖို့ မျက်လုံးပေးထားတယ်။ အဲ့ဒါမှ မရှိရင်လည်း ကျော်ဖြတ်သွားဖို့ ခြေထောက်ပေးထားတယ်။ ဆုတောင်းဖို့ လက်နဲ့ ပါးစပ် ပေးထားတယ်။ အဲ့ဒါမျိုးလေးတွေပေါ့နော်၊ နောက်ပြီးတော့ အစ်ကို နာမည်ကြီးခဲ့တဲ့ အလိုတော်အတိုင်းသာ၊ အဓိကဘုရားသိစေဖို့ အဲ့ဒီသီချင်းတွေလည်း ပါတယ်။ အဲ့ဒီသီချင်တွေ ဆိုရင်လည်း အယူအဆပိုင်းတွေ များတယ်လေ။ အဲ့ အခွေထွက်မယ်။

Ⓒ အစ်ကိုရေ နောက်ဆုံးအနေနဲ့ အစ်ကို ငယ်စဉ်ကတည်းက ဘုရားသခင်နဲ့ ပတ်သက်တဲ့ ကြီးကြီး မားမား ခံစားချက်ကိုလည်း ဝေမျှပေးပါအုံး။
Ⓐ ငယ်ငယ်တုန်းကတည်းက ကောင်းကြီးရတယ်။ စာပေဆိုရင်လည်း အဆင်ပြေတယ်။ ဆရာကောင်းသမား ကောင်းတွေနဲ့လည်း တွေ့ရတယ်။ ဆယ်တန်းအောင်တော့လည်း ဆေးကျောင်းတက်ခွင့်ရတယ်၊ အရင်တုန်းက ဘုရားကျောင်းတွေမှာ ဓကာဓကာ သက်သေခံဖူးပါတယ်။ တကယ်တမ်း ဖြစ်ချင်တာက စစ်ဗိုလ်ဆရာဝန်ပေါ့။ မဖြစ်လို့ အဆိုတော်ဘက်ကို ရောက်လာတာ။ တကယ်တော့ အဆိုတော်ဖြစ်ချင်တာလည်း မဟုတ်ပါဘူး။ တီးတဲ့သူ ဖြစ်ချင်တာ။ ဘုရားသခင်က ပိုကောင်းတဲ့နေရာကို ပို့ပေးတယ်။ ဘဝတစ်လျှောက်လုံး အဲ့လိုပဲ ခံယူထားတယ်။ သူ့အစီအစဉ်ကို လုံးဝကျော်လို့မရ ဘူးပေါ့။ အဲ့ဒီတော့ အစ်ကိုက ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရင်ဆိုင်နိုင်ဖို့ ခွန်အားပေးဖို့ပဲ တောင်းတယ်ပေါ့။ ဘာလာလာ ဒေါင်းမယ်ပေါ့။ အဲ့ဒါကိုပဲ ခံနိုင်ရည်ရှိဖို့ တောင်းတော့တယ်။

Ⓒ ကျေးဇူးတင်ပါတယ်။
Ⓐ ကျေးဇူးတင်ပါတယ်။








# ထာဝရဘုရားသည် ငါ၏ အလင်း

အောက်စ်ထန်အုပ်

ယနေ့ခေတ်သည် အလွန်ပင်မြန်မြန်ပြောင်းလဲခြင်း မြန်ဆန်သောခေတ် ဖြစ်ပါသည်။ ခေတ်စနစ်ကို တားဆီး၍ မရနိုင်ပါ။ လွန်ခဲ့သော ဆယ်နှစ်ပတ်ဝန်းကျင်အထိ လက်ကိုင်ဖုန်းများ လူတိုင်း မဝယ်နိုင်သော်လည်း၊ ယခုအခါ တောနင့်မြို့ပါမခြား လူတိုင်း ဆက်သွယ်ရေးကွန်ယက်ရှိသော ဒေသတိုင်းတွင် ဝယ်နိုင်သုံးနိုင်ကြပြီ ဖြစ်ပါသည်။ ဖုန်းများတွင် အင်တာနက် ချိတ်ဆက်ထားလျှင် ကမ္ဘာတစ်ခုလုံး ဖြစ်ပျက်သည့်အရာများကို နေရာဒေသတိုင်းမှ ကြည့်ရှုသိမြင်နိုင်ကြပြီ ဖြစ်ပါသည်။ ရှေးအခါက ကမ္ဘာကြီးသည် အလွန်ကျယ်ပြန့်ကြီးကျယ်သည် ထင်သော်လည်း ယခုအခါ လက်ဖဝါးပေါ်တွင် ကမ္ဘာကြီးကိုတင်ကာ ကြည့်ရှုနိုင်ကြပြီ ဖြစ်ပါသည်။ ကမ္ဘာသတင်း၊ မြန်မာ့သတင်းများကို ကြည့်ရန် လက်ကိုင်ဖုန်းများကို အသုံးပြုကြသကဲ့သို့ ခရစ်ယာန်လူငယ်များသာမက၊ လူကြီးများအပါအဝင် ငြိမ်းငွေ့စရာအချိန်များ၊ အထူးသဖြင့် ဘုရားကျောင်းတက်နေချိန်တွင် ဟောကြားသော တရားဒေသနာသည် စိတ်ဝင်စားစရာမကောင်းသောအခါ မိမိတို့ ဖုန်းထဲတွင် ထည့်ထားသော ကစားစရာများ သို့မဟုတ် အခြားစိတ်ဝင်စားစရာကောင်းသော အရာများကိုသာ အာရုံစိုက်ကာ အချိန်ဖြုန်းတတ်ကြတော့သည်။ လူသာ ဘုရားကျောင်းထိုင်ခုံတွင်ထိုင်သော်လည်း လက် နှင့် စိတ်ကား ဘုရားနှင့် ဝေးနေကြသည်။



# လောကမှာ အရေးကြီးဆုံးက ဘာလဲ

N Ba Seng Lawt

ကမ္ဘာမှာ သက်ရှိသတ္တဝါအမျိုးမျိုးရှိကြသည်ဖြစ်၍ ၎င်းတို့သည် ဆင်းရဲဒုက္ခရောက်သည့်အချိန်၊ ပျော်ရွှင်ဝမ်းမြောက်သည့်အချိန်၊ ငြိမ်သက်ချမ်းသာသည့်အချိန် စသည့် အဖြစ်အပျက်အမျိုးမျိုး ရှိသည့် အချိန်များ ရှိမည်ဖြစ်သည်။ ထိုသို့သော အဖြစ်အပျက်များတို့သည် သက်ရှိအားလုံးတို့၌ ရှိကြမည် ဖြစ်သည်။ ထိုသို့ သက်ရှိအားလုံးထဲမှ လူသားတို့၏ အရေးကြီးဆုံးသောအရာနှင့် အလိုအပ်ဆုံးသောအရာက မည်သည့်အရာများဖြစ်ကြောင်းကို ဖော်ပြလိုပါသည်။

လူတစ်ဦးတစ်ယောက်၏ “အရေးကြီးဆုံးသောအရာနှင့် အလိုအပ်ဆုံးသောအရာက ဘာလဲ” ဟူသောအရာသည် တစ်ဦးနှင့်တစ်ဦး တူညီကြမည်မဟုတ်ပေ။ သို့သော် လူအတော်များများက လက်ခံထားသော “အရေးကြီးဆုံးသောအရာက ဘာလဲ”ဟူသော မေးခွန်းကို လူ့ရှုထောင့်အားဖြင့် ရိုးရှင်းစွာ ဖွင့်ဆိုကြည့်မည်ဆိုပါက “ကျန်းမာရေးနှင့် စားဝတ်နေရေး” အဆင်ပြေမှုတို့ ဖြစ်ပေသည်။ ၎င်းအပြင် “အလိုအပ်ဆုံးသောအရာက ဘာလဲ”ဟူသော မေးခွန်းမှာ တစ်ဦးနှင့်တစ်ဦး လိုအပ်တာချင်း တူညီမှာ မဟုတ်ကြပေ။ ရိုးရိုးရှင်းရှင်းအနေဖြင့် ကြည့်မည်ဆိုပါက အဓိကအလိုအပ်ဆုံးသောအရာမှာ “လေ” ဖြစ်ပါသည်။ ထိုသို့ လေမရှိလျှင် ကမ္ဘာပေါ်ရှိ လူသားများအားလုံး အသက်ရှင်နိုင်မည် မဟုတ်ပေ။





ထို့ပြင် သတ္တဝါအားလုံးထဲ၌ လူသားကသာ ဉာဏ်ရှိသော သတ္တဝါပင် ဖြစ်သည်။ လူသားသည် ဉာဏ်မရှိလျှင် အသက်မရှင်နိုင်ပေ။ လူသားခန္ဓာကိုယ်မှာ ဉာဏ်ထွက်သွားမည်ဆိုပါက ၎င်းလူသား၌ အသက် မရှိတော့ပါ။ ဥပမာအားဖြင့်ဆိုရသော် နေရာတစ်ခုမှာ လူသတ်မှုဖြစ်ပွား၏။ ၎င်းနေရာကို ဖြတ်သန်း ဖြတ်လာပြုရန် ကြောက်တတ်ကြ၏။ သို့သော် တရိစ္ဆာန်(ခွေး)တစ်ကောင် သေဆုံးသွားသောနေရာကို ဖြတ်သွားဖြတ်လာပြုမည်ဆိုပါက ကြောက်စိတ်မရှိတတ်ကြပါ။ အဘယ်ကြောင့်ဆိုသော် လူသား၌ ဉာဏ်ရှိသောကြောင့် ဖြစ်သည်။ တရိစ္ဆာန်တို့မှာ ဉာဏ်မရှိသောကြောင့် ဖြစ်ပါသည်။

ဉာဏ်နှင့် လေသည် ဆက်စပ်မှုရှိ၏။ သက်ရှိသတ္တဝါများထဲမှ လူသားသည် လေမရှိလျှင် အသက်မရှင်နိုင်သကဲ့သို့၊ ဉာဏ်မရှိလျှင်လည်း အသက်ရှင်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် လေသည် သတ္တဝါအားလုံးအတွက်ဖြစ်ပြီး ဉာဏ်မှာမူ လူသားနှင့်သာ သက်ဆိုင်ပါသည်။ တရိစ္ဆာန်သည် ဉာဏ်အစာအဟာရဟူသောအရာကိုမသိ၊ နားမလည်ပေ။ သို့သော် လူတို့မှာ ဉာဏ်အစာအဟာရကို နားလည်နိုင်သောအစွမ်းသတ္တိရှိ၏။ လူသားတို့၏ ဉာဏ်အစာအဟာရမှာ မိမိတို့ယုံကြည်ရာ၊ မိမိတို့ အားကိုးရာဖြစ်သောအရာတစ်ခုပင် ဖြစ်သည်။ ဥပမာ - ခရစ်ယာန်တို့၏ ဉာဏ်အစာအဟာရမှာ ဘုရားသခင်၏ နှုတ်ကပါတ်တရားတော်ပင် ဖြစ်သည်။

ခရစ်ယာန်တစ်ဦးဖြစ်လာပြီးဆိုပါက ဉာဏ်တိုးတက်ရှင်သန်ရေးသည် အလွန် အရေးကြီးလှပေသည်။ ဉာဏ်တော်၏လုပ်ဆောင်ခြင်းသည် လမ်းပြပို့ဆောင်ခြင်းဖြစ်သည်ဟု ယုံကြည်သူခရစ်ယာန်များက လက်ခံထားကြ၏။ ထိုဉာဏ်တော်ဘုရားသည် တို့နှင့်အတူ အစဉ်အမြဲတည်ရှိသည်။ ဉာဏ်သည် လူသားအားလုံးမှာ ရှိသောကြောင့် လူသားတိုင်း သိရှိပြီးဖြစ်သည်။ သို့သော် ထိုဉာဏ်သည် ဘုရားသဏ္ဍာန်ပုံဆောင်ရမည် ဖြစ်သည်။ ထိုမှသာ အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးသောအရာတို့က မည်သည့်အရာဖြစ်ကြောင်းကို ထင်ရှားစွာ သိမြင်လာမည် ဖြစ်သည်။ အချို့သော လူတို့၏ အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးသောအရာတို့မှာ စည်းစိမ်ဥစ္စာများဖြစ်သော တိုက်၊ ကား၊ အိမ်၊ မြေယာ၊ ရွှေ၊ ငွေ နှင့် အဆောက်အဦးများရှိမှ၊ ပိုင်ဆိုင်ရမှသာ ပြည့်စုံသည်ဟု ထင်မြင်ယူဆတတ်ကြပါသည်။ သို့သော် ၎င်းတို့သည် အပြင်ပန်းပုံသဏ္ဍာန်ပုံဆောင်လျက်ရှိသည် အထင်အရှားဖော်ပြနေပါသည်။ အသို့ဆိုသော် စည်းစိမ်ဥစ္စာချမ်းသာသူတစ်ယောက်သည် ဘုရားသခင်၏ ဉာဏ်သဘော၌ ပုံဆောင်မှုမရှိပါ၊ ထိုသူသည် မည်သည့်အခါမှ ပြည့်စုံမှုရှိနိုင်မည်မဟုတ်ပေ။ ဘုရားသခင်၏ ဉာဏ်သဘောမှုကား (ဂလာတိ၊ ၅း၂၂-၂၃)တွင် အတိအလင်း ဖော်ပြထားပါသည်။ ထိုဉာဏ်သဘောမှုကား “ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း”တို့ ဖြစ်ပေသည်။

လောကမှာ အလိုအပ်ဆုံးသောအရာနှင့် အရေးကြီးဆုံးသောအရာတို့မှာ ဤဉာဏ်သဘောတရားများတို့သာ ဖြစ်ပေသည်။ ဤအချက်တို့နှင့် ပြည့်စုံသောလူသားသည် အလိုအပ်ဆုံးနှင့် အရေးကြီးဆုံးသောအရာကို ရရှိသောသူ ဖြစ်ပါ သည်။

N Ba Seng Lawt. Lai Za



# အဖြေက ရှင်းပါသည်

တောသားလေး

ယနေ့ ခရစ်ယာန်အချို့တို့သည် ပညတ်တော်(၁၀)ပါးနှင့်တကွ ဓမ္မဟောင်းကျမ်း၌ပါသော ပညတ်တရားများကို စောင့်ရှောက်ရန်မလိုတော့ပေဟု ပြောဆိုသံကြားနေရပါသည်။ ၎င်းအပြင် ဓမ္မသစ်ကျမ်းတွင်ပါသော ပညတ္တရားများကိုလည်း စောင့်ရှောက်ရန်မလိုတော့ပေဟု ခံယူထားရုံမျှမက အခြားသူများကိုလည်း ထိုနည်းတူပင် သွန်သင်နေလေသည်။ ဤသို့သွန်သင်မှုတို့ကြောင့် ခရစ်ယာန်အချို့တို့အတွက် တိုက်လဲစရာဖြစ်လာပါသည်။ ပညတ္တရားကိုစောင့်ရှောက်ရန် မလိုတော့ဘူးဆိုပါက လူ့အသက်ကိုမသတ်ရ၊ သူ့ဥစ္စာကို မခိုးရ၊ သူ့သားအိမ်ယာမပြစ်မှားရ အစရှိသည့် ပညတ်တော်(၁၀)ပါး၌ပါသော ပညတ်တရားတို့ကို စောင့်ရှောက်ရန် မလိုတော့ကြောင်း အဓိပ္ပါယ်သက်ရောက်လျက် ရှိနေပါသည်။

ဤသို့ဖြစ်နေပါက လူ့ဘဝသည်လုံခြုံမှုမရှိတော့ဘဲ တစ်ယောက်ကို တစ်ယောက်သတ်ကြဖြတ်ကြ၊ တစ်ဦးဥစ္စာကိုတစ်ဦး ခိုးကြ၊ တစ်ဦး၏မယားကို တစ်ဦးက ပြစ်မှားကြ အစရှိသဖြင့် လူ့ဘဝသည် ပျော်စရာ မကောင်းတော့ပေ။





တစ်ဖက်တွင် ပညတ္တရားစောင့်ရှောက်ခြင်းအားဖြင့်ကယ်တင်ခြင်းမရနိုင်ဘဲ ကျေးဇူးတော်အားဖြင့်သာ ကယ်တင်ခြင်းရကြကြောင်း ဖော်ပြထားသော ဓမ္မသစ်ကျမ်းချက်များစွာ ရှိနေပြန်သည်။ ဥပမာအားဖြင့် ဧဖက် ၂း၈-၉ "ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်၊ ဘုရားသခင်သနားတော်မူရာ ဖြစ်သတည်း။ ကိုယ်ကျင့်သိလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်၊ သို့ဖြစ်၍ အဘယ်သူမျှဝါကြွားစရာ အခွင့်မရှိ" ဟု ဆိုထားပါသည်။ တနည်းအားဖြင့်ဆိုသော် ပညတ္တရားစောင့်ရှောက်နိုင်ခြင်းအားဖြင့် မည်သူကမျှ ကောင်းကင်နိုင်ငံတော်သို့ မဝင်စားနိုင်ကြပေ။ ပညတ္တရားကို အလွန်အကျွံ စောင့်ရှောက်နေကြသော ဖာရိရှဲများပင်လျှင် ကောင်းကင်နိုင်ငံတော်သို့ မရောက်နိုင်ကြကြောင်း ခရစ်တော် မိန့်ကြားခဲ့ပါသည်။ မဿဲ ၅း၂၀ တွင် "သင်တို့ကျင့်သောအကျင့်သည် ဖာရိရှဲတို့နှင့် ကျမ်းပြုဆရာတို့ကျင့်သော အကျင့်ထက် မလွန်မသာလျှင် သင်တို့သည် ကောင်းကင်နိုင်ငံတော်သို့ မဝင်ရကြဟု ငါအမှန်ဆို၏။" အရှင်ခရစ်တော်ခေတ်က ကျမ်းပြုဆရာတို့နှင့် ဖာရိရှဲတို့ထက် ပညတ္တရားစောင့်ရှောက်နိုင်သူများမရှိခဲ့ပေ။ ဤသူများ ညကောင်းကင်နိုင်ငံတော်သို့မဝင်နိုင်လျှင် မည်သူက ကောင်းကင်နိုင်ငံတော် ဝင်စားနိုင်တော့မည်နည်း။

အဖြေရှိပါသည်။ အင်မတန်မှ ရိုးစင်းသော အဖြေရှိပါသည်။ အရှင်ခရစ်တော် လောကတွင် အသက်ရှင်ခဲ့သော ခေတ်၌ "ပညတ္တရား" ဟုဆိုလိုက်တိုင်း အဓိပ္ပါယ်(၄)မျိုး ရှိခဲ့ပါသည်။ ထို(၄)မျိုးမှာ ပထမ-ပညတ္တတော် (၁၀)ပါး၊ ဒုတိယ-ပညတ္တိကျမ်း(၅)ကျမ်း၊ တတိယ-ပညတ္တိကျမ်းနှင့် ပရောဖက်ကျမ်းများ၊ တနည်းအားဖြင့် ဓမ္မဟောင်းကျမ်းတစ်ခုလုံးနှင့် စတုတ္ထ-ကျမ်းတတ်ပုဂ္ဂိုလ်များ သင်ကြားနေသော ပညတ်တရားများ (Oral or Scribal Laws) တို့ ဖြစ်ကြပါသည်။ ဤ စတုတ္ထအမျိုးအစား ပညတ်တရားများသည် အမှန်စင်စစ် ဘုရားသခင်ပေးသနားခဲ့သော ပညတ်များမဟုတ်ပေ။

ကျမ်းတတ်ပုဂ္ဂိုလ်များစိတ်ထင်နှင့် ပြဋ္ဌာန်းထားသောပညတ်များသာဖြစ်ပြီး ဓမ္မဟောင်းကျမ်းထဲတွင်လည်း ဤပညတ်များကို မတွေ့ရှိရပေ။ ထို့ကြောင့် အရှင်ခရစ်တော်ကိုယ်တော်တိုင် ထိုစတုတ္ထအမျိုးအစား ပညတ်တရားများကို မစောင့်ရှောက် ရုံ သာမက ချိုးဖောက်ခဲ့ကြောင်း တွေ့ရပါသည်။ ဥပမာ- ဥပုသ်နေ့ဆိုင်ရာ ပညတ်တရားများကို သူကိုယ်တိုင် လွန်ကျူးရုံမျှမက တပည့်တော်များတို့ကိုလည်း ထိုစတုတ္ထအမျိုးအစား ပညတ်တရားများကို စောင့်ရှောက်ရန် မလိုကြောင်းလည်း သွန်သင်ခဲ့ပါ သည်။

အရှင်ခရစ်တော်ခေတ်က လူတွေ ပညတ်တရားလို့ ဆိုလိုက်တိုင်း စတုတ္ထအဓိပ္ပါယ် ဆိုလိုခြင်းဖြစ်ပါသည်။ ကျမ်းတတ်ပုဂ္ဂိုလ်များ သွန်သင်နေသော၊ သင်ကြားနေသော ပညတ်တရားတို့အား အရှင်ခရစ်တော်နှင့် ရှင်ပေါလုတို့က အကြီးအကျယ် ရှုံ့ချခဲ့ပါသည်။ အရှင်ခရစ်တော်နှင့် ရှင်ပေါလုတို့က ပညတ်တော်ဆယ်ပါးကိုသော်လည်းကောင်း၊ ပညတ္တိကျမ်းငါးကျမ်းကိုသော်လည်းကောင်း၊ ဓမ္မဟောင်းကျမ်း တစ်ခုလုံးကိုသော်လည်းကောင်း၊ မည်သည့်အချိန်ကမျှ ရှုံ့ချခဲ့ခြင်းမရှိခဲ့ပါ။ ရှုံ့ချခြင်းမရှိရုံ သာမက "ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှာ ငါလာသည်ဟု မထင်ကြနှင့်၊ ဖျက်ပယ်ခြင်းငှာ ငါလာသည်မဟုတ်၊ ပြည့်စုံစေခြင်းငှာ ငါလာခြင်းငှာ ငါလာသည်မဟုတ်... ငါအမှန်ဆိုသည်ကား ကောင်းကင်နှင့်မြေကြီးမပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌ အသတည်း။ ငါအမှန်ဆိုသည်ကား ကောင်းကင်နှင့် မြေကြီးမပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသောဗိန္ဒုတစ်လုံးမျှ ပြည့်စုံခြင်းသို့ မရောက်မီ မပျက်စီးရ"(မဿဲ ၅း၁၇-၁၈) ဟုဆိုထားပါသည်။

၎င်းအပြင် "လူ့အသက်ကို မသတ်ရ၊ သတ်သောသူသည် ရုံး၌ အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏ဟူသော ရှေးပညတ်စကားကို သင်ကြားရပြီ၊ ငါပညတ်သည်ကား၊ ညီအစ်ကို ကို အထောက်မတန် အမျက်ထွက်သောသူသည် ရုံး၌ အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏။ ညီအစ်ကိုကို ကျိန်ဆဲသောသူသည် ဂေဟန္နာအရပ်၌ မီးရှို့ခြင်းကိုခံထိုက်ပေ၏။" (မဿဲ ၅း၂၁-၂၂) ဟု အရှင်ခရစ်တော်သွန်သင်ခဲ့ပါသည်။

အထက်ပါသွန်သင်ခြင်းကို ထောက်ရှုခြင်းအားဖြင့် အရှင်ခရစ်တော်သည် ပညတ်တော်(၁၀)

ပါး ကိုသော်လည်းကောင်း၊ ပညတ္တိကျမ်းများကိုသော်လည်းကောင်း၊
ကောင်း၊ တစ်နည်းအားဖြင့် ဓမ္မဟောင်းကျမ်းတစ်ခုလုံးကိုသော်လည်းကောင်း၊ ပရောဖက်ကျမ်းများကို သော်လည်း
ထိုဓမ္မဟောင်းကျမ်း၌ပါသည့်အငယ်ဆုံးသောပညတ်တစ်ခုကိုမျှ ပယ်ဖျက်ဖို့ ဆန္ဒမရှိခြင်း၊ ပယ်ဖျက်ဖို့နေနေသာသာ
ပညတ်တစ်ခုကိုမျှ ပစ်ပယ်ဖို့၊ လျစ်လျူရှုဖို့ ဆန္ဒမရှိကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ အငယ်ဆုံးသော

ငှင်းအပြင် "သူ့မယားကို မပြစ်မှားရ ဟူသောရှေးပညတ်တရားကို သင်တို့ကြားရပြီ။
သည်ကား ကိလေသာစိတ်နှင့် သူ့မယားကိုကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့် ပြစ်မှားပြီ။" ငါပညတ်
(မဿဲ ၅း၂၇-၂၈) ဤနေရာတွင် ခရစ်တော်ပေးသောပညတ်သစ်များသည် လိုက်လျောက်ရန် အလွန်
ခက်ခဲကြောင်း တွေ့မြင်နိုင်ပါသည်။ တောင်ပေါ်ဒေသနာဟု ခေါ်လေ့ခေါ်ထရှိသည့် ရှင်မဿဲခရစ်ဝင်ကျမ်း
အခန်းကြီး(၅)မှ (၇)အထိ တစ်ခုလုံး ဖတ်ကြည့်ပါ။ အရှင်ခရစ်တော်၏ သွန်သင်ချက်များသည် ဓမ္မဟောင်း
ကျမ်း၌တွေ့ရသော ပညတ်တရားများထက် အလွန်လေးနက်ပေသည်။ လူ့ဘဝ ကောင်းစားရေးအတွက်
အလွန်တရာမှ လိုအပ်သော ပညတ်များဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

ထို့ကြောင့် သူတစ်ပါးပြောတိုင်း မယုံကြပါနှင့်။ ချင့်ချိန်ပြီးယုံပါ။ အရှင်ခရစ်တော်ကို သတိရပါ။
ရှင်ပေါလု သွန်သင်ခြင်းများကိုလည်း သတိရပါ။ ရှင်ပေါလုကိုယ်တိုင်က "သို့ဖြစ်၍ ငါ့ချစ်သူတို့၊ သင်တို့သည်
ငါ့မျက်မှောက်၌ နားထောင်သည်သာမက၊ မျက်ကွယ်၌လည်း အစဉ်နားထောင်သည်နှင့်အညီ ကြောက်ရွံ့
တုန်လှုပ်သောစိတ်နှင့် ကိုယ်ကိုကယ်တင်ခြင်းငှာ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့ဟု (ဖိလိပ္ပိ ၂း၁၂)၌
ရှင်းလင်းစွာ ဖော်ပြထားသည်ကိုလည်း သတိရပါ။

ထို့အပြင် ရှင်ပေါလုက "ထို့ကြောင့် မတရားသောမေထုံ၌ မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊
ကိလေသာပူပန်ခြင်း၊ ဆိုးညစ်သောတပ်မက်ခြင်း၊ ရုပ်တုကိုးကွယ်ခြင်း ဖြစ်သောလောဘလွန်ကျူးခြင်းတည်း
ဟူသော မြေကြီးပေါ်မှာရှိသော သင်တို့၏ကိုယ်အင်္ဂါတို့ကို သေစေကြလော့" (ကောလောသဲ ၃း၅-၆) ဟူ၍
လည်းကောင်း၊ "အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ မနာလိုခြင်း၊ သူ့အသရေပျက်အောင် ပြောဆိုခြင်း၊
ညစ်ညူးသောစကားကိုသုံးခြင်း တို့ကိုလည်းကောင်း၊ သင်တို့နှုတ်မှ ပယ်ရှင်းကြလော့"(ကောလောသဲ
၃း၈-၉) ဟူ၍ လည်းကောင်း ရှင်ပေါလုသွန်သင်ခဲ့သည်ကို မမေ့ရန် အရေးကြီးပါသည်။

သူတစ်ပါးပြောတိုင်းမယုံဘဲ ကိုယ်တိုင်သမ္မာကျမ်းစာတစ်အုပ်လုံးဖတ်ပြီး ချင့်ချိန်ပါ။ သူပြောတာ
ဟုတ်မဟုတ်၊ ကိုယ်တိုင်စစ်ဆေးစေလိုပါသည်။
ဟောကြားသည့်အခါ "ကျမ်းစာလာသည်ကား" ဟူသောစကားကို မကြာခဏ သုံးလေ့ရှိပါသည်။ မည်သည့်
ကျမ်းစာနည်း။ ယခုကျွန်ုပ်တို့ အသုံးပြုနေသောဓမ္မဟောင်းကျမ်းကို ရည်ညွှန်းပြီး "ကျမ်းစာလာသည်ကား"
ဟု ဆိုလေ့ရှိပါသည်။ ခရစ်တော်အသုံးပြုနေသော၊ ခရစ်တော်အသိအမှတ်ပြုနေသော ကျမ်းစာကို မဖတ်
သင့်တော့ဟု မည်သူဆိုဝံ့သနည်း။ ခရစ်တော်ကိုယ်တော်တိုင် တရားဒေသနာများ
ဖကတော့ ရှင်းပါသည်။ ပရောဖက် အတုအယောင်များကသာ ပယ်ဝံ့ကြမည် ဖြစ်ပါသည်။ ကျမ်းစာကိုမည်သူက ပယ်ဝံ့သနည်း။ အဖြေ

ရှင်ပေါလုကလည်း ဤသို့ပြောခဲ့ပါသည်။ "ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့်ပြောဆိုသူက၊
ယေရှုသည် အမင်္ဂလာရှိကြောင်း မဆိုတတ်သကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မပြောဆိုသူက
ယေရှုသည် အရှင်ဖြစ်ကြောင်း ဝန်မခံနိုင်" (၁ကော ၁၂း၃ ဂဲရက်)။

တစ်နည်းအားဖြင့်ဆိုရသော် အရှင်ခရစ်တော်ယေရှုအသိအမှတ်ပြုထားသော ပညတ်တော်
ဆယ်ပါး၊ ပညတ္တိကျမ်းငါးကျမ်းနှင့် ဓမ္မဟောင်းတစ်ခုလုံးကိုပယ်သောသူမည်သည်ကား မည်သို့သောသူမျိုး
ဖြစ်ကြောင်းကို စဉ်းစားစရာပင် ဖြစ်ပေသည်။

အရှင်ခရစ်တော်က ဆက်၍ ပြောခဲ့သည်မှာ "ငါ့စကားကို နားမထောင်ဘဲလျက်၊ ငါ့ကိုသခင်၊
သခင်ဟု အဘယ်ကြောင့်ခေါ်ကြသနည်း" (လုကာ ၆း၄၆)။ ငါ့စကားကိုကြား၍ နားမထောင်သောသူမူကား





အခုအခံမရှိဘဲ မြေပေါ်မှာ တိုက်ကိုတည်ဆောက်သောသူနှင့် တူ၏။ ရေစီး၍ ထိုတိုက်ကို ရိုက်ခတ်သောအခါ
ချက်ချင်းလဲ၍ အကုန်အစင် ပြိုပျက်လေသည်ဟု ဟောတော်မူ၏။(လုကာ ၆း၄၉)။ အရှင်ခရစ်တော် သွန်
သင်သောအရာများကိုလည်းကောင်း၊ ရှင်ပေါလု၏ သွန်သင်ချက်များကိုလည်းကောင်း နာခံလိုက်လျှောက်
ရန် အလွန်အရေးကြီးကြောင်း တွေ့မြင်နိုင်ပါသည်။ ထို့ကြောင့် အဖြေက ရှင်းပါသည်။ ကိုယ်တိုင် ကျမ်းစာ
များများဖတ်ပြီး သူတစ်ပါးပြောတိုင်း ကျမ်းစာနှင့်ညီမညီ စစ်ဆေးတိုက်ကြည့်ပါ။

တောသားလေး

■ ■ ■ ■ ■ ■ ■


## ထားခဲ့ပုံ

ဟာသ

တစ်ခါတုန်းက လူတစ်ယောက် ဆိုင်တစ်ဆိုင်တွင် ကြေးအိုး မှာစားခဲ့သည်။ စားခါနီးတွင် အပေ့ါ
သွားချင်လာသည်။ သူများစားမည်ကို စိုးရိမ်မိသောကြောင့် "ကျွန်ုပ်တံတွေး ထွေး၍ထားခဲ့၏" ဟူသော
စာကိုရေးပြီး၊ စိတ်ချလက်ချ အပေ့ါသွားခဲ့ပါသည်။ ထိုလူပြန်လာသောအခါ နောက်ထပ် စာကြောင်း တစ်
ကြောင်းပိုနေတာကို တွေ့ပြီး၊ ဒေါသထွက်သွားခဲ့သည်။ ပိုနေသောစာကြောင်း "ကျွန်ုပ်လည်း ထွေး၍
ထားခဲ့၏" ဟူသတည်း။

ခေတ္တလူပြည်

■ ■ ■ ■ ■ ■ ■



# ခရစ်ယာန်အဖွဲ့အစည်းတိုင်းတွင်ရှိအပ်သော
# အချက်ကြီး(၂)ချက်

## ရည်ရွယ်ချက်နှင့်ဆက်ဆံရေး

ဦးအောင်လှထွန်း

ခရစ်ယာန်အဖွဲ့အစည်းတိုင်းတွင် ထင်ရှားသောအချက်ကြီး
အဖွဲ့အစည်း၏ ရည်ရွယ်ချက်ဖြစ်ပြီး ဒုတိယအချက်မှာ အဖွဲ့အစည်းအတွင်း၌ ရှိအပ်သောဆက်ဆံရေး ပင်
ဖြစ်၏။ ရည်ရွယ်ချက်နှင့် လက်တွေ့ဆက်ဆံမှုပြုလုပ်ပုံ (သို့) အပြောနှင့်အလုပ်တို့သည် ကိုက်ညီမှုရှိရမည်
ဖြစ်၏။ သို့မှသာ ခရစ်ယာန်အဖွဲ့အစည်းတစ်ခု ပီပြင်စွာ ဖြစ်လာမည်။ နှစ်ချက် ရှိအပ်၏။ ပထမအချက်မှာ
ဤအချက်နှစ်ချက်တို့သည် ခရစ်ယာန်ခေါင်းဆောင်များတွင်လည်း ရှိအပ်သော အမှတ်အသား
နှစ်ခု ဖြစ်ပေသည်။ အပြောနှင့်အလုပ် ကိုက်ညီသူတစ်ဦး ဖြစ်ရပေမည်။ ခရစ်ယာန်တို့၏ စံနူန်းနှင့်အညီ
အသက်ရှင်လှုပ်ရှားသူ ဖြစ်ရပေမည်။

### အပြောနှင့် အလုပ် ညီအောင်လုပ်ရမည်

ကျွန်ုပ်တို့၏အသက်တာတွင် မိမိတို့လုပ်လိုသောအလုပ်နှင့် ဘုရားသခင်က လုပ်စေလိုသောအလုပ်
တို့အကြားတွင် လွန်ဆွဲသကဲ့သို့ ဆန့်ကျင်သည့်သဘော၊ တင်းမာသည့်သဘောများ ရှိနေသည်ကို တွေ့ရမည်
ဖြစ်၏။ ဘုရားသခင်က ကျွန်ုပ်တို့အား အခြားသူတို့နှင့် ဆက်ဆံရာတွင် မေတ္တာတရားရှေ့ထား၍ စာနာသော
စိတ်ဖြင့် ဆက်ဆံစေလို၏။ မိသားစုကဲ့သို့ ဆက်ဆံစေလို၏။ ကျွန်ုပ်တို့ကမူ မိမိတို့၏ဆန္ဒနှင့်အညီ လုပ်ကိုင်
လိုကြ၏။ အပြောနှင့်အလုပ် ညီညွတ်မှုမရှိသည့် အခါမျိုးကိုလည်း တွေ့နိုင်၏။
အဖွဲ့အစည်းများသည် နှစ်ဦးနှစ်ဘက်သဘောတူထားသော ရည်ရွယ်ချက်အပေါ်မူတည်၍ ဖြစ်ပေါ်
လာကြ၏။ ခရစ်ယာန်အဖွဲ့အစည်းများသည် ရည်ရွယ်ချက်မှန်ကန်၍ ဆက်ဆံရေးကောင်းမွန်ပြီး အပြောနှင့်
အလုပ် ညီရမည်ဖြစ်၏။
ကျွန်ုပ်တို့သည် ဓမ္မသစ်ကျမ်းကို လေ့လာကြည့်မည်ဆိုပါက ခရစ်ယာန်အဖွဲ့အစည်းအတွင်း မည်
ကဲ့သို့ ဆက်ဆံရေး ရှိသင့်သည်ကို ထင်ရှားစွာ ဖော်ပြထား၏။
ယနေ့အသင်းတော်များသည် ပိရမစ်ပုံသဏ္ဍာန်ဖွဲ့စည်းပြီး အောက်တွင်ရှိသောသူများက အထက်မှ





ဩဇာကို နာခံသည့်ပုံစံမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြ၏။ သို့သော် ဓမ္မသစ်ကျမ်းထဲတွင် အသင်းတော်
၏ပုံစံအား လူ၏ခန္ဓာကိုယ် အသွင်ဖြင့် ဖော်ပြထားသည်ကို တွေ့ရ၏။( ၁ကော ၁၂ )။ ကနဦးခရစ်ယာန်
ယုံကြည်သူများသည် အပြောသက်သက်သာ မဟုတ်ဘဲ ခရစ်တော်ယေရှုမိန့်မှာထားခဲ့သည့်အတိုင်း လက်
တွေ့အသက်ရှင်ခဲ့ကြသည်ကိုလည်း ဖော်ပြထား၏။ အဖွဲ့အစည်းတစ်ခုအတွင်းရှိ အဖွဲ့ဝင်များကို ကလေး
သူငယ်ကဲ့သို့ ရှုမြင်ခြင်းမပြုဘဲ အရွယ်ရောက်သူ၊ တာဝန်သိသူ၊ မိမိတာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်နေ
သူများ အဖြစ် ရှုမြင်ရန် ညွှန်ပြနေ၏။

### ဓမ္မသစ်ကျမ်း၏ လမ်းညွှန်ဖော်ပြချက်

ဓမ္မသစ်ကျမ်းက ကျွန်ုပ်တို့အား မည်သည့်အလုပ်မျိုးကို ပြီးမြောက်အောင် လုပ်ရမည်ဆိုသည့်
အချက်ထက် တစ်ဦးကိုတစ်ဦးမည်ကဲ့သို့ ဆက်ဆံရမည်ဆိုသည့်အချက်ကို ပို၍ အလေးထား ဖော်ပြထား
သည်မှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်၏။ အသင်းအဖွဲ့တစ်ခုထဲ၌ ဆက်ဆံရေးကို မှန်ကန်စွာ တည်ဆောက်
ထားပါက ရည်ရွယ်ချက်ပြည့်စုံရန် အဖွဲ့ဝင်များ၏ လုပ်ဆောင်မှုသည် နောက်မှ အလိုလိုပင် လိုက်ပါလာ၏။
အပြောနှင့်အလုပ်သည်လည်း ညီလာ၏။
ခရစ်ယာန်အဖွဲ့အစည်းများသည် ခရစ်တော်၏ မဟာစေစားချက်ကို ကမ္ဘာအရပ်ရပ်သို့ သယ်
ဆောင်သွားရန် တာဝန်ရှိကြ၏။ ယုံကြည်သူတစ်ဦးစီတို့အား ပါရမီထူးများကိုပေးထား၏။ ဤပါရမီထူးများကို
အသုံးပြု၍ ယုံကြည်သူများသည် အချင်းချင်းလက်တွဲ၍ စစ်မှန်သောဆက်သွယ်မှုကိုပြုလုပ်ပြီး အမှုတော်
ဆောင်ကြရမည်ဖြစ်၏။ (ဧဖက် ၄)။

### အဘယ်ကဲ့သို့အစပြုမည်နည်း။

လူသားများသည် ဘုရားသခင်၏ အလိုတော်ကို နာခံခြင်းထက် မိမိတို့လုပ်လိုရာကိုသာ လုပ်လိုကြ
၏။ မိမိတို့အလိုဆန္ဒအတိုင်း လုပ်လိုရာကိုသာ လုပ်နေပါက အဖွဲ့အစည်းသည် ပျက်စီးခြင်းသို့ ရောက်မည်
ဖြစ်၏။ အဖွဲ့အစည်းတစ်ခု တိုးတက်ရှင်သန်၍ ထားရှိသောရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် အဖွဲ့ဝင်
လုပ်သားများအား တာဝန်သိသိဖြင့်ညီညာစွာ လက်တွဲလုပ်ဆောင်နိုင်ရန်အတွက် ညီရင်းအစ်ကိုကဲ့သို့ အ
ရွယ်ရောက်သူများကဲ့သို့ ဆက်ဆံခြင်းပြုရန် လိုအပ်ပေသည်။ အဖွဲ့ဝင်လုပ်သားများအနေနှင့် အပြောနှင့်အ-
လုပ်ညီညီ စိတ်အားထက်သန်စွာ ပါဝင်လုပ်ဆောင်မည်ဆိုပါက ရည်မှန်းချက်ပန်းတိုင်သို့ လွယ်ကူစွာ
ရောက်နိုင်ပြီး အဖွဲ့၏ထိရောက်မှုနှင့် တိုးတက်မှုသည်လည်း ပိုမို ကောင်းမွန်လာမည် ဖြစ်၏။

### ဝေငှလုပ်ဆောင်ခြင်းနှင့် တာဝန်ယူစေခြင်း

အဖွဲ့အစည်းတစ်ခုအနေနှင့်ဘယ်ရည်ရွယ်ချက်၊ ဘယ်ပန်းတိုင်သို့ ဦးတည်၍ လုပ်ဆောင်နေ-
သည်ကို ကျွန်ုပ်တို့တစ်ဦးစီသည် မသိကြပါက လူ့ခန္ဓာကိုယ်နှင့်တူသော အဖွဲ့အစည်းသည် လုပ်ငန်းဆောင်
တာများကိုဆောင်ရွက်ရာတွင် အခက်အခဲများစွာ ရင်ဆိုင်ရမည် ဖြစ်၏။
အဖွဲ့အစည်းတစ်ခုကို အနေအထားပြောင်းလဲခြင်း ဖြစ်လာရန် လုပ်ဆောင်ရာတွင် နှစ် ချို၍ အချိန်
ယူလုပ်ဆောင်ရန် လိုအပ်၏။ လုပ်ငန်းတွင် ကောင်းသောရလဒ်ကိုရရန် လူတိုင်း၌ တာဝန်ရှိသည် ဆိုသော
သဘောကို လက်ခံ၍ အခြားသူများကလည်း ကျွန်ုပ်တို့အပေါ်၌ အပြန်အလှန်တာဝန်ရှိသည်ဟု ခံယူလာပြီး
လုပ်ငန်းကို လုပ်ဆောင်သင့်ပေသည်။ ထို့ကြောင့် အဖွဲ့အစည်းများတွင် ပါဝင်သော အဖွဲ့ဝင်များထံမှ
ကူညီမှုလိုအပ်သကဲ့သို့ကူညီမှုရရန်လည်းမျှော်လင့်ထားသင့်၏။ အဖွဲ့အစည်း အတွက်အရေးပါသူများ ဖြစ်
သောကြောင့် ပန်းတိုင်သို့ရောက်ရန် ကြိုးစားဆောင်ရွက်ရာမှ တိုးတက်မှုရလာသော ရလဒ်တို့ကို အဖွဲ့ဝင်တို့

နှင့် ဝေမျှခံစားခွင့်ရရန်လည်း လိုအပ်ပေသည်။

## လူနှင့် အလုပ်

လူနှင့်အလုပ် မည်သည်ကို ဦးစားပေးရမည်နည်း။ လွယ်ကူသောအဖြေကိုပေးရန် ခက်ခဲမည် ဖြစ်၏။ ပါဝင်ပတ်သက်သောသူများကို စတေးခြင်းမပြုလုပ်နိုင်သကဲ့သို့ လူတစ်ဦးချင်း၏ ကောင်းရာကောင်းကျိုးအတွက်လည်း အဖွဲ့အစည်း၏ ရည်မှန်းချက်နှင့် ပန်းတိုင်များကိုလည်း စတေး၍ မဖြစ်နိုင်ပေ။

တစ်ခုနှင့်တစ်ခု ဆန့်ကျင်သကဲ့သို့ရှိသော ရည်ရွယ်ချက်ကြီးနှစ်ခုတို့ကို အသင်းတော်က ချမှတ်လုပ်ဆောင်နေသည်ကို တွေ့ရမည် ဖြစ်၏။ တစ်ခုမှာ စေခိုင်းသောအလုပ်ကိုလုပ်၍ သက်သေခံခြင်းအားဖြင့် ကမ္ဘာလောကထဲတွင် အစေခံရန်ဖြစ်ပြီး နောက်တစ်ခုမှာ ခရစ်တော်၏ခန္ဓာကိုယ်အစိတ်အပိုင်းများဖြစ်သော ယုံကြည်သူအသင်းသားတစ်ဦးစီတို့၏ ကောင်းရာကောင်းကျိုးအတွက် ကြည့်ရှုစောင့်ရှောက်ခြင်း ဖြစ်၏။

## ခရစ်ယာန်ခေါင်းဆောင်

ခရစ်ယာန်ခေါင်းဆောင်များသည် မိမိတို့ ဦးစီးခေါင်းဆောင်ပြုရသော အဖွဲ့အစည်းများအား စီမံခန့်ခွဲရာတွင် အလုပ်ကို ဦးစားပေးမည်လော။ လူသားတို့၏ လိုအပ်ချက်ကို ဦးစားပေးမည်လော။ ထို့ကြောင့် ခရစ်ယာန်ခေါင်းဆောင် (သို့) ဦးဆောင်စီမံခန့်ခွဲသူတစ်ယောက်သည် လူတန်းစား အဆင့်ဆင့်နှင့် ကိုက်ညီသောဆက်ဆံရေးကို ဂရုစိုက် ချမှတ်တည်ဆောက်ပြီး လုပ်ငန်းပို၍ တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်တတ်ရမည် ဖြစ်၏။

ခရစ်ယာန်များအနေနှင့် အသက်တာတွင် ဦးစားပေးထားရှိသင့်သည့်အချက် သုံးချက်ရှိ၏။ ၎င်းတို့မှာ

- ခရစ်တော်ယေရှုကို ဆက်ကပ်အပ်နှံခြင်း
- ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်သော အသင်းတော်အတွက် ဆက်ကပ်အပ်နှံခြင်းနှင့်
- ခရစ်တော်စေခိုင်းသောအလုပ်အတွက် ဆက်ကပ်အပ်နှံခြင်းတို့ပင် ဖြစ်၏။

ဘုရားသခင်က ကျွန်ုပ်တို့အား ကြီးကျယ်သောလုပ်ရပ်များကို လုပ်ဆောင်ရန် တောင်းခံစေခိုင်းခြင်း မပြုပေ။ ကျွန်ုပ်တို့သည် ကောင်းသောဆက်သွယ်ခြင်းကိုပြု၍ စေခိုင်းသောအလုပ်ကို ပြီးမြောက်အောင် လုပ်ဆောင်ရန်ကိုသာ တောင်းဆိုခြင်း ပြုပေသည်။

လုပ်လေရာရာတွင် အကောင်းဆုံးဆက်ဆံရေးကို ဖြစ်ပေါ်လာစေရန် ကြိုးစားလုပ်ဆောင်ရမည် ဖြစ်၏။ ဆက်ဆံရေးညံ့ဖျင်းပါက အပြောနှင့် အလုပ် မညီသောကြောင့် ပန်းတိုင်သို့ရောက်မည် မဟုတ်ပေ။ ခရစ်ယာန်ခေါင်းဆောင်များအနေနှင့် အောက်ပါဆက်ဆံရေးသုံးမျိုးကို အလေးထား လုပ်ဆောင်သင့်၏။

၁။ လိုအပ်သောအခါ မိမိရင်ဆိုင်နေရသော အခက်အခဲကို ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်သော ဉာဏ်ပညာနှင့်ပြည့်စုံ၍ အကြံကောင်း၊ ဉာဏ်ကောင်းပေးနိုင်သူများနှင့်ဆက်ဆံမှုပြုခြင်း။

၂။ တစ်ဦးကိုတစ်ဦး အပြန်အလှန်တာဝန်ယူနိုင်သူ၊ ကူညီမစနိုင်သူတို့နှင့် ဆက်ဆံမှုပြုခြင်း။

၃။ မိမိ၏အတွေ့အကြုံများကို ဝေမျှခံယူခြင်းပြုလုပ်နိုင်ပြီး အနာဂါတ်ခေါင်းဆောင်မှုကို ပေးနိုင်သည့်သူများနှင့် ဆက်ဆံမှုပြုခြင်းတို့ ဖြစ်ပေသည်။

ဦးအောင်လှထွန်း







# ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဒုတိယနှစ် ကျောင်းသူ၊ ကျောင်းသားများ၏

## ကွင်းဆင်းလေ့လာခြင်း ခရီးစဉ်

၂၀၁၃-၁၄ ပညာသင်နှစ် ဒုတိယနှစ်ကျောင်းသူ/သားများသည် တောင်ငူသာသနာပိုင်နယ်၊ လွိုင်ကော် ရှင်ပေါလုဘုန်းကြီးပိုင်နယ်တွင် မတ်လ (၂၄)ရက်နေ့မှ မေလ (၉)ရက်နေ့အထိ ဖွင့်လှစ်သော ဒေသလယ်ဖွံ့ဖြိုးရေးနှင့် မွေးမြူရေး ရက်တိုသင်တန်းနှင့် သာသနာပိုင်နယ်အတွင်း ကွင်းဆင်းလေ့လာခြင်း ခရီးစဉ်ကို ဆရာမနော်လွင်သီတာမြင့်၏ ဦးဆောင်မှုဖြင့် ခရီးစဉ်ကို ကျောင်းသူ/သားများ (၁၅)ဦး တက်ရောက်ခဲ့ပါသည်။

## ပြင်ဆင်ခြင်းနှင့် ထွက်ခွါခြင်း

၂၀၁၃ခုနှစ်၊ ရှုလိုင်လမှစတင်၍ ညနေရာသီကျောင်းပိတ် ကွင်းဆင်းလေ့လာသင်ယူနိုင်ရန်အတွက်၊ ဒုတိယနှစ်ကျောင်းသူ/သားတို့သည် အပတ်စဉ် အင်္ဂါနေ့ည ကိုမွလင်ဝတ်အပြီးတွင် ဆုတောင်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ပြင်ဆင်ပြီး ကဏ္ဍအလိုက် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ သွားရောက်မည့်နေ့လများတွင် ပို၍ပြီးစန်း၍ ဆုတောင်းခြင်းဖြင့် အသက်တာကို ပြင်ဆင်ပြီး၊ အားဖြင့် အသက်တာကိုပြင်ဆင်ခြင်းများပြုလုပ်လျက်ရှိစဉ်၊ ဆက်ကပ်ခဲ့ရသည်။ ထိုသို့ ၁၅.၃.၂၀၁၄ မနက် အားသွန်ခွန်စိုက် မိမိအသက်တာကို ဘုရားသခင်ဆီတွင် ဆက်ကပ်ခဲ့ရသည်။ ၁၆.၃.၂၀၁၄ မနက် ၃း၀၀ နာရီတွင် လွိုင်ကော်မြို့ကို ၈း၀၀ နာရီတွင် အမိကျောင်းတော်ကြီးမှ ထွက်ခွါလာပြီး ရောက်ရှိပါသည်။

## ရောက်ရှိခဲ့သည့် ကျေးရွာများနှင့် လုပ်ဆောင်မှုများ

တတိယနှစ်ကျောင်းသူ/ သားများတို့သည် မော်ရီး၊ ကော်သူဒိုး၊ (၁၃)ကုန်းနှင့် ခဲမဖြူနှင့် လှိုင်ကော်မြို့တော် အနီးအနားရှိ ကျေးရွာများရှိ စသည့်မြို့ရွာတို့တွင် တစ်ပတ်တာ သွားရောက်လေ့လာကွင်းဆင်းခဲ့ကြသည်။ အထူးသဖြင့် ထိုနေရာသို့ ရောက်စဉ်တွင် အင်္ဂလိကန်အသင်းတော်ရှိ အသင်းသားများအိမ်သို့ အိမ်တိုင်ရာရောက် သွားရောက်ဘုရားရှိခိုးခြင်း၊ သက်သေခံခြင်း၊ တရားဒေသနာအားဖြင့် ခွန်အားပေးတိုက်တွန်းခြင်း၊ ထို့ပြင် တစ်ရက်တာအစီအစဉ်ပြုလုပ်ပေးပြီး အစာရှောင်ခြင်းနှင့် သမ္မာကျမ်းစာသင်ကြားပေးခြင်းတို့ကို ပြုလုပ်သည့်အပြင် မိမိကိုယ်တိုင်ဦးဆောင်ပြီး အသင်းတော်ကို ကြည့်ရှုဦးဆောင်ရခဲ့ပါသည်။ ထို့နည်းတူ ညီအစ်ကိုများဖြစ်သော နှစ်ခြင်းအသင်းတော်များနှင့် မိတ်သဟာရ ပြုလုပ်နိုင်ခဲ့သည်။ ထို့အပြင် အလှည့်အပတ်သွားရောက်ကာ အခြားသောညီအစ်ကို ဂိုဏ်းဂဏအသင်းတော်အိမ်များသို့လည်း မိတ်သဟာရပြုလုပ်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

ထို့အပြင် လှိုင်ကော်မြို့၊ ရှင်ပေါလုအသင်းတော်မှ ဖွင့်လှစ်လျက်ရှိသော စိုက်ပျိုးမွေးမြူရေးသင်တန်းကိုလည်း တက်ရောက်ခဲ့ရာ ကျွန်တော်တို့အတွက် အခြားသောဗဟုသုတများသာမက စိုက်ပျိုးရေးနည်းပညာကိုလည်း မိရိုးဖလာ စိုက်ပျိုးနေမည့်အစား နည်းပညာလည်း သိကျွမ်းနားလည်ခဲ့ရသည်။ ယခင်စိုက်ပျိုးနည်းကို မသိရှိသော်လည်း ယခုတွင်မူ စိုက်ပျိုးရေးသင်တန်းတက်ရောက်ခြင်းအားဖြင့်လည်း မိမိကိုယ်တိုင် လုပ်ဆောင်ချင်သော စိတ်ဆန္ဒကို နိုးဆွစေပါသည်။ ညနေပိုင်းတွင် အသင်းတော်အိမ်များကို အဖွဲ့ (၃)ဖွဲ့ ခွဲပြီး ဘုန်းတော်ကြီးများနှင့် သွားရောက်မိတ်သဟာရပြုခြင်းနှင့်တကွ ဆုတောင်းပဌနာပြုခြင်း၊ သက်သေခံခြင်း၊ တရားဒေသနာအားဖြင့် ခွန်အားပေးခြင်းအားဖြင့်သော်လည်းကောင်း အသင်းသူ၊ သားများနှင့် ရင်းနှီးနွေးထွေးမှုကို ရရှိခဲ့သည်။ ထို့အပြင် သခင်ခရစ်တော်၏ လူသားများအတွက် အပြစ်ငရဲမှ ကယ်တင်ရန်အတွက် အသေခံတော်မူသောနေ့တော်ကြီးဖြစ်သည့် သောကြာကြီးနေ့ကို စကားတော်ကြီး (၇)ခွန်အားဖြင့် ဝေမျှခြင်းများကို ပြုလုပ်နိုင်ခဲ့ပါသည်။ ထို့ပြင် သခင်ခရစ်တော်၏ ရှင်ပြန်ထမြောက်တော်မူသော နေ့တော်ကြီး (အီစတာပွဲနေ့ကြီး) ကိုလည်း အသင်းသူ/သားများနှင့် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။

## သင်တန်းတက်ရောက်ခြင်းနှင့် ပါဝင်ကူညီခြင်း

လှိုင်ကော်မြို့ ရှင်ပေါလုအသင်းတော်၌ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ အင်္ဂလိကန်လူငယ်များအသင်း၏ (၂၄.၃.၂၀၁၄ မှ ၂၇.၃၀.၂၀၁၄) ထိ ပြုလုပ်သော မုတ်သုန်သင်တန်းဆင်းများ တွေ့ဆုံပွဲ (Monsoon Gathering) တွင် ပါဝင်ကူညီခြင်းဖြင့် သင်တန်းကို တက်ရောက်ခွင့် ရရှိခဲ့ပါသည်။ အကပဒေသာတင်ဆက်ခြင်း၊ သံစုံသီချင်းအားဖြင့် ဂုဏ်တော်ချီးမွမ်းခြင်း၊ မဏ္ဍပ်ဆောက်လုပ်ခြင်း၊ နေရာထိုင်ခင်းပြင်ဆင်ပေးခြင်းနှင့် မိမိတတ်စွမ်းသည့်အရာတွင် ပါဝင်ကူညီခြင်းများအားဖြင့် လေ့လာပါဝင်ဆက်ကပ်နိုင်ခဲ့ပါသည်။ ကျွန်တော်တို့ တတိယနှစ် ကျောင်းသူ/သားများအတွက် အထူးကျေးဇူးတော်ခံစားရရှိသည်ဟု ဆိုရမည် ဖြစ်ပါသည်။

ထို့ပြင် တောင်ငူသာသနာပိုင်နယ်ရှိ ဘုန်းကြီးပိုင်နယ် (၄)ပိုင်နယ် (ကသီဖြယ်၊ မော်ရီး၊ လှိုင်ကော်၊ လုံးကဲ) တို့၏ လူငယ်မိတ်ဖက်သင်တန်းကို အမှတ်မထင်ဘဲ လုံးကဲရွာတွင် ပြုလုပ်ကျင်းပရာတွင် ပါဝင်သည်သာမက လူငယ်များကို သန့်ရှင်းသောကားတိုင် ဓမ္မတဏ္ဍသိုလ (တတိယနှစ်ကျောင်းသူ၊ သားများမှ ဦးဆောင်ပြီး အားကစားပြိုင်ပွဲသော်လည်းကောင်း၊ သီချင်းသင်ကြားခြင်းအားဖြင့် သော်လည်းကောင်း၊ သီချင်းပြိုင်ပွဲသော်လည်းကောင်း၊ MTV ပြိုင်ပွဲစသည် တို့ကို ဦးဆောင်ခြင်းဖြင့် (သုံးရက်) သင်တန်းကို ပါဝင်နိုင်ခဲ့ပါသည်။





၎င်းပြင် တောင်ငူ သာသနာပိုင်နယ်ရှိ သံတောင်ကြီးတွင် ကျင်းပပြုလုပ်လျက်ရှိသော မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်ကြီး၏ သံဃာတော်များစုံညီပွဲတော်ကိုလည်း ပါဝင်ကာ ရှင်ပေါလုအသင်းတော်၏ လူငယ်များနှင့်အတူတကွ ကွာယာအားဖြင့်သော်လည်းကောင်း၊ အကပဒေသာအားဖြင့်သော်လည်းကောင်း ပါဝင်ဆင်နွှဲလျက်ရှိကာ တတိယဆုကို ဆွတ်ခူးပေးနိုင်ခဲ့ပါသည်။

ထို့ကြောင့် တောင်ငူသာသနာပိုင်နယ်သွားရောက်ခဲ့ရာ၌ ကျွန်တော်တို့ တတိယနှစ် ကျောင်းသားများအနေဖြင့် တစ်ဦးစီတိုင်းတွင် များစွာသောပညာကို ရရှိသည်သာမက လက်တွေ့အမှုတော်ဆောင်သော မိမိအသက်တာအတွက် ကွက်ကွက်ကွင်းကွင်း ပိုမိုသိရှိလာပါသည်။ သို့သော်လည်း ခရီးစဉ်တလျှောက်တွင် အားမလို အားမရမှုများလည်း ရှိမည် ဖြစ်ပါသည်။ သို့ဖြစ်၍ အားနည်းမှုများ၊ ထပ်တူမကျသော အနေအထားကို မထောက်ဘဲ အကောင်းမြင်ဝါဒအားဖြင့် သခင်ခရစ်တော်၏ မျက်လုံးအားဖြင့်သော်လည်းကောင်း၊ မေတ္တာတော်အားဖြင့်သော်လည်းကောင်း အခြေခံပေးရန် တောင်းဆိုပါသည်။ ထို့ပြင် ခရီးစဉ်ကို ပြင်ဆင်ပေးသော သန့်ရှင်းသောကားတိုင် ဓမ္မတဏ္ဍသိုလ ကျောင်းအုပ်ကြီး ဘုန်းတော်ကြီး ဒေါက်တာ စံမြတ်ရွှေနှင့်တကွ တောင်ငူသာသနာပိုင်နယ်ရှိ အဖဆရာတော်ကြီး၊ သာသနာပိုင်ဒေါက်တာဂျွန်ဝေးလ်မိ၊ လှိုင်ကော်ရှင်ပေါလုအသင်းတော်ရှိ ဘုန်းတော်ကြီးခရစ္စတိုဖာသိန်းထိုက်၊ အသင်းသူ/သားများ၊ မော်ရီး ဘုန်းတော်ကြီးများနှင့် အသင်းသူ/သားများနှင့် ပါဝင်ကူညီပေးသောသူအားလုံးကို ကျေးဇူး တင်ရှိပါကြောင်း၊ ထို့ပြင် အဖက်ဖက်မှ လှူဒါန်းပေးကြသော အလှူရှင် အသင်းသူ/သားများနှင့်တကွ ဝိုင်းဝန်းဆုတောင်းပေးခဲ့ကြသောသူ တစ်ဦးတစ်ယောက်စီတိုင်းအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း တတိယနှစ် ကျောင်းသူ၊ ကျောင်းသားများက မှတ်တမ်းတင်အပ်ပါသည်။

ဘိုးဘိုး . . အောင်လှိုင်

■ ■ ■ ■ ■ ■ ■

## ပုံသဏ္ဍာန်တော်အတု

ဟာသ


ဒေါ် ။ ။ ဆရာရေ ကျွန်မတို့ မိသားစု အခုတလော အခက်အခဲတွေနဲ့ဘဲ တွေကြုံနေရတယ်။

ဘုန်း ။ ။ သိပ်လည်းစိတ်မပူပါနဲ့၊ ဘုရားသခင်က ခင်ဗျားတို့ မိသားစုကို ပစ်ထားမှာ မဟုတ်ပါဘူး။

ဒေါ် ။ ။ ဪ ၊ ဟုတ်သားပဲ၊ ဘုရားသခင်ရှိရဲ့သားနဲ့ ဆရာ့ကို လာပြောမိနေပြီ ။ အားနာစရာတွေတော့ ဖြစ်ကုန်ပါပြီ။ ဆောရီးနော် ဆရာ။

ဘုန်း ။ ။ ရပါတယ်ကွာ။

ကိုကြည်



# အချိန်ကို စီမံခန့်ခွဲသော ခရစ်ယာန်ဘဏ္ဍာစိုး

ဦးအောင်လှထွန်း

## ၁။ စီမံခန့်ခွဲခြင်း

လုပ်ငန်းတစ်ခုကို အောင်မြင်စွာ တာဝန်ယူလုပ်ဆောင်ရာတွင် အချိန်ကို စနစ်တကျ စီမံခန့်ခွဲ၍ အသုံးပြုခြင်းသည် အလွန် အရေးကြီး၏။ အချိန်ကို စနစ်တကျစီမံခန့်ခွဲ၍ အလေအလွင့်မရှိဘဲ အသုံးပြုတတ်သူများသာလျှင် လုပ်ငန်းကြီးတစ်ခုကို ပြီးစီးအောင်မြင်သည့်အထိ ဦးစီးဆောင်ရွက်နိုင်သည်။ ထို့ကြောင့် ဘုရားသခင်ကပေးအပ်သော ဆုကျေးဇူးများကို ထိန်းသိမ်းရန် တာဝန်ပေးအပ်ထားခြင်းခံရသော ခရစ်ယာန်ဘဏ္ဍာစိုးတိုင်း အချိန်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပြုရုံသာမက အချိန်ကို စီမံခန့်ခွဲ၍ စနစ်-တကျ အသုံးပြုတတ်ရမည် ဖြစ်၏။

လုပ်ငန်းတစ်ခုအား တာဝန်ယူလုပ်ဆောင်ရာတွင် သူ့အချိန်နှင့်သူ အောင်မြင်စွာ ပြီးစီးအောင် လုပ်ဆောင်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် အချက်ကြီး(၅)ချက်ရှိသည်ကို တွေ့ရမည် ဖြစ်၏။ ထိုအချက်ကြီး(၅)ချက်တို့မှာ -

(က) လုပ်ငန်းအတွက် လိုအပ်သော လူအင်အား

(ခ) လုပ်ငန်းအဆင့်ဆင့်တွင် လိုအပ်သည့် ပစ္စည်းများနှင့် ငွေကြေးအရင်းအမြစ်





(ဂ) လုပ်ငန်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ

(ဃ) လုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများနှင့်

(င) လုပ်ငန်းအတွက် လိုအပ်သော အချိန်တို့ပင် ဖြစ်၏။

ဤအချက်(၅)ချက်စလုံးကို လိုအပ်သလိုခွဲ၍ သူ့အချိန်နှင့်သူ လိုအပ်ချက်များအား ဖြည့်ဆည်းလုပ်ဆောင်ခြင်း ပြုမှသာ လုပ်ငန်းကိုအောင်မြင်စွာ လုပ်ဆောင်နိုင်မည် ဖြစ်၏။ ဤသို့လုပ်ဆောင်နိုင်ရန် အချိန်ကိုစနစ်တကျ ခွဲဝေသုံးစွဲ၍ သူ့အချိန်နှင့်သူ လိုအပ်ချက်များအားလုံး အဆင်သင့်ဖြစ်နေရန် စီမံခန့်ခွဲတတ်ရန် လိုအပ်၏။

## ၂။ အချိန်နှင့်လုပ်ငန်းလိုအပ်ချက်

(က) လုပ်ငန်းတွင် လိုအပ်သော လူအင်အားကိုရရှိရန် အချိန်လိုအပ်၏။

(ခ) လုပ်ငန်းအဆင့်ဆင့်တွင် လိုအပ်သည့်ပစ္စည်းများနှင့် ငွေကြေးအရင်းအမြစ်ရရန် အချိန် လိုအပ်၏။

(ဂ) လုပ်ငန်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်များရရှိရန် အချိန်လိုအပ်၏။

(ဃ) လုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းဆိုင်ရာအတွေ့အကြုံများရရှိရန် အချိန်လိုအပ်၏။

(င) လုပ်ငန်းအတွက် လိုအပ်သော အချိန်

မည်သည့်လုပ်ငန်းကိုမဆို အချိန်အလုံလောက်မပေးဘဲ ပြီးစီးအောင်လုပ်ဆောင်နိုင်ခြင်း မရှိပေ။ ထို့ကြောင့် အချိန်သည် မည်သည့်လုပ်ငန်းကို လုပ်ဆောင်သည်ဖြစ်စေ၊ မရှိမဖြစ် အဓိကကျသော ကုန်ကြမ်းတစ်ခုကဲ့သို့ ဖြစ်၏။ ဤကုန်ကြမ်းကို အလေအလွင့်မရှိဘဲ စနစ်တကျအသုံးပြုမည်ဆိုပါက မည်သည့်လုပ်ငန်းကို လုပ်ဆောင်သည်ဖြစ်စေ၊ အကျိုးအမြတ်များပြီး အဆင့်အတန်းရှိသောလုပ်ငန်းများကို အများနှင့်ယှဉ်၍ လုပ်ကိုင်နိုင်မည် ဖြစ်၏။

ထို့ကြောင့် လုပ်ငန်းတစ်ခုကိုလုပ်ကိုင်ရာတွင် ကောင်းမွန်သေချာစွာ ပြီးစီးရန်အတွက် အချိန်ကို လိုသလောက် သတ်မှတ်ပေးရန် လို၏။ သတ်မှတ်ချိန်နည်းနေပါက လုပ်ငန်းမပြီးစီးနိုင်သကဲ့သို့ ပြီးစီးအောင် အချိန်ကို လု၍ လုပ်ရပါကလည်း အရည်အသွေးကောင်း ရမည်မဟုတ်ပေ။ ပျက်စီးမြန်မည် ဖြစ်၏။ လိုအပ်သည်ထက် အချိန်ကိုပို၍ယူပါကလည်း အဖက်ဖက်မှ စရိတ်စက ကုန်ကျမှုများပြားလာမည် ဖြစ်၏။ အလုပ်သမားများ စားစရိတ်၊ ကြီးကြပ်ခ၊ ပစ္စည်းထိန်းသိမ်းခ စသည်တို့တိုးလာပြီး ကုန်ထုတ်လုပ်ငန်းဖြစ်ပါက လုပ်ငန်း စတင်လည်ပတ်ရမည့်အချိန် နောက်ကျသောကြောင့် ရရှိမည့်အမြတ်အစွန်းကိုလည်း ဆုံးရှုံးမည် ဖြစ်၏။

အထက်ပါ အချက်ကြီး(၅)ချက်နှင့် ပတ်သက်၍ သူ့နေရာနှင့်သူ အံဝင်ဂွင်ကျဖြစ်ရန်၊ ဦးစီးခေါင်းဆောင်တာဝန်ယူ ကြီးကြပ်သူသည် လုပ်ငန်းအတွက် သတ်မှတ်ထားချိန်ကို သေချာစွာစီမံခန့်ခွဲတတ်မှသာ လုပ်ငန်းအောင်မြင်မှုရပြီး အချိန်မီ ပြီးစီးမည် ဖြစ်၏။ ထို့ကြောင့် ဘုရားသခင်က စေခိုင်းသောအလုပ်ကို တာဝန်ယူစီမံခန့်ခွဲရသော ခရစ်ယာန်ဘဏ္ဍာစိုးတိုင်းသည် ဘုရားသခင်က မိမိအားပေးအပ်ထားသည့် အချိန်ကို ကောင်းမွန်စွာစီမံခန့်ခွဲနိုင်ရမည် ဖြစ်၏။ တနေ့တာကုန်ဆုံးသွားတိုင်း ထိုနေ့ကို အစပြုသည့်အချိန်ကထက် ပိုမိုတိုးတက်ကောင်းမွန်သည့် ရလဒ်တစ်ခုကို ရရှိအောင် ကြိုးစားဆောင်ရွက်ရမည် ဖြစ်၏။ ထို့ကြောင့် လူတိုင်းသည် ခရစ်တော်ယေရှုက ပေးသနားတော်မူသော ကျေးဇူးတရားနှင့် အသိဉာဏ်ပညာများအားဖြင့် အချိန်တိုင်း အစဉ်တစိုက် မိမိအသက်တာကြီးထွားခြင်းရှိရန် ကြိုးစားအားထုတ်ရမည် ဖြစ်၏။ ဤသို့ ကြီးထွားရန်အတွက်လည်း မိမိအချိန်ကို ဘယ်သို့အသုံးပြုသည့်အပေါ်တွင်များစွာ မူတည်၏။ ထို့ကြောင့် ချုပ်၍ပြောရမည်ဆိုသော် အချိန်ကို စီမံခန့်ခွဲခြင်းသည် မိမိကိုယ်ကို စီမံခန့်ခွဲခြင်းပင် ဖြစ်၏။

### ၃။ လူတိုင်း တူညီသော အချိန်ရကြ၏

ဘုရားသခင်သည် လူသားတိုင်းအား တနေ့တာအတွက် တူညီသောအချိန်ကို ပေးထား၏။ စားဝတ်နေရေးအတွက် လုပ်ကိုင်ရန်၊ အနားယူအပန်းဖြေရန်၊ အိပ်စက်နားနေရန်အတွက် တစ်နေ့လျှင်(၂၄)နာရီကို ညီတူညီမျှ ပေးထား၏။ ချမ်းသာသည် ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ လူတိုင်းတစ်နေ့တာအတွက် တူညီသောအချိန်ကို ရကြ၏။ ရရှိသောအချိန်ကို အသုံးပြုသည့် အပေါ်တွင်မူတည်၍ အသက်တာကြီးထွားမှုကို အဆုံးအဖြတ်ပေး၏။ ခရစ်တော်ကိုယ်တိုင်လည်း လောက၌အသက်ရှင်စဉ် ကာလ၌ တနေ့တာအတွက် (၂၄)နာရီပင် ရခဲ့၏။ သို့သော် လောကတွင် အသက်ရှင်သောအချိန်ကို နေ့စဉ်နှင့်အမျှ ထိုက်ထိုက် တန်တန် အသုံးပြုခဲ့သောကြောင့် ဖခမည်းတော်က စေခိုင်းလိုက်သောအလုပ်များအားလုံးကို ပြီးစီးအောင် လုပ်နိုင်ခဲ့သည်သာမက ခရစ်ယာန်အသင်းတော်ကြီးကိုလည်း စတင် တည်ထောင်နိုင်ခဲ့၏။

### ၄။ လူတိုင်း အချိန်ကို ဖြုန်းကြ၏

အလွန်အဖိုးတန်သောအချိန်ကို လူသားတို့သည် အမျိုးမျိုးသောနည်းအားဖြင့် အလွဲသုံးစားပြုပြီး ဖြုန်းတီးခြင်း ပြုကြ၏။ လူတိုင်းသည် အမှတ်မထင်၍ သော်လည်းကောင်း၊ သိလျက်နှင့်သော်လည်းကောင်း၊ မိမိရရှိထားသည့်အချိန်ကို တန်ဘိုးရှိအောင် အသုံးမပြုဘဲ အနည်းနှင့်အများ ဖြုန်းတီးကြသည်ကို တွေ့ရမည် ဖြစ်၏။ ဘင်ဂျာမင်ဖလန်ကလင်က "သင်၏ အသက်တာကို သင်ချစ်ပါသလား၊ ချစ်လျှင် အချိန်ကို အကျိုးမရှိသည့်အရာများအတွက် မဖြုန်းနှင့်" ဟု မိန့်ဆိုခဲ့၏။ ကျွန်ုပ်တို့အားလုံးသည် အချိန်မလောက်ဟု ဆင်ခြေပေးကာ အချိန်ကို ပိုလိုချင်ကြ၏။ အချိန်ရှိခိုက်လုံ့လစိုက်ဟူသော စကားအတိုင်း အရေးတကြီးလုပ်စရာရှိသည့် အလုပ်များကို အချိန်မီပြီးမြောက်အောင်လုပ်ရန် လို၏။ ထို့ကြောင့် သမ္မာကျမ်းစာတွင် သခင်ယေရှုကိုယ်တိုင်က "ငါ့ကိုစေလွှတ်တော်မူသော သူ၏အမှုကို နေ့အချိန်ရှိစဉ် ငါပြုရမည်။ အဘယ်သူမျှ အမှုမပြုနိုင်သော အချိန်တည်းဟူသော ညဥ့်အချိန်လာသေး၏"(ယောဟန် ၉း၄)ဟု မိန့်ဆိုခဲ့၏။ ကျွန်ုပ်တို့ အသက်ရှင်စဉ် စုစုပေါင်းရရှိသည့်အချိန်ကို ကျွန်ုပ်တို့၏အသက်တာအားဖြင့် တိုင်းတာနိုင်၏။ ကျွန်ုပ်တို့ ရရှိသော အချိန်သည် မကုန်မဆုံးဘဲ အမြဲတည်ရှိနေ သည်မဟုတ်ပေ။ ကျွန်ုပ်တို့ ကွယ်သွားစမြဲ ဖြစ်၏။ ဤသို့ပျောက်ကွယ်သွားသောအချိန်ကိုလည်း ပြန်၍ မရနိုင်ပေ။ တစ်နေ့ချင်းကုန်လွန်၍ ပျောက်ဘဏ္ဍာစိုးတိုင်းသည် ငွေကြေးကိုအသုံးပြုရာ၌ ခန့်မှန်းရသုံးငွေစာရင်းကိုရေးဆွဲအသုံးပြုသကဲ့သို့ အချိန်ကို အသုံးပြုသင့်၏။ ထို့ကြောင့် ခရစ်ယာန်လည်း ခန့်မှန်းဇယားချ၍ အသုံးပြုသင့်၏။ ရသောအချိန်ကို မည်ကဲ့သို့ခွဲဝေသုံးစွဲရမည်ကို ခန့်မှန်းဇယား ချ၍ အသုံးပြုသင့်၏။ ဤသို့ပြုမှသာ အချိန်ကိုသုံးစွဲရာတွင် အလေအလွင့်မရှိဘဲ အမှန်တကယ် လိုအပ်သည့် အလုပ်အတွက် ဦးစားပေး အသုံးပြုနိုင်မည် ဖြစ်၏။

ထို့ကြောင့် ခရစ်ယာန်များ၏အသက်တာတွင် ဆုတောင်းရန် အချိန်ရှိရမည်ဖြစ်သကဲ့သို့ အလုပ်လုပ်သောအချိန်၊ အနားယူအပန်းဖြေသော အချိန် စသည်တို့သည် ရှိရမည် ဖြစ်၏။ အချိန်သည် ကျွန်ုပ်တို့၏ အသက်တာ ရှင်သန်ကြီးထွားရန်အတွက် အသုံးပြုရန် ဘုရားသခင်က ပေးထားသည့် ဆုကျေးဇူးတစ်ခုသာ ဖြစ်၏။ ကျွန်ုပ်တို့သည် အချိန်၏ ကျေးကျွန်များ မဖြစ်သင့်ပေ။

### ၅။ အချိန်ကို စီမံခန့်ခွဲခြင်းသည် မိမိကိုယ်ကို စီမံခန့်ခွဲခြင်းပင် ဖြစ်၏

အချိန်ကိုစီမံခန့်ခွဲရာတွင် စိတ်ရှည်ရန် လို၏။ အလေအလွင့်မရှိရန် ထပ်ခါတလဲလဲကြိုးစားအားထုတ်ရန် လို၏။ မိမိ ကိုယ်တိုင်ကလည်း စည်းကမ်းရှိရန် လို၏။ အသက်တာတွင် အချိန်၌ ရင်နှီး မြုပ်နှံခြင်းထက်ပို၍ အမြတ်အစွန်းရသည့် လုပ်ငန်းကို မည်သည့်နေရာ၌မျှ တွေ့ရှိနိုင်မည် မဟုတ်ပေ။ အချိန်ကို အလဟဿ ဖြုန်းတီးခြင်းမပြုမိရန် စက်ယန္တရားများကို အသုံးပြု၍ ထိန်းချုပ်ထား၍ မရပေ။ မိမိကိုယ် မိမိ





စည်းကမ်းချမှတ်၍ လိုက်နာကျင့်သုံးခြင်းပြုမှသာ အချိန်ကုန်ခြင်းကို လျော့နည်းစေနိုင်၏။ အချိန်သည် အတိုင်းအတာတစ်ခု ဖြစ်၏။ ထို့ကြောင့် အချိန်ကို စီမံခန့်ခွဲခြင်းသည် မိမိကိုယ်ကို စီမံခန့်ခွဲခြင်းပင် ဖြစ်၏။ အချိန်ကိုထိုက်တန်စွာ အသုံးပြုနိုင်ရန်ဆောင်ရွက်ရာတွင် အချိန်နှင့်ပတ်သက်၍ ကျွန်ုပ်တို့စိတ်ထဲတွင်ထားရှိသောခံယူချက်သည် အဓိကပင် ဖြစ်၏။ အလုပ်တစ်ခုကိုလုပ်လိုသည် မလုပ်လိုသည်ကိုလည်း အဆုံးအဖြတ်ပေး၏။ မိမိ မလုပ်လို၊ မလုပ်ချင်သောအလုပ်ဖြစ်ပါက အလွယ်တကူပင် အချိန်မရှိဟု ပြောတတ်ကြ၏။ မိမိလုပ်လိုသောအလုပ်ဖြစ်ပါက အချိန်ကိုရသည့်နည်းနှင့် ရအောင်ရှာပြီး လုပ်ဆောင်တတ်ကြ၏။

### ၆။ အချိန်ကို စီမံခန့်ခွဲရာတွင် မေးသင့်သည့် မေးခွန်း

အချိန်ကို စီမံခန့်ခွဲ၍ လုပ်ငန်းများကိုလုပ်ကိုင်ရာတွင် မေးလေ့မေးထရှိသော အောက်ပါမေးခွန်းများကို မေး၍ အဖြေကိုလည်း ပေးတတ်ရန် လို၏။ မေးခွန်းများမှာ -

(က) မည်သူက လုပ်ရမည်နည်း

မိမိကိုယ်တိုင် လုပ်ရမည်လော။ တစ်ဦးဦးကို တာဝန်လွှဲ၍ လုပ်ကိုင်စေမည်လော။ တစ်ဦးတစ်ယောက်အား တာဝန်လွှဲ၍ လုပ်ကိုင်စေမည်ဆိုပါက လုပ်ကိုင်တတ်သူတစ်ဦးအားရှာဖွေ၍ တာဝန်ပေးရမည်ဖြစ်၏။ ဤသို့ပြုပါက မိမိအတွက် အချိန်ကုန်သက်သာ၍ အခြားအလုပ်အတွက် အချိန်ကို အသုံးပြုနိုင်၏။

(ခ) အလုပ်ကို ဘယ်လိုလုပ်မည်နည်း

အလုပ်ကို လုပ်ရာတွင် ခက်ခဲသောနည်းကိုသုံးမည်လော၊ လွယ်ကူရိုးရှင်းသော နည်းကိုသုံးမည်လော။ ရွေးချယ်ပိုင်ခွင့်ရှိပါက လွယ်ကူရိုးရှင်းသောနည်းကို အသုံးပြုလျှင် အချိန်ကုန်သက်သာမည် ဖြစ်၏။

(ဂ) ဘယ်အချိန်တွင် လုပ်မည်နည်း

လုပ်ဆောင်ရမည့်လုပ်ငန်းသည် ယခုလုပ်ရမည့် လုပ်ငန်းလော။ နောက်တစ်ပတ်တွင် လုပ်ရမည့်လုပ်ငန်းလော။ လအနည်းငယ်ကြာမှ လုပ်ရမည့်လုပ်ငန်းလောဟူ၍ အမျိုးမျိုးသုံးသပ်ရမည် ဖြစ်၏။ နောက်မှလုပ်ရမည့်လုပ်ငန်းကို အရင်လုပ်ခြင်းသည်လည်းကောင်း၊ အရင်လုပ်ရမည့်လုပ်ငန်းကို နောက်မှလုပ်ခြင်းသည် လည်းကောင်း၊ အချိန်ကိုသုံးသင့်သည်အတိုင်း အသုံးပြုခြင်းမဟုတ်၊ အချိန်ကို ဆုံးရှုံးခြင်း ဖြစ်စေ၏။

(ဃ) အဘယ်ကြောင့် လုပ်ရပါသနည်း

လုပ်နေသော အလုပ်သည် အမှန်ပင်လုပ်ရန် လိုအပ်သလော။ မလုပ်ဘဲချန်ထား၍ ရနိုင်သလော ဟူ၍ မေးရမည် ဖြစ်၏။ မလိုအပ်ဘဲလုပ်ပါက အချိန်ကုန်ပြီး လုပ်ရန်မလိုအပ်ပါက ချန်ထားခြင်းပြုနိုင်သဖြင့် အချိန်ကုန်သက်သာမည် ဖြစ်၏။

(င) ဘယ်မှာ လုပ်မည်နည်း

လုပ်ငန်းကို နေရာတကျသတ်မှတ်၍ လုပ်မည်လော။ သို့မဟုတ် ဖြစ်သလို တစ်နေရာစီလိုက်၍ လုပ်မည်လောဟု မေးရမည် ဖြစ်၏။ စနစ်တကျအစီအစဉ်ချ၍ လုပ်ပါက အချိန်ကုန်သက်သာမည်ဖြစ်ပြီး အလုပ်ကိုဖြစ်သလိုလုပ်ပါက အချိန်ပိုကုန်မည် ဖြစ်၏။

(စ) ဘယ်လို လုပ်မည်နည်း

အလုပ်ကို လုပ်ရာတွင် ပို၍ကောင်းမွန်သော နည်းလမ်းသစ်ကိုရှာ၍ သုံးမည်လော။ မလိုအပ်သည့်လုပ်ငန်းအဆင့်များကိုဖယ်၍ လုပ်ငန်း တွင်ကျယ်အောင် လုပ်မည်လော။ အသုံးပြုသည့်နည်းအပေါ်မူတည်၍ အချိန်ပို၍ကုန်ခြင်းဖြစ်နိုင်သကဲ့သို့ အချိန်ကုန်သက်သာခြင်းကိုလည်း ဖြစ်စေနိုင်၏။

## ၇။ လုပ်လေရာတွင် အချိန်ကိုစီမံခန့်ခွဲ၍ အသုံးပြုကြပါ

အလုပ်တစ်ခုကိုလုပ်ရာ၌ အောင်မြင်ရသည့်အကြောင်းရင်းများတွင် အချိန်ကို စီမံခန့်ခွဲခြင်းသည် အဓိကပင် ဖြစ်၏။ ထို့ကြောင့် စီမံခန့်ခွဲရေးပညာရှင်၊ ပီတာဒရက်ကားက "အောင်မြင်သော စီမံခန့်ခွဲသူများသည် လုပ်လေရာတွင် အလုပ်ဖြင့် အစမပြုဘဲ အချိန်ကို စီမံခန့်ခွဲခြင်းအားဖြင့် အစပြု၏" ဟု ပြောဆိုခဲ့၏။

အချိန်ကို စီမံခန့်ခွဲရာတွင် အောက်ပါမေးခွန်း(၃)ခုကို မိမိကိုယ်အား မိမိပြန်၍ မေးသင့်၏။ ဤမေးခွန်းများမှာ -

(က) မလုပ်အပ်သော မလိုအပ်သော အလုပ်တစ်ခုကို ကိုယ်တိုင်သော်လည်းကောင်း၊ ရပ်ဆိုင်းဖယ်ရှားလိုက်ခြင်းအား ဖြင့် အချိန်ကုန်သက်သာလာမည် ဖြစ်၏။

(ခ) တစ်ယောက်ယောက်လုပ်သင့်သော အလုပ်ကို ကိုယ်တိုင်က လုပ်နေမိပါသလား။ လုပ်မိပါက လွှဲသင့်သောသူကို တာဝန်လွှဲပေးခြင်းအားဖြင့် မိမိ၏အချိန်ကုန်ခြင်းကို သက်သာစေနိုင်၏။

(ဂ) မိမိ၏အချိန် သို့မဟုတ် လူတစ်ဦးတစ်ယောက်၏ အချိန်ကို ဖြုန်းသည့်အလုပ်မျိုးကို လုပ်နေမိပါသလား။ ဤသို့ လုပ်မိပါက မလုပ်မိရန် ရှောင်ရှားခြင်းအားဖြင့် အချိန်ကုန်သက်သာမည် ဖြစ်၏။ ထို့ကြောင့် ဤမေးခွန်းများကိုမေး၍ အဖြေများကိုရှာခြင်းအားဖြင့် အချိန်ကုန်ခြင်းလျော့နည်းစေပြီး မိမိရှိသည့်အချိန်ကို ပို၍ အကျိုးရှိပြီး ထိရောက်စွာ အသုံးပြုနိုင်ရန် စီမံခန့်ခွဲနိုင်မည် ဖြစ်၏။ အချိန်ကို စီမံ ခန့်ခွဲခြင်းသည် မိမိကိုယ်ကို စီမံခန့်ခွဲခြင်းဖြစ်သောကြောင့် ဤသို့စီမံခန့်ခွဲနိုင်ရန်အတွက် အစပြုရာတွင် မိမိ အသက်တာ၌ အဘယ်အရာကိုလုပ်လိုသည်၊ ဘယ်အရာကိုအလိုရှိသည် ဆိုသောအချက်နှင့် မိမိ၏ အသက်တာ၏ရည်မှန်းချက်ပန်းတိုင်တို့ကို ဦးစွာပထမ ဆုံးဖြတ်တတ်ရန် လိုအပ်၏။

## ၈။ ဦးစားပေးရွေးချယ်ခြင်းသည် အဓိကဖြစ်၏

ကျွန်ုပ်တို့အသက်တာတွင် ရည်မှန်းချက်ပန်းတိုင် သတ်မှတ်ထားပြီးဆိုပါက ဤရည်မှန်းချက်ပန်းတိုင်သို့ သတ်မှတ်ထားသည့်အတိုင်း ရောက်ရန် လုပ်ဆောင်ရမည့်လုပ်ငန်းများအား ဦးစားပေး အစီအစဉ်ရေးဆွဲ၍ လုပ်ဆောင်ခြင်းသည် အရေးအကြီးဆုံး ဖြစ်၏။ ထို့ကြောင့် ရည်မှန်းထားသောပန်းတိုင်သို့ ရောက်ရန် လုပ်ဆောင်ရမည့်လုပ်ငန်းများကို ရွေးချယ်သတ်မှတ်၍ အစီအစဉ်အတိုင်း တဆင့်ပြီးတဆင့် စနစ်တကျ လုပ်ဆောင်သွားနိုင်ရန် စီမံချက်ကို ရေးဆွဲထားရန် လိုအပ်၏။ ဤသို့စီမံရေးသားရာတွင် ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရန် အချိန်အတိုဆုံး လိုအပ်သည့်လမ်းကို လိုက်လျှောက်ရမည် ဖြစ်၏။

ထို့ကြောင့် အချုပ်အားဖြင့်ဆိုရသော် အဓိကလိုအပ်ချက်(၃)ရပ်မှာ ရည်မှန်းချက်ပန်းတိုင် ဦးစားပေးအစီအစဉ်နှင့် စီမံချက်တို့ပင် ဖြစ်၏။ ဤ(၃)ချက်စလုံးတွင် အချိန်ကိုထိရောက်စွာ စီမံခန့်ခွဲရန် အတွက် ဦးစားပေးအစီအစဉ်ကို မှန်ကန်စွာ ရွေးချယ်သတ်မှတ်ခြင်းသည် အဓိက ဖြစ်၏။

## ၉။ သင့်အတွက် အချိန်လုံလောက်စွာရှိနေ၏

သင့်အတွက် ဘုရားသခင်က စီမံ၍ ချပေးထားသည့်အတိုင်း နေ့စဉ်လုပ်ဆောင်ရန် လုံလောက်သောအချိန်ကို ပေးထားသည်ဟု အမြဲ သတိရနေရမည် ဖြစ်၏။ ဘုရားသခင်အလိုတော်နှင့် အညီ လုပ်ဆောင်ရန်အတွက် ကျွန်ုပ်တို့သည် အချိန်ပိုထပ်၍ မလိုအပ်ပေ။ ထို့ကြောင့် ပညာရှင်တစ်ဦးက "သင့်အသက်တာတွင် အသက်ရှင်သောနေ့ရက်များသည် အဓိကမဟုတ်၊ ဤနေ့များတွင် အဘယ်သို့ ကျင့်ကြံနေထိုင်သည်ကသာ အဓိကဖြစ်သည်" ဟု မိန့်ဆိုခဲ့၏။





## ၁၀။ သင်၏အချိန်ကို ပေးပါ

သင့်အသက်တာတွင် ဘုရားသခင်က ပေးထားသောအချိန်တို့ကို ထိုက်ထိုက်တန်တန် အသုံးပြုလိုပါက အောက်ပါတို့အတွက် အချိန်ကိုပေးရမည် ဖြစ်၏။

(က) အလုပ်လုပ်ရန် အချိန်ကိုပေးပါ

ဤသို့ အချိန်ကိုပေးခြင်းသည် အောင်မြင်ခြင်းအတွက် အဖိုးအခပင် ဖြစ်၏။

(ခ) တွေးတောဆင်ခြင်ရန် အချိန်ကိုပေးပါ

ဤသို့ အချိန်ကိုပေးခြင်းသည် ကျွန်ုပ်တို့အား စွမ်းအားကိုပေးသည့် အရင်းမူလဖြစ်၏။

(ဂ) အားကစားလုပ်ရန် အချိန်ကိုပေးပါ

ဤသို့ အချိန်ကိုပေးခြင်းသည် အစဉ်အမြဲ နုပျိုခြင်းအတွက် လျှို့ဝှက်ချက် ဖြစ်၏။

(ဃ) စာဖတ်ရန် အချိန်ကိုပေးပါ

ဤသို့ အချိန်ကိုပေးခြင်းသည် ဉာဏ်ပညာဖွံ့ဖြိုးခြင်း၏ အရင်းမူလ ဖြစ်၏။

(င) မိတ်ဆွေဖွဲ့ရန်အတွက် အချိန်ကိုပေးပါ

ဤသို့ အချိန်ကိုပေးခြင်းသည် ပျော်ရွှင်မှုသို့ သွားသည့်လမ်း ဖြစ်၏။

(စ) သူတစ်ပါးကိုချစ်ခင်၍ ချစ်ခင်မှုကိုခံယူရန်အတွက် အချိန်ကိုပေးပါ

ဤသို့အချိန်ကိုပေးခြင်းသည် ကယ်တင်ခြင်းကိုရရှိသူတို့၏ အခွင့်ထူးတစ်ရပ် ဖြစ်၏။

(ဆ) ပတ်ဝန်းကျင်ကိုလေ့လာရန် အချိန်ကိုပေးပါ

ဤသို့အချိန်ကိုပေးခြင်းသည် အတ္တ အလိုလိုမေ့စေ၍ သင့်၏စိတ်ကို ပွင့်လင်း လန်းဆန်းစေ၏။

(ဇ) ရည်မှန်းချက်အတွက် အချိန်ကိုပေးပါ

ဤသို့အချိန်ကိုပေးခြင်းသည် သင်၏ဝိညာဉ်အတွက် တေးသံသာဖြစ်၏။

(ဈ) ဘုရားအတွက် အချိန်ကိုပေးပါ

ဤသို့အချိန်ကိုပေးခြင်းသည် ထာဝရတည်မြဲသည့်အသက်တာအတွက် ရင်းနှီးမြှုပ်နှံခြင်းပင် ဖြစ်၏။

ထို့ကြောင့် သမ္မာကျမ်းစာတွင် "ထာဝရအသက်ဟူမူကား မှန်သောဘုရားသခင် တစ်ဆူတည်း ဖြစ်တော်မူသော ကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသော ခရစ်တော်ကိုလည်းကောင်း၊ သိကျွမ်းခြင်းတည်း" (ယော ၁၇း၃) ဟု ဖော်ပြထား၏။

## ၁၁။ မိမိကိုယ်ကို စီမံခန့်ခွဲသော ခရစ်ယာန်ဘဏ္ဍာစိုး

အချိန်ကို စီမံခန့်ခွဲနိုင်သော ခရစ်ယာန်ဘဏ္ဍာစိုးတိုင်းသည် မိမိကိုယ်ကိုလည်း စီမံခန့်ခွဲနိုင်သူများ ဖြစ်၏။ ဘုရားသခင်ကပေးထားသော ဆုကျေးဇူးများအနက် အချိန်ကိုစီမံခန့်ခွဲခြင်းသည် အလွန် စည်းကမ်း ရှိရန်လိုအပ်၏။ မိမိကိုယ်ကို မိမိ ထိန်းသိမ်းနိုင်မှသာ အောင်မြင်နိုင်၏။ ထို့ကြောင့် မိမိကိုယ်ကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်အတွက် အသက်တာရည်မှန်းချက်ပန်းတိုင်သို့ရောက်ရန် ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းများ အလိုက်စီမံချက်များရှိရမည်ဖြစ်၏။ လူ့လောကတွင် လူသားတစ်ယောက်အနေနှင့် မလုပ်မဖြစ် လုပ်ရမည့် အလုပ်များကို ထိုက်သင့်သည့်အတိုင်းအချိန်ပေး၍ မျှတစွာ စီမံခန့်ခွဲနိုင်သူတို့သည် အသက်တာတွင် တိုးတက်ကြီးပွား၍ ဘုရားသခင်ထံမှကောင်းချီးများစွာကို ခံစားရ၏။

ထို့ကြောင့် သမ္မာကျမ်းစာတွင် "သင်၏အချိန်ကို အကောင်းဆုံးဖြစ်ရန်အတွက် အသုံးပြုပါ" (ကောလော ၄း၅) (Good News Bible) ဟူ၍လည်းကောင်း၊ "သင်၏အသက်တာအား လျှောက်လှမ်းရာတွင် ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့ စေ့စေ့မြေမြေ ကျင့်ဆောင်မည့်အကြောင်း အချိန်ကို အကျိုးရှိရှိ အသုံးပြုရန်" (ဧဖက် ၅း၁၅) ဟု တမန်တော်ရှင်ပေါလုက တိုက်တွန်း နှိုးဆော်ခဲ့၏။

ဦးအောင်လှထွန်း



# ယုံကြည်သည့်အတိုင်း
# လိုက်လျှောက်ခြင်း အသက်တာ

ဘုန်းတော်ကြီးဝင်စတာန်အောင်မျိုးထွန်း

ငါ့ကို အရှင်ဘုရား၊ အရှင်ဘုရားဟုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရမည် မဟုတ်။ ကောင်းကင်ဘုံစံ ငါ့ခမည်းတော်၏ အလိုကို ဆောင်ရွက်သူသာလျှင် ဝင်ရလိမ့်မည်။ မဿဲ ၇ း ၂၁

ဒီကျမ်းချက်ကို ပွဲတော်ဝတ်မှာ အလှူတော်ငွေ မကောက်ခံမီ ကြားဘူးနေကျ ဖြစ်တယ်။ ခရစ်ယာန်အသက်တာဟာ အပြောသက်သက် မဟုတ်။ လက်တွေ့လုပ်ဆောင်ရမယ့် အသက်တာ ဖြစ်တယ်။ နှုတ်ကနေ ယုံကြည်ပါတယ်လို့ ပြောရုံနဲ့မပြီး။ မိမိယုံကြည်ခြင်းကိုလက်တွေ့ ဖော်ပြရမယ့်အကြောင်း ဖြစ်တယ်။ တနည်းအားဖြင့် အပြောသမားတွေ ကောင်းကင်နိုင်ငံ မဝင်ရဘူး။ လက်တွေ့သမားတွေပဲ ဝင်နိုင်တယ် ဆိုတဲ့သဘောပါပဲ။

ခရစ်ယာန်တစ်ယောက်ဖြစ်ခြင်း၊ ခရစ်ယာန်အသက်တာနဲ့ အသက်ရှင်ခြင်းဆိုတာ ဟန်ဆောင်ပြီး နေပြလို့ရတဲ့ ဘဝမျိုး မဟုတ်ပါဘူး။ လူတစ်ယောက်ဟန်ဆောင်တယ်ဆိုတာ ခဏပဲ ဟန်ဆောင်လို့ ရပါတယ်။ တစ်နေ့မှာတော့ ဟန်ဆောင်တာတွေ ဘူးပေါ်သလို ပေါ်လာမှာပဲ။ ဘုရားသခင်ရှေ့မှာ ဟန်ဆောင်ထားတယ် ဆိုရင်လည်း ဒီတစ်ဘဝပဲ ဟန်ဆောင်နိုင်မှာ ဖြစ်တယ်။ နောက်ဘဝမှာ ဘုရားသခင်ရှေ့မှောက်မှာ ဟန်ဆောင်တာတွေ ပေါ်လာမှာပဲ။



SHALOM Magazine

ဒါနဲ့ပတ်သက်လို့ သခင်ယေရှုက သိုးရေခြုံထားတဲ့ ဝံပုလွေနဲ့ နိုင်းနှိုင်းထားတာ တွေ့ရတယ်။ သိုးထိန်းတွေဟာ သိုးရေနဲ့လုပ်ထားတဲ့ဝတ်ရုံကို ဝတ်ကြရတယ်။ နောက်ပိုင်းမှာ ပရောဖက်တွေလည်း သိုးရေနဲ့ လုပ်ထားတဲ့ဝတ်ရုံကို ဝတ်ဆင် ကတာရှိတယ်။ သိုးသူခိုးဟာ သိုးရေဝတ်ရုံကိုခြုံထားတယ်ဆိုရင် ဒါဟာ မဟုတ်တာလုပ်ဖို့ ဟန်ဆောင်တာပဲ ဖြစ်တယ်။ ပရောဖက်အတုအယောင်ဟာလည်း ထိုနည်းတူပဲ သိုးရေဝတ်ရုံကို ခြုံထားတယ်ဆိုရင် မဟုတ်တာတွေပြောတော့မယ့် လက္ခဏာပဲ ဖြစ်တယ်။ အခုခေတ်အနေအထားနဲ့ပြောရရင် ဘုန်းကြီးမဟုတ်ဘဲ ဝတ်ရုံအဖြူဝတ်ထားတာမျိုး ဖြစ်တယ်။ မသိတဲ့သူတွေကို တစ်ခုခု တောင်းတော့မယ်။ တစ်ခုခုလိမ့်တော့မယ့်သဘော ဖြစ်တယ်။ (မိတ်ဆွေကြီးသိမ်ပြုံးနေပြီ။ တစ်ခုခု လိမ်တော့မယ် ထင်တယ် ဆိုတဲ့စကားလည်း ရှိပါတယ်။

လောကမှာ ဟန်ဆောင်နေတာတွေ အများကြီး ရှိပါတယ်။ တစ်ခါတစ်လေ ဟန်မဆောင်ချင်သော်လည်း ဟန်ဆောင်နေရတာ ရှိတတ်ပါတယ်။ ဥပမာ-အင်္ဂလိမ်စာတော်တယ်။ တရားဟော ကောင်းတယ်ဆိုပြီး ချီးမွမ်းခံရတဲ့အခါ တကယ်တော့ အသင့်အတင့်ပဲ တော်တယ်။ အသင့်အတင့်ပဲ ကောင်းတယ်။ ဒါပေမယ့် တော်တယ် ကောင်းတယ် ဆိုတဲ့အပေါ်မှာ အလိုက်သင့် လေးမှေးပြီး တကယ်ပဲ တော်သလို၊ ကောင်းသလို ဟန်ဆောင် နေမိတတ်ပါသည်။

တချို့ကတော့ တကယ်မတတ်ပဲ ဟန်ဆောင်ပြီး တတ်ချင်ယောင်ဆောင်တာမျိုးလည်း ရှိတတ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ရှေးတရုတ်ပြည် ဧကရာဇ်မင်းတစ်ပါးကို အမြဲတမ်းဖျော်ဖြေရတဲ့ တီးဝိုင်းတစ်ဝိုင်း ရှိခဲ့ပါတယ်။ အဲဒီ တီးဝိုင်းထဲမှာ ပုလွေမှုတ်ရတဲ့သူတစ်ဦး ရှိပါတယ်။ ဒါပေမယ့် သူကလုံးဝ ပုလွေမမှုတ်တတ်ပါဘူး။ ဩဇာအာဏာရှိသူတစ်ဦးရဲ့ အကူအညီနဲ့ တီးဝိုင်းထဲကို ရောက်နေခြင်း ဖြစ်တယ်။ ပုလွေမှုတ်တဲ့အလုပ်ကိုရပြီး လစာလည်းရပြီး စားဝတ်နေရေးပြေလည်နေတာ ဖြစ်တယ်။ တီးမှုတ်တဲ့အခါ အခြားပုလွေမှုတ်တဲ့သူတွေနဲ့ ရောယောင်ပြီး ပုလွေမှုတ်တတ်သယောင် ဟန်ဆောင်နေခဲ့ပါတယ်။

တစ်နေ့တော့ ဘုရင်ကြီးက သူ့တီးဝိုင်းထဲရှိတဲ့ ဂီတပညာသည် တစ်ဦးချင်းဟာ သူတို့ရဲ့တူရိယာနဲ့ ရှေ့တော်မှာ တစ်လှည့်စီတီးမှုတ်ရမယ်လို့ အမိန့်တော်ရှိပါတယ်။ အဲဒီအခါ ဟန်ဆောင်ပုလွေသမားဟာ ပုလွေပညာရှင်တွေ ထံချည်းကပ်ပြီး အမြန်ဆုံးသင်ကြားပါတယ်။ ဒါပေမဲ့ ဂီတပါရမီမရှိတဲ့ အတူ ပုလွေသမားဟာ နေမကောင်းအတွက် လုံးမဝတတ်မြောက်ခဲ့ပါဘူး။ ဘုရင်ကြီးသတ်မှတ်တဲ့နေ့ရောက်တော့ ပုလွေသမားဟာ နေမကောင်း ဟန်ဆောင်ပြီး အိမ်မှာပဲနေပါတယ်။ ဘုရင်ကြီးက သမားတော်တွေစေလွှတ်ပြီး ကုသနိုင်းပါတယ်။ နောက်ဆုံးတော့ ဘယ်လိုမှဆင်ခြင်ပေးမရတဲ့ အဆုံး ပုလွေသမားဟာ ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ပါတယ်။ အဲဒီ ပုလွေသမားကြောင့် တရုတ်စကားပုံတစ်ခု ပေါ်လာပါတယ်။ He dare not face the music သူ့ဂီတကို သူပြန်ရင်မဆိုင်ရဲ။ ကိုယ့်လိပ်ပြာ ကိုယ်မလုံပေါ့။

အများအားဖြင့် ကျွန်တော်တို့ဟာ မိမိကိုယ်ကို အထင်ကြီးနေတတ်ကြပါတယ်။ ကိုယ့်အားနည်းချက်ကို သိမြင်လာနိုင်ရန် နှိမ့်ချခြင်း အလွန်လိုအပ်ပါတယ်။ ဟန်မဆောင်ဘဲ နှိမ့်ချတတ်မှုသာလျှင် ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ခံစားရန် နည်းလမ်းဖြစ်ပါတယ်။ အင်္ဂလိပ်စကား Sincerity ဆိုတာ ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်း၊ ဟန်ဆောင်မှုကင်းမဲ့ခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ ဒီစကားဖြစ်လာပုံက စိတ်ဝင်စားစရာကောင်းပါတယ်။

ရောမခေတ် ပန်းပုဆရာတွေဟာ ပန်းပုထုရင်း ပွဲ့ရွဲ့သွားတဲ့ ရုပ်တုတွေကို ပြန်မပြင်ဘဲ မသိမသာ ဖယောင်းနဲ့ ပြန်ကပ်ထားလေ့ရှိပါတယ်။ ပန်းပုတွေကို လိမ္မာ ရောင်းတတ်ပါတယ်။ ဒါပေမဲ့ ရိုးသားဖြောင့်မတ်တဲ့ ပန်းပုဆရာတွေကတော့ သူတို့ထုလုပ်ထားတဲ့ ပန်းပုလက်ရာတွေကို ရောင်းချတဲ့အခါ ဖရောင်းကပ်မထားဘူး၊ အစစ်အမှန်ကောင်းမွန်တယ်ဆိုတာကို သိစေလိုတဲ့အတွက် ပန်းပုရုပ်တွေပေါ်မှာ လက်တင်စကားနဲ့ Sine Cere (ဆိုင်းန်စီးရာ) လို့ ရေးကပ်ထားပါတယ်။ ဖရောင်းမပါကြောင်း အာမခံသည်ပေါ့။ သူတို့

ပန်းပုရုပ်တွေမှာ အပဲ့အရွဲ့မပါ။ ဖရောင်းပြန်ကပ်မထားဘူးလို့ အဓိပ္ပါယ်ရပါတယ်။ အဲဒီစကား Sine Cere ကနေတဆင့် Sincere ဆိုတဲ့အင်္ဂလိပ်စကား ဆင်းသက်လာတာ ဖြစ်ပါတယ်။ ဟန်မဆောင်ဘူး။ ရိုးသားဖြောင့်မတ်တယ်။ မလိမ်ညာဘူးဆိုတဲ့ သဘောပါပဲ။

ဒီကနေ့ ခရစ်ယာန်အသက်တာမှ ဟန်မဆောင်ဘဲ အတွင်းနှလုံးသားရိုးသားဖြူစင်စွာနဲ့ အသက်ရှင်ဖို့လိုအပ်တဲ့အကြောင်း ခရစ်တော်က သွန်သင်နေပါတယ်။ ခရစ်ယာန်ဆိုတဲ့ဝတ်ရုံကို အပြင်ပန်း လူမြင်ကောင်းအောင် ဝတ်ဆင်ထားတာမျိုးထက် အတွင်းစိတ်ကနေ ဘုရားသခင်ကို ယုံကြည်ချစ်ခင်နာခံပြီး လူသားအချင်းချင်းအပေါ်မှာလည်း ချစ်ခင်နှိမ့်ချပေါင်းသင်းတတ်ဖို့ အရေးကြီးပါတယ်။

ခရစ်တော်က ဟန်ဆောင်နေသူများကို ဘယ်လိုသိနိုင်သလဲဆိုတာကိုလည်း ဖော်ပြထားပါတယ်။ အသီးအားဖြင့် အပင်ကိုသိရမယ်လို့ ပြောပါတယ်။ ဆူးပင်မှာ စပျစ်သီးမသီးနိုင်သလို၊ ပေါင်းပင်မှာလည်း သဖန်းသီးကိုရူးလို့ မရနိုင်။ အပင်ကောင်းမှ အသီးကောင်းရမယ်။ အပင်မကောင်းရင် အသီးမကောင်းနိုင်ဘူး။ အသီး ကောင်းကောင်းမသီးတဲ့ အပင်ကိုခုတ်ပြီး မီးထဲကို ပစ်ချမယ်လို့ ခရစ်တော်က ပြောထားပါတယ်။

ရောမလူမျိုးတွေ၊ ဂရိလူမျိုးတွေ၊ ဂျူးလူမျိုးတွေ ပြောပြောနေတဲ့စကား ရှိပါတယ်။ Like root, like fruit တဲ့။ အပွေးမြင်အပင်သိလို့ မြန်မာလို ပြန်ရမယ်ထင်ပါတယ်။ ဒါဟာတနည်းအားဖြင့် လူတစ်ယောက်ရဲ့ ပြုမူနေထိုင်ပုံ၊ ပြောပုံဆိုပုံ၊ အကျင့်စရိုက်ကိုကြည့်ရင် သူ့စိတ်ဓါတ်ဘယ်လိုရှိတယ်။ သူဘယ်လိုလူဖြစ်တယ်ဆိုတာ သိနိုင်တဲ့ သဘောပါပဲ။

ခရစ်ယာန်ဘာသာ ကောင်းတယ် မကောင်းဘူးဆိုတာကို သိနိုင်နိုင်ဖို့ ခရစ်ယာန်တွေ ဘယ်လို ကျင့်ကြံပြုမူ၊ နေထိုင်သလဲဆိုတာကို ကြည့်ရမှာပဲ ဖြစ်ပါတယ်။ ဘုရားတရား ကြည်ညို ကိုင်းရှိုင်းတဲ့ အသက်တာကို ဘုရားစာတွေ ရွတ်ဆိုဆုတောင်းနေရုံနဲ့ သက်သေ မပြနိုင်ပါဘူး။ သားသမီးတွေ မိဘအပေါ် ဘယ်လောက်ချစ်သလဲဆိုတာကို သက်သေပြနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းကတော့ စကားနားထောင်ခြင်း ပါပဲ။ ရှေ့မှာတော့ဟုတ်ကဲ့ ဟုတ်ကဲ့ ကွယ်ရာမှာ လုပ်ချင်ရာလုပ်တာမျိုး မဟုတ်ပါဘူး။ ရှေ့မှာရော ကွယ်ရာမှာပါ နားထောင်တာမျိုးပါ။

ထိုအတိုင်းပဲ ဘုရားသခင်ကို ဘယ်လောက်ချစ်လဲဆိုတာကို သက်သေပြနိုင်တဲ့တစ်ခုတည်းသော နည်းလမ်းဟာလည်း နာခံခြင်းပါပဲ။ နှုတ်ကနေ အပြစ်ဝန်ခံနေပေမဲ့ အပြုအမူကတော့ မပြောင်းလဲဘူးဆိုရင် ဒါဟာ ဟန်ဆောင် လိမ်ညာနေခြင်း ပါပဲ။ ယုံကြည်ချက်တစ်ခုခုကို နှုတ်က ရွတ်ဆိုရတာ မခက်ပါဘူး။ ဒါပေမဲ့ ထိုယုံကြည်ချက်အတိုင်း စစ်မှန်တဲ့ခရစ်ယာန်အသက်တာနဲ့ အသက်ရှင်ရတာက ပိုခက်ပါတယ်။ လက်တွေ့မပါတဲ့ ယုံကြည်ခြင်းဟာ အစစ်အမှန်မဟုတ်သလို၊ နာခံမှုမရှိတဲ့ ချစ်ခြင်းမေတ္တာဟာလည်း အချည်းနှီးပါပဲ။

ဒီနေရာမှာ ခရစ်တော်က စကားနားထောင်ခြင်း(သို့) နာခံခြင်းကို အသီးသီးခြင်းနဲ့ သက်သေပြရမယ်လို့ ဆိုထားပါတယ်။

ဘုရားသခင်သည် အသင်းတော်(သို့မဟုတ်) ခရစ်ယာန်များကို သစ္စာတည်ကြည်သော ခရစ်ယာန်များ ဖြစ်စေချင်သလို တစ်ဖက်မှာ အသီးသီးသောသူများ ဖြစ်ဖို့လည်း မျှော်လင့်ပါတယ်။ အမှန်စင်စစ် ခရစ်ယာန်တွေဟာ သခင်ယေရှုအားဖြင့် အသီးသီးရန် ခေါ်တော်မူခြင်း ခံရပါတယ်။ (ယော ၁၅:၁၆) မှာ "ငါကသာ သင်တို့ကိုရွေးချယ်သည့်အလျောက်၊ သွားကြပြီးလျှင် တည်မြဲသော အသီးကိုသီးလျက်..." လို့ ဆိုထားပါတယ်။ အသီးသီးခြင်းဆိုတာ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေရန် ဖြစ်တယ်။ ထို့အပြင် ခရစ်တော်၏ တပည့်တော်စစ်ဖြစ်ကြောင်း သက်သေပြရန် အသီးသီးသော အသက်တာနှင့် အသက်ရှင်ခြင်း၊ အမှုတော်ဆောင်ခြင်း ရှိရမှာဖြစ်ပါတယ်။ (ယော ၁၅:၈) မိမိတို့ အသက်တာမှာ ဘုရားသခင်နှင့် ကျွမ်းဝင်တဲ့အတွက် ကောင်းမှု အသီးအမျိုးမျိုးကို သီးပွင့်လာစေမှာ ဖြစ်ပါတယ်။ (ကောလော ၁:၁၀)။





သခင်ယေရှုဟာ အသီး မသီးသောသူများအတွက် ပြင်းထန်သောတရားစီရင်ခြင်းကို ပြုမည့်အကြောင်း (မဿဲ ၂၁:၁၉) ၌ အသီး မသီးသော သဖန်းပင်တစ်ပင်ကို သွေ့ခြောက်စေခြင်းအားဖြင့် ဖော်ပြခဲ့တယ်။ ထို့အပြင် အသီးမသီးသော အခက်များကို ခုတ်ပစ်၍ မီးရှို့ဖျက်ဆီးမည့်အကြောင်း (ယော ၁၅:၂၊ ၆)၌ ဖော်ပြထားပါတယ်။ ဘုရားသခင်၏ လူမျိုးတော်သည် အသီး မသီးသည့်အတွက် သူတို့ရရှိမည့် နိုင်ငံတော်ဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးရမည် ဖြစ်တယ်။ (မဿဲ ၂၁:၄၃)။ ထိုနည်းတူ ခရစ်ယာန်များ (အသင်းတော်) သည်လည်း အသီး မသီးသောအခါ ဘုရားသခင်ဟာ သူ၏ကောင်းကြီးလက်ကို ရုတ်သိမ်းသွားမှာ ဖြစ်တယ်။

သို့သော် အရေးကြီးသော အချက်တစ်ချက် ရှိပါတယ်။ ခရစ်ယာန်များ အသီး သီးရန် အချိန် မနှောင်းသေးပါ။ (လုကာ ၁၃:၅-၉)မှာ ဥယျာဉ်ရှင်က သူ့စပျစ်ခြံထဲ၌ စိုက်ထားသော သဖန်းပင်သည် (၃)နှစ်ကြာသည့်တိုင် အသီးမသီးသဖြင့် ခုတ်လှဲပစ်ရန် ဥယျာဉ်စောင့်ကို ပြောပါတယ်။ ဥယျာဉ်စောင့်က ယခုနှစ်ခဏစောင့်၍ အပင်ကို ပြုပြင်ကြည့်ပါဦးမယ်။ ထိုအခါ အသီး သီးကောင်း သီးပါလိမ့်မယ်။ မသီးလျှင် ခုတ်လှဲပစ်ပါဟူ၍ ဥယျာဉ်ရှင်ကို တောင်းပန်ပါတယ်။

ထိုဥပမာအရ နောင်တရပြီး ပြင်ဆင်ကြိုးစားဖို့ အချိန်ရှိပါတယ်။ လက်တွေ့လုပ်ဆောင်ဖို့ပဲ အရေးကြီးပါတယ်။ (မဿဲ ၇:၁၆ - ၇)။

အသီးသီးသော သူ၏ အသက်တာဟာ ဆုတောင်းချက်တွေကို အဖြေရရှိသော အသက်တာမျိုး ဖြစ်ပါတယ်။ (ယော ၁၅:၇ - ၈)။ ထို့အပြင် အခြားသူများကိုလည်း ဝေမျှသော အသက်တာမျိုး ဖြစ်တယ်။ (ရောမ ၁၅:၂၅ - ၂၉)။ ယုံကြည်သူ တစ်ဦး၏အသီးအပွင့်သည် အခြားယုံကြည်သူတစ်ဦးအတွက်လည်း အကျိုး ဖြစ်ထွန်းစေပါတယ်။ ထိုနည်းတူ အသင်းတော်တစ်ပါး၏ အသီးသီးခြင်းသည်လည်း မယုံကြည်သူများ၏ အသက်တာကို ပြောင်းလဲစေပါတယ်။ (မာကု ၄:၂၀)။

အချို့သောသူများက ငါတို့ဟာ အသီး မသီးပေမယ့် သစ္စာရှိတဲ့ တည်ကြည်သူများ ဖြစ်ကြတယ်လို့ ပြောဆိုတတ်ကြပါတယ်။ အသီး မသီးခြင်း၏ ဆန့်ကျင်ဘက်မှာ သစ္စာတည်ကြည်ခြင်း မဟုတ်ပေ။ ကျဆုံးခြင်းသာ ဖြစ်ပါတယ်။ (မဿဲ ၂၅:၁၄ - ၃၀) ပုံဥပမာအရ ဘုရားသခင်ဟာ အသီးအပွင့်ကိုသာ မျှော်လင့်ပါတယ်။ အသီးသီး အရည်အချင်းရှိသည့်အတိုင်း တစ်ဦးကို ငွေအခွက် ၅၀၊ တစ်ဦးကိုအခွက် ၂၀ တစ်ဦးကို ၁၀၊ ပေးအပ်ထားခဲ့ပါတယ်။ မြေထဲမှာ မြှုပ်မထားဘဲ တိုးပွားအောင် လုပ်ရပါမယ်။ သစ္စာတည်ကြည်ခြင်းကိုလည်း အသီးအပွင့်ဖြင့် ဖော်ပြရပါမယ်။ ဘုရားသခင်ပေးထားသော စွမ်းရည်၊ ဆုကျေးဇူး၊ အခွင့်အလမ်းများကို ဖော်ထုတ်အသုံးချခြင်းဖြင့် သစ္စာတည်ကြည်ခြင်းကို ပြည့်စုံရန် လုပ်ဆောင်ရပါမယ်။

ခရစ်တော်ဟာ လူတွေ လုပ်နိုင်သော အတိုင်းအတာထက် ပို၍ လူတွေထံမှ မမျှော်လင့်ပေ။ လူ့အနေနှင့်လည်း ဘုရားပေးထားသော အစွမ်းအစများကို ခရစ်တော်၏ တန်ခိုးတော်အားဖြင့် မိမိလုပ်နိုင်သမျှ အကုန်လုပ်ဖို့ ခရစ်တော် မျှော်လင့်ပါတယ်။

ဘုရားသခင်ဆီမှ နည်းနည်းလေးဘဲ မျှော်လင့်ပြီး ဘုရားအတွက် နည်းနည်းလေးဘဲ ပြန်လည် လုပ်ဆောင်ပေးနေလျှင် သစ္စာတည်ကြည်၍ အသီးသီးသောသူများ မဖြစ်နိုင်ပါ။

ဘုန်းတော်ကြီးဝင်စတန်အောင်မျိုးထွန်း



# ဘုန်းတော်ကြီးကင်နွန်စောဆန်းဒေး

တွေ့ဆုံမေးမြန်းခြင်း

အနာဂါတ်ရဲ့ကြယ်ပွင့်လေးများကို လင်းလက်တောက်ပနေစေဖို့ နေမင်းကြီးလို အကျွမ်းလောင်ခံကာ အလင်းတွေ ပေးနေတဲ့သူ၊ အမြဲတမ်းချိုသာတဲ့ အပြုံးနဲ့ သားသမီးတွေကို နူးညံ့ညင်သာတဲ့ စကားလုံးတွေကို အသုံးပြုပြီး စိတ်ချမှု၊ လုံခြုံမှု၊ နွေးထွေးမှု၊ ချစ်ခြင်းမေတ္တာတွေ ပေးနေတဲ့သူ၊ ကိုယ်တိုင်လည်း ဖော်ပြမကုန်နိုင်တဲ့ မေတ္တာရှင်ရဲ့ မေတ္တာတွေကို စားသုံးနေသူ။ ထိုသို့သော သူတစ်ဦးနဲ့ ရှာလုမ်ဝိုင်းတော်သားများ တွေ့ဆုံချိန် ခဏ။

ပထမဦးဆုံးအနေနဲ့ ဆရာ ကိုယ့်ကိုယ်ကို မိတ်ဆက်ပေးပါဦး။

ကျွန်တော့်နာမည်က ကင်နွန်စောဆန်းဒေး ဖြစ်ပါတယ်။ ရှင်အန္ဒြေအသင်းတော် ကွမ်ဘီရဲ့ တာဝန်ခံဘုန်းတော်ကြီးတစ်ပါး ဖြစ်ပါတယ်။

ကွမ်ဘီအသင်းတော်မှာ မိဘမဲ့ဂေဟာတစ်ခု ဖွင့်ဖြစ်ပုံနဲ့၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ဖွင့်ထားတာလဲ ဆိုတာ ကို ပြောပြပေးပါဦး။

စတင်တည်ထောင်တာကတော့ ဘီးရှော့ဒ်ယေလလက်ထက်က ဖြစ်ပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ Mission ပေါ့နော်။ အဲဒီအချိန်တုန်းက ကျွန်တော်က ဓမ္မပညာဌာနမှူး တစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော်လည်း ဓမ္မပညာဌာနကနေ သင်တန်းတွေလုပ်ရင်း ကွင်းဆင်းရင်းနဲ့ မြင်လာရတယ်၊ အဲဒီ အချိန်က





နိုင်ငံရေးအခြေအနေလည်း သိပ်မကောင်းတဲ့အတွက်၊ ကလေးတွေ ကျောင်းမနေနိုင်ကြဘူး။ အထူးသဖြင့် ဆရာလည်း မရှိဘူးပေါ့နော်။ အဲ့ဒါကြောင့် တစ်ခုခုလုပ်ဖို့ ဘီးရှော့နှင့်တိုင်ပင်ပြီးတော့ ဝါးသစ်ကလားရွာမှာ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းလေးတစ်ကျောင်း ဖွင့်ဖြစ်တယ်။ ကလေး ၈၀ဝေလီပေါ့။ ဒါပေမယ့် အဲ့ဒီစကားက အခြေအနေအရ သုံးလို့မရတဲ့အခါမှာ ကရင်ကလေးသူငယ်များ ကျောင်းနေနိုင်ရေး ဆိုပြီးတော့ ကျောင်းတွေ ဖွင့်ပေးခဲ့တယ်။ ဒါပေမယ့် လေးတန်းအထိပြီးသွားရင် ဆက်ပြီးတော့ ကျောင်းမတက်နိုင်တော့တဲ့အခါမှာ ဘီးရှော့ကိုပြောတယ် ဘာလုပ်ရမလဲ။ ဘီးရှော့ကလည်း ဆရာရဲ့ ရူပါရုံအတိုင်းသွားဖို့ အခွင့်ပေးတဲ့အခါမှာ မိဘမဲ့ကလေး ရှစ်ယောက် ခေါ်လာတယ်။ အသင်းတော်အိမ်မှာထားပြီး ကျောင်းနေစေတယ်။ အဲ့ဒီကနေ အစပြုခဲ့တယ်ပေါ့နော်။

ဆရာတို့ ဂေဟာက ဘယ်လိုမျိုး လည်ပတ်သလဲ။

အစပိုင်းမှာတော့ ဘာမှ မရှိဘူးပေါ့နော်။ အဲ့ဒီအခါ ညီမနဲ့တိုင်ပင်တယ်။ ညီမလည်းထောက်ခံခဲ့တယ်။ ညီမရဲ့ အမျိုးသားက လယ်လုပ်တဲ့အခါမှာ အဲ့ဒီက ရတဲ့ အရာတွေနဲ့ ဆက်ပြီးတော့ သွားခဲ့တယ်ပေါ့နော်။ အသင်းတော်မှာလည်း ဆယ်ဖို့တစ်ဖို့ လုပ်တယ်။ ပြီးတော့ လယ်ဂုံးလည်း လုပ်တယ်။ အဲ့ဒါတွေနဲ့ လည်ပတ်တယ်ပေါ့နော်။ အဓိက ကတော့ ဘုရားရဲ့ ကောင်းကြီးနဲ့ ဆုတောင်းခြင်းပေါ့နော်။ နောက်ပိုင်းမှာ ကလေးအယောက်နှစ်ဆယ်လောက် လာနိုတယ်ပေါ့နော်။ အခုဆိုရင် ဒီက ထွက်သွားတဲ့ကလေးတွေကလည်း အလှူငွေအားဖြင့်သော်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့် သော်လည်းကောင်း ပြန်ကြည့်ကြတယ်။

ကလေးတွေကို လက်ခံတဲ့မှုက ဘယ်လိုရှိသလဲ။

မိဘမဲ့ (သို့) မိဘတစ်ဦးရှိ၊ မိဘရှိပေမယ့် လုံးဝအဆင်မပြေတဲ့ကလေးတွေကို လက်ခံပါတယ်။ ဦးတည်ချက်ကတော့ ကလေးတွေရဲ့ အနာဂါတ်ကောင်းဖို့ အတွက်ပေါ့။

ကလေးတွေရဲ့ ရှေ့ရေးကို ဘယ်လိုအတိုင်းအတာထိ ကြည့်ရှုသလဲ။

ဆယ်တန်းပြီးသွားတဲ့ကလေးတွေဆိုရင် အလုပ်အကိုင်အခွင့်အလမ်းတွေ ချပြတယ်၊ သူတို့စိတ်ဝင်စားတဲ့အရာကို ရွေးချယ်စေတယ်။ ကျောင်းဆက်တက်ချင်တယ် ဆိုရင်လည်း ဆက်လက်ထောက်ပံ့ပေးတယ်ပေါ့နော်။ အဓိက ကတော့ ကလေးရဲ့ အခြေအနေ စိတ်ဝင်စားမှုအပေါ်မှာမူတည်ပြီး အခြေတကျ ဖြစ်စေတဲ့အထိ တာဝန်ယူတယ်ပေါ့နော်။

ကလေးတွေအနေနဲ့ ဘာတွေပြန်ပေးရမယ်ဆိုပြီးတော့ သတ်မှတ်ထားတာမျိုး ရှိသလား။

သူတို့ ရပ်တည်နိုင်ရင် တော်ပါပြီ။ ကျွန်တော်တို့က မေတ္တာပေးတာ သက်သက်ပါပဲ။ အသင်းတော်အတွက်သော်လည်းကောင်း၊ နိုင်ငံအတွက်သော်လည်းကောင်း၊ အကျိုးပြုတဲ့ စည်းကမ်းရှိတဲ့ကလေးတွေ ဖြစ်ရင် တော်ပါပြီ။

ဘယ်လိုပုံစံမျိုးနဲ့ ကလေးတွေကို ကိုင်တွယ်သလဲပေါ့နော်။

ကျွန်တော်ကိုယ်တိုင်ကလည်း ဘုန်းတော်ကြီးတစ်ပါး ဖြစ်တဲ့အခါမှာ ရှိတဲ့နေရာကလည်း အသင်းတော်၊ မေတ္တာကို အဓိကထားပြီး ကြည့်ရှုတယ်။ တရားဓမ္မနဲ့ ကလေးတွေကို ပုံသွင်းတယ်ပေါ့နော်။

ဒီဂေဟာနဲ့ပတ်သက်ပြီးတော့ ရုန်းကန်ရတဲ့အပိုင်းလေးတွေ ရှိရင်လည်း ပြောပြပေးပါလား။

ကိုယ်ထူကိုယ်ထဆိုတော့ အစပိုင်းမှာ အတော်ပင် ရုန်းကန်ခဲ့ရတယ်ပေါ့နော်။ ဘီးရှော့ကလည်း လုပ်ပါ ပေါ့နော်။ (၂)နှစ်လောက်တော့ ကူပေးတယ်ပေါ့နော်။ အသင်းတော်ကလည်း ထောက်ပံ့တယ်ပေါ့၊ အဲ့လိုနဲ့ ဆက်သွားရာကနေ ဘီးရှော့စတီဗင်လက်ထက်မှာ အဆောင်အသစ်တစ်ခုဆောက်နိုင်ဖို့အတွက် ဆယ့်ငါးသိန်းချပေးခဲ့တယ်။ ဘီးရှော့ကလည်းပံ့ပိုးတယ်၊ အသင်းတော်ကလည်း ထောက်ပံ့တဲ့အခါမှာ ဘုရားကျောင်းဝင်းက သက်သက်၊ ဂေဟာဝင်းက သက်သက် အတည်တကျ ဖြစ်လာခဲ့တယ်ပေါ့နော်။ အဲ့လို မျိုး ဖြစ်နိုင်ဖို့အတွက်လည်း အဖက်ဖက်က ကူညီပေးခဲ့ကြတယ်ပေါ့နော်။ အဓိက ကတော့ ဆုတောင်းခြင်း ပါပဲပေါ့နော်။

ဆရာတို့အနေနဲ့ ရှေ့လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီးတော့ ဘာတွေဆက်လုပ်ဖို့ အစီအစဉ်ရှိသလဲ ပြောပြပေးပါဦး။

ခေါင်းဆောင်တွေ ဆက်လက်မွေးထုတ်မယ်၊ ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ ဝပ်ရှော့သင်တန်းတွေ ဖွင့်ပေးမယ်၊ အခြားအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီးတော့ Traffcking, Life skills တို့ စတာတွေ ပို့ချမယ်။ အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်တဲ့ သင်တန်းတွေ ဆက်လုပ်ပေးမယ်။ သူတစ်ပါးတွေ အတွက် စံပြဖြစ်စေဖို့ လုပ်နိုင်သရွေ့ ဆက်လုပ်သွားမယ်ပေါ့နော်။

ဆရာ့အနေနဲ့ ရှာလုမ်စာဖတ်ပရိတ်သတ်ကြီးကို စကားလက်ဆောင်လေး ပေးပါဦး။

ကျွန်တော်ပြောချင်တာကတော့ တစ်ယောက်စီတိုင်း ဝိညာဉ် ပြည့်ဝဖို့ လိုတယ်။ ဘုရားသခင်ရဲ့ လမ်းပြမှုကို ခံယူရမယ်၊ ယုံကြည်ခြင်းအပြည့်နဲ့ အလုပ်လုပ်ရင် အရာရာတိုင်းကို အောင်မြင်အောင် လုပ်ဆောင်နိုင်မှာ ဖြစ်တယ်။ သူများတွေလည်း ဒီလိုကိစ္စတွေ လုပ်နေကြတာပဲ ပေါ့နော်။ ကျွန်တော်တို့လည်း လုပ်နိုင်မယ်ဆိုတာကို သိစေချင်ပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ဆရာ့ကို ကျေးဇူးအများကြီးတင်ပါတယ်။

ဟုတ်ကဲ့၊ ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်။









# God's Word that gives Light

S.M Rose

In this world we have both light and darkness. During the day we have light frome the sun and we can see clearly the things surrounding us that gives us courage, confidence and security. But when night comes darkness sets in and everything around us becomes dark and nothing can be seen without the aid of man made light such as electrical appliances, candles, lamps, firewood etc. Darkness enhanced our fear, doubt, insecurity and a sense of danger.

Every bad and evil deeds are done in the dark more than in the light. We all prefer light to darkness but some people who do evil deeds prefer darkness to conceal them. In Bible teaches us about the Word as a lamp to our feet and a light to our path. (Ps 119:105) It means that Light comes from the word of God. The world in which we live is full of darkness and evil is more evident than goodness. Even though we have light from the sun and from man-made artificial light we are still living in the dark and do all the sinful deeds that God despised. Why is God's Word a light to the world? Because it teaches us;

(1). The Difference between right and wrong.
(2). A map to guide us.
(3). Helps us find wisdom.
(4). It's truth never change.
(5). It's not for information but transformation.
(6). Our Responsibility to pass it on.
(7). Cannot know unless we read it.
(8). Must be put into practice.

**1. The Difference between right and wrong.**

Have you even known a truly good and innocent person who was punished? Experience teaches that it is those who saw sin and trouble who harvest the came. (Job 4:7-8) Life Application Bible.

Part of what Eliphag said is true and part is false. It is true that those who promote sin and trouble will eventually be punished; it is false that anyone who is good and innocent will never suffer. All that recorded and quoted in the Bible is there by God's choice. Some is there as a record of what people said and did, but not as an example to follow. The Bible gives us teachings and examples of what we should do as well as what we should not do.

**2. A map to guide us.**

"I am but a pilgrim here on earth; how I need a map and your commands are my chart and guide." Ps 119:19 LAB.

As we travel through life, the Bible should be our road map, pointing our safe routes, obstacles to avoid, and our final destination. We must recognize ourselves as "pilgrims" travellers here on earth, who need to study "God's Map" to learn the way. If we ignore the map we will wander aimlessly through life and risk missing our real destination.

**3. Helps us find wisdom.**

"Nothing is perfect expect your words . . . they make me wiser than my enemies, because they are my constant guide . . . I have refused to walk the paths of evil for I will remain obedient to your word . . . And since only your rules gives me wisdom and understanding . . . I will obey these wonderful laws of yours. Your words are a Flashlight to light the path ahead of me and keep me from stumbling. (Ps 119:96-105) LAB.

God's Word makes us wiser than our enemies, wiser than any teachers who ignore it. True wisdom is not amassing knowledge but applying knowledge in a life changing way. Wisdom comes from allowing what God teaches to make a difference in our lives.

**4. Its truth never change.**

"Heaven and earth shall disappear, but my words stand sure forever" MK 13:31 LAB. Jesus tells us however, that while we can be sure the earth will pass all away, the truth of his Words will never be changed or abolished, and his Word provide the only slability in our unstable world. How short-sighted to speed so much of our time learning about this temporary world and accumulating its possessions while neglecting the Bible and its truth.

**5. It is not for information but for transformation.**

"The same Good News that come to you is going out all over the world, and changing





lives everywhere, just as it changed yours that very first day you heard it and understood about God's kindness to siners" Col 1:6 LAB.

Whenever Paul went, he preached the gosple to Gentile audiences, to Jewish leaders and even to the Roman guards. Whenever people believed in the message he spoke, they were changed. God's Word is not just for information it is for our transformation. Becoming a Christian means beginning a whole new relationship with God, not just turning a new leaf or trying to do right. New believers have a changed purpose, direction, attitude and behaviour. They no longer seek to sserve themselves but to serve God.

**6. Our Responsibility to pass it on.**

"Write down all these things I'm going to do says the Lord, and seal it up for the future. Entrust it to some godly man to pass on down to godly men of future genetations. (Is 8:16)LAB

Because some people faithfully passed or these words from generation t generation, we have the book of Isiah today. Each of us need to accept the responsibility to pass on God's Word to our children and grandchildren, encouraging them to love the Bible, read it and learn from it. Then they will faithfully pass it on to their children and grandchildren.

**7. Cannot know unless we read it.**

"As the king stood before them, he made a pledge to the Lord to follow his commandments with all his heart and soul and do what was written in the scroll. (2 Chr 34:31) LAB.

"The copy of the laws shall be his constant companion. He must read from it every day of his life so that he will learn to respect the Lord his God by obeying all of his commandments. (Deut 17:19) LAB.

We can't know what God wants unless we read his Lord and his Word won't affect our lives unless we read and think about it regularly. The Bible is God's Word to us, full of living power but we cannot know what God wants us to do if we do not read it. And even reading God's Word is not enough, we must be willing to do what it says. God knows how easily we forget. We like the Israelites constantly need to review what God says. We should not read the Bible as we do most other books, once through quickly. We should read it daily as a constant reminder of who God is and what we can become.

**8. Must be put into practice.**

"Let false prophets tell their dreams and let my true messagers faithfully proclaim my every word. There is difference between chaff and wheat." (Jer 23:28) LAB.

True prophets and false prophets are as different as chaff and wheat. Worthless chaff blows away the wind while wheat remains to nourish many. To share God's Word is a great responsibility, because the way we present it and live it will encourage people either to accept it

or reject it. Whether we speak from a pulpit, teach in a class, or share with friends, we are entrusted with accurately communicating and living out God's Word. As you share God's Word with friends and neighbours, they will look for its effectivceness in your life. Unless it has changed you, why should they let it change them?

When we have the light from the Word of God we must not hide it by being quite when we should speak; going along with the crowd; denying the Light; letting sin dim our light; ignoring the needs of others but to be a beacon of truth that shines to the rest of the world.

Christ is the true light. He helps us see our way to God and shows us how to walk along the way. Christ has chosen us to reflect his light to an unbeliveing world. The word witness indicates our role as reflectors of Christ's light. As Christian we are to be Christ's "Light bearls" letting his light shine through our lives.

If a lamp doesn't help people see, it is useless. Complacency, resentment, stubbornness of heart or disobedience could be the things that keep God's light from shining.The light of Jesus truth is revealed t us through his Word. Only as we put God's teachings into practice we will understand and see more of the light. The truth is clear but the ability to understand is imperfect. As we obey we will sharpen our vision and increase our understanding. It is important to know what God's Word says, but it is much more important to obey it. The effectiveness of our Bible Study time can be measured by the effect it has on our behaviour and altitudes.

### God's Light exposes darkness of sin.

"God is Light and in him is no darkness at all. so if we say we are his friends but go on living in spiritual darkness and sin, we are lying" (1 Jn 1:5-6) LAB.

Light represents what is good, pure, true, holy and reliable. Darkness represents sin and evil. To say God is Light means that God is perfectly holy and true, and that he alone can guide us out of the darkness of sin. In the dark good and evil look alike, in the light they can be clearly distinguished. Jesus is Light to mankind. " Eternal life is in Him and this life gives light to all mankind". (Jn 1:4) LAB.

Why is eternal life in Christ a light to all mankind? Because death brings eternal darkness and only Christ's eternal life planted in us will keep us alive in his kingdom for eternity. Christ is eternally alive because he is God. He came to earth to offer mankind the hope and light of his eternal life. It can't be bought, only received as a gift. But Jesus gives it only to those who want it. When we follow Jesus the Light, we can avoid walking blindly and fallen into sin. He lights the path ahead of us so we can see how to live. He removes the darkness of sin from our lives. Have we allowed the Light of Christ to shine into our lives? Let us pray that Christ would bring light to our lives and we would never need to stumble in darkness.

May God's Word that gives Light shines through you.

Sincerely

**S.M Rose.**





# "DEATH" is Nothing but "HAPPINESS"

Phyu Sin

I thank God for all His countless BLESSINGS: especially for (1) creating me, (2) letting me life healthily for sixty years and above all and (3) showing me pratically that Death means Happiness.

Four years ago, on the 15th of August 2010, about 10 p.m, while I was watching T.V. I felt so uncomfortable that I went upstair to go to bed. I harelly reached my room when I almost collapsed. I lay down on the floor and said to my sister who was already in bed. ( She came to sleep with me because I was alone that night.)

I . . . . " Something very awkward is happening to me. I want to go to bathroom desperately and want to vomit too."

My sister . . . . " I'll get you a bedpan and a bowl."

I had a lot of stool discharge and vomitted a lot, all in back. She phoned he husband, and soon her daughter and son-in-law(a doctor) arrived. Seeing my condition, and after taking my blood pressure, he suggested I had to be taken to the hospital at once. Lying at the back of their car (a publica) I was taken to the emergency department of North Okkalapa General Hospital. After a doctor examined me, I was admitted to the hospital as an in-patient. I was given oxygen and other medical treatments.

On the second night in hospital, that was the 16th of August, I became testless and unable to get urinate although I wanted to. I struggled to get up out of bed. My relatives near my bed pushed me back ( of course gently) asking me to lie down. I was so angry that I pinched their hands and scratched the hair of one. What I was talking were nonsence.

I was told later that my sister was very worried and thought something worse than that could have happened to me. So she phoned our parish priest. I was aware that I saw our parish priest wearing a white shirt among a crowd of people, and then I had a total blackout. I didn't even know he had prayed for me and anointed my head. On Tuesday, the 17th of August, about three O'colck in the early morning, I was able to urinate and I felt much confortable. But still I thought I was at home and asked my niece who was there to bring things I needed from

ownstair. Moreover, the wall facing me was like a hill and a white cart was coming down from the top of the hill. ( I could still recall it now while writing this article.) When it reached the bottom, the cart was on top of the hill again. So I asked my nephew near me

I . . . . " Look at that cart ! after reaching the foot of the hill, why is it at the top again"

Nephew . . . . " Somebody is showing a video film" ( He said just to please me)

I . . . . " Really ?" ( I believed at them)

By nine a.m I was almost normal mentally. I was told that I had to be transferred to the cardiac medical ward of Yangon General Hospital ( Y.G.H). A doctor also told me about pace-maker (ESvHk;ckefpuf) and how it works when implanted inside the body.

I was taken to Y.G.H. on the same day. I was assigned to the room where Dr. Smile ( not a real name) was incharge, so I became her patient. After being examined and given medi-cal treatments I felt better. I learnt that I was suffering from early sick sinus syndrome ( a set of irregular heart beat).

Dr. Smile . . . ." Aunty, you may have to undergo a pacemaker implantation. (နှလုံးခုန်စက်ထည့်သွင်းခြင်း) I don't know when. If you feel dizzy and uncomfortabe, Just come to the emergency Department. I or my assistants are always at the cardiac medical unit to help."

I . . . . " Thank you, doctor."

I was discharged from the hospital on the 20th August.

After six months, on the 21st february. I felt dizzy and the same thing happened to me again, but not as serious as the former. My cousin who stays with me took me to the emergency department of Y.G.H. The physician at the department examined my condition and I was gain admitted as an in patient to the cardiac medical ward. Again I understand several medical tests and finally Dr. Smile and her assiatants came to my room.

Dr. Smile . . . . " Aunty, you have to undergo a pacemaker implantation"

I . . . . " I'm sorry, I don't want to."

Dr. Smile . . . . " Why? there is a pacemaker donor, so it will costs you only three or four lakhs."

I . . . . " Can I think it over?"

Dr. Smile . . . . " Yes, we can't give you much time. You know, if you do not do that, you may feel dizzy any time and if you collapse and hurt yourself, you'll be in real trouble. Moreover, being admitted as an in-patient again and again is not good for you as well as for us."

I . . . . " Thank you for giving me time to think."

Dr. Smile . . . . " Don't take too long. We are busy."

I . . . . " Thanks."

All my relatives urged me to undergo the surgery. So, without my will, I decided to do so. I was again discharged from hospital on the 24th of february. Dr. Smile told me to come back on the 2nd of March to undergo the pacemaker inplantation on the 3rd of the same month.





On the 2nd March I went again to the emergency ward of Y.G.H. After some medical check-up I was admitted to the cardiac medical ward, ready to undergo the operation the next day.

I said to myself . . . . " What should I pray? I'll be free from this heart disease if I die during the operation. But how ungrateful of me to pray like that how will Dr. Smile and her team feel? No, I must ask to make this operation a success."

During the operation I though I was dying several times. Something made me so happy to learn that I was going to die. I realized that all those worldly troubles on earth will end- no more sorrow, no more pain, no more worries etc. But, to my surprise I was conscious again and again and finally the operation finished successfully.

I must admit that without the work of God I would not survive. I believe that God wants me to live longer on earth before He calls me Home.

**Note**

* God took me to the hospital in time.

* God had prepared a pacemaker for me. I did not have enough money to pay for a pacemaker which costs more than twenty Lakhs. ( The donors are a group of doctors from Aus-tralia. I was in the ward when they visited and did some operations in the cardiac medical ward. They donated pacemakers for patients and Dr. Smile gave one to me because I was a govern-ment employee and is a pensioner.

* God ask Dr. Smile to do the surgery free of charge.

* God had shown me practically that Death means Happiness. So I am ready and will-ing to die.

So

* I thank God for what he had done for me.

* I thank my parish priest for his prayers at the hospital.

* I thank the donors of the pacemaker.

* I thank my relatives for their love and kindness.

* I thank my teachers, colleagues and friends for their concerns.

* I thank Dr. Smile for her talents and treatments, and performing the operation free of charge.

* I thank Doctors and Nurses of the cardiac medical units of the Yangon General Hospital and North Okkalapa General Hospital for their services.

Phyu Sin




SAYAMA GYI TAUNG
2ND PRIZE
2013-2014




SAYAR JAMES BRANG MAI
1ST PRIZE
2013-2014




SAYAR PTER THEIN MAUNG
3RD PRIZE)
2013-2014

# Wash one another's FEET



GRAPHIC DESIGN : THOMAS NAY LYNN 2015

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
အမှတ် (၁၀၄)၊ အင်းယားလမ်း
ကမာရွတ်၊ ရန်ကုန်

အသင်းတော်တွင်းကန့်သတ်